# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# နို့စားနွားမွေးမြူရေးခြံနှင့် ပေတော ခေတ်မီဥစားကြက်ခြံ စီမံကိန်းသို့ သွားရောက်လေ့လာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် နို့စားနွားမွေးမြူရေးခြံ နို့ပေါင်းစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် နို့စားနွား မွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံနှင့် ပေတောခေတ်မီ ဥစားကြက်ခြံစီမံကိန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် နို့စားနွား မွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံသို့ ရောက်ရှိကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✽



အတွေ့အကြုံကြွယ်ဝလာပြီဖြစ်သော လွှတ်တော်များ စာ » ၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ စာ » ၇

အမေရိကန်သမ္မတ အီရန်ခေါင်းဆောင်ကို အချိန်မရွေး တွေ့ဆုံရန် အဆင်သင့်ဖြစ်ဟု ပြောကြား စာ » ၁၄



KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# ဘင်းမ်စတက်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ

ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ **(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation)** ကို အတိုကောက်အားဖြင့် ဘင်းမ်စတက် **(BIMSTEC)**ဟု ခေါ်ပါသည်။ ဘင်းမ်စတက်အဖွဲ့၌ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ပါသည်။ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံအားလုံးရှိ လူဦးရေကို ပေါင်းလိုက်ပါက ၁ ဒသမ ၅ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၂၁ ရာခိုင်နှုန်း ရှိပါသည်။ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတို့၏ ဂျီဒီပီ **(GDP)** ကို စုပေါင်းပါကလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံ ရှိပါသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံး၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျ၍ အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတို့ကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အလေးအနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ ဤသို့သော လိုအပ်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဘင်းမ်စတက်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်လာစေရေး ဖြစ်ပါသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လုပ်ကွက်ငယ် လယ်သမားတို့သည် အရေးပါသော လူမှု-စီးပွားရေး အင်အားစုဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဤဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တို့ကို လုပ်ကွက်ငယ် လယ်သမားတို့ ရရှိခံစားနိုင်ရေးသည် အရေးပါသော လိုအပ်ချက်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းရာ၌ သက်ဆိုင်ရာ နိုင်ငံတို့၏ အစိုးရအင်အားသက်သက်ဖြင့် အကောင်အထည်ဖော်မည်ဆိုပါက ပြည့်စုံနိုင်မည်မဟုတ်ပါ။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှသာ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ဖြည့်ဆည်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဤလိုအပ်ချက်အပေါ် မူတည်လျက် ယခုကျင်းပနေသော အလုပ်ရုံဆွေးနွေးပွဲ၌ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံအလိုက် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး အခြေအနေတို့ကို ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆွေးနွေးကြရာ၌ အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးရေးအပါအဝင် ဆန်စပါးနှင့် ပဲအမျိုးမျိုးတို့၏ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အားနည်းချက် အားသာချက်တို့အား သုံးသပ်ကြမည်ဖြစ်ပါသည်။ ထို့အတူ စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နိုင်ငံအလိုက် စံနှုန်းများနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စတို့ကိုလည်း ဆွေးနွေးကြမည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ လုပ်ကွက်ငယ်လယ်သမားတို့၏ဘဝ တိုးတက်ရေးကိုပါ ဦးတည်ကျင်းပနေခြင်းဖြစ်၍ လေးနက်စွာ ကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။ ။

## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ကူးပြောင်းမှု လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ပြည်သူများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး၊ မူးယစ်ဆေးဝါးမှုခင်းအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများအတွက် နှစ်နိုင်ငံ တရားစွဲအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်သည့် တရားစီရင်ရေးစနစ် အားကောင်းခိုင်မာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးနှင့် ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၂/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ ဦးကျော်ကျော်မောင် ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




## ဒဂုံမြို့သစ်(တောင်ပိုင်း) 33 KV သာကေတ-ဒဂုံတောင်လိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၃၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ကွပ်ကဲမှုအောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အတွင်းရှိ ရွှေလီလမ်း၊ စက်မှုပတ်လမ်း၊ ရတနာပုံလမ်း၊ ပင်လုံလမ်း၊ ပြည်ထောင်စုလမ်း၊ ရောဝဏ်လမ်း၊ ကွေ့မလမ်း၊ ရောဝတီလမ်းများတွင် ကြွေသီးဟောင်း ၂၀၁ လုံး လဲလှယ်ခြင်း၊ ငှက်မနား အခု ၂၀ တပ်ဆင်ခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လိုင်းကြိုးများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အရာထမ်း၊ အမှုထမ်း အင်အား ၁၃၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများက လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းက အလှူငွေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ၏ စေတနာဖြင့် စုပေါင်းထည့်ဝင်ကြသော အလှူငွေနှင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းမှ လှူဒါန်းငွေ စုစုပေါင်း အလှူငွေကျပ် ၁၅ သိန်းကို ရေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရိုးရာအစားအစာပြပွဲ - ၂၀၁၈ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာ့ရိုးရာအစားအစာများနှင့် ဒေသအလိုက် လူကြိုက်များထင်ရှားသော ရိုးရာအစားအစာများကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုသိရှိစေရန်အတွက် မြန်မာ့ရိုးရာအစားအစာပြပွဲ - ၂၀၁၈ (Myanmar Traditional Food Show - 2018) ကို ပုဂံမြို့ရှိ လောကနန္ဒာဘုရားဈေးပွဲတော်တွင် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ရာ ပုဂံဒေသရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာရင်း မြန်မာ့ရိုးရာအစားအစာများကို လာရောက်အားပေးသုံးဆောင်နိုင်ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**




## ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ မိုဘိုင်းစာအုပ်ငှားရမ်းခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပဲခူး ဇူလိုင် ၃၁**

ပဲခူးမြို့ရှိ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်ကြသော ရေဘေးရှောင်ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် အသိပညာတိုးပွားစေရေးအတွက်



ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇူလိုင် ၃၁ ရက်တွင် မွန်ဓမ္မာရုံရေဘေးကယ်ဆယ်ရေးစခန်းတွင် မိုဘိုင်းစာအုပ်ငှားရမ်းခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။

ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ယခုလို စာအုပ်များ လာရောက်ငှားရမ်းပေးသည့်အတွက် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ ရေဘေးကြောင့် စိတ်သောကရောက်နေမှု အပန်းပြေစေပါကြောင်း၊ စာအုပ်များဖတ်ရှုရသည့်အတွက် ဗဟုသုတများလည်းရရှိပါကြောင်း၊ ကလေးငယ်များကိုလည်း စာဖတ်သည့် အလေ့အကျင့်ရရှိသည့် အကျိုးရှိပါကြောင်း မွန်ဓမ္မာရုံကယ်ဆယ်ရေးစခန်းတွင် လာရောက်နေထိုင်သူ ဦးလှမောင်က ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

✽ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာစီပီ မွေးမြူရေးကုမ္ပဏီလီမိတက် CEO Mr. Sooksunt က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နည်းပညာထောက်ပံ့ရေးဌာန ဌာနမှူး ဒေါက်တာမင်းသစ်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ယင်းစီမံကိန်းအား နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ကျေးလက်ဒေသနှင့် စီပီကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေမှု၊ နို့စားနွားများ စနစ်တကျမွေးမြူထားရှိမှုနှင့် နို့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ဖြန့်ချိနေမှုအခြေအနေ ရှင်းလင်း**

ဆက်လက်၍ မြန်မာစီပီမွေးမြူရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ Mr.Wirat က စီပီ ကုမ္ပဏီအနေဖြင့် နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမှု၊ နွားနို့၊ ကြက်ဥနှင့် အသားစသည့် ထုတ်ကုန်များ ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေ၊ နေပြည်တော်တွင် ဆောင်ရွက်နေသည့် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံတွင် အဆင့်မြင့် နည်းပညာဖြင့် နို့စားနွားများ မွေးမြူထားရှိမှု၊ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသည့် နွားနို့များ ထုတ်လုပ်နေမှုနှင့် ဈေးကွက်အတွင်း ဖြန့်ချိနေမှု အခြေအနေတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

**သန့်ရှင်းလတ်ဆတ်သောနို့ထုတ်လုပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူမှုစနစ်၊ အစားအစာကျွေးမွေးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှု စနစ်၊ အညစ်အကြေးစွန့်ပစ်မှုစနစ်၊ ရောဂါပိုးမွှားကင်းစင်ရေး ဆောင်ရွက်ထားရှိမှု စနစ်နှင့် သန့်ရှင်းလတ်ဆတ်သော နို့ထုတ်လုပ်မှုစနစ်တို့ကို လိုက်လံကြည့်ရှုလေ့လာရာ နည်းပညာထောက်ပံ့ရေးဌာန ဌာနမှူး ဒေါက်တာမင်းသစ်လွင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် နေပြည်တော် နို့စားနွား မွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံမှ တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CP Group သည် မြန်မာပြည်သူများ အာဟာရမျှတ ကောင်းမွန်စွာ စားသောက်နိုင်စေရန်၊ နို့စားနွားမွေးမြူရေးသမားများ၊ မွေးမြူရေးနှင့် ကုသရေးဆေးကျောင်းသားများအတွက် အအေးပေးစနစ်ဖြင့် နွားမွေးမြူခြင်းနှင့် ပေါင်းတင်ပိုးသတ် နွားနို့ထုတ်လုပ်ခြင်းကို လေ့လာနိုင်ရေးအတွက် ရှေ့ပြေးသုတေသနခြံနှင့် နို့ပေါင်းစက်ရုံတည်ဆောက်ရန် သဘောတူညီမှုရရှိခဲ့သည်။

***စာမျက်နှာ ၄ သို့***



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံ စီမံကိန်းရှင်းလင်းဆောင်၌ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ သတင်းစဉ်

**❝ ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CP Group သည် မြန်မာပြည်သူများ အာဟာရမျှတ ကောင်းမွန်စွာ စားသောက်နိုင်စေရန်၊ နို့စားနွားမွေးမြူရေးသမားများ၊ မွေးမြူရေးနှင့် ကုသရေးဆေးကျောင်းသားများအတွက် အအေးပေးစနစ်ဖြင့် နွားမွေးမြူခြင်းနှင့် ပေါင်းတင်ပိုးသတ် နွားနို့ထုတ်လုပ်ခြင်းကို လေ့လာနိုင်ရေးအတွက် ရှေ့ပြေးသုတေသနခြံနှင့် နို့ပေါင်းစက်ရုံ တည်ဆောက်ရန် သဘောတူညီမှုရရှိခဲ့ ❞**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် နို့စားနွား မွေးမြူရေးခြံအတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်အစိုးရသည် နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ အသားဓာတ်အရင်းအမြစ် ကြွယ်ဝစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၂၁၆ မိုင်၅ ဖာလုံအနီးရှိ မြေအကျယ်ဝန်း ၃၆ ဧကပေါ်တွင် တည်ဆောက်ထားသည်။ နေပြည်တော် နို့စားနွားခြံကို အလုံပိတ် အအေးပေးစနစ်ဖြင့် တည်ဆောက်ထားပြီး ယင်းမွေးမြူရေးခြံတွင် မွေးမြူထားသော နို့စားနွားများမှာ အမေရိကန်မျိုး နို့ထွက်နှုန်း အကောင်းဆုံးနွားများဖြစ်ကာ လက်ရှိတွင် နွားကောင်ရေ ၇၈ ကောင်ရှိပြီး နို့ညှစ်နွားမ ၃၆ ကောင်ရှိရာ တစ်ကောင်လျှင် တစ်ရက် နွားနို့ပျမ်းမျှ ၂၂ လီတာ ထွက်ရှိကြောင်း သိရသည်။

**အကျိုးအမြတ်ခံစားရမည့်အခြေအနေ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံ စီမံကိန်းသို့ ရောက်ရှိကြရာ မြန်မာစီပီ မွေးမြူရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကျေးရွာရန်ပုံငွေ စီမံကိန်း စတင်ဆောင်ရွက်မှု၊ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်း၍ ဥစားကြက်ခြံစီမံကိန်းဆောင်ရွက်မှု၊ အကျိုးအမြတ်ခံစားရမည့် အခြေအနေ၊ စီမံကိန်းပြီးစီးမှုနှင့် စီမံကိန်းလုပ်ငန်းများ စတင်လည်ပတ်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ်မီဥစားကြက်ခြံစီမံကိန်း ရှင်းလင်းဆောင်ဌပေတောကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခုစီမံကိန်းတွင် ကျေးရွာသူရွာသားများအနေဖြင့် အားလုံးညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာရန်ပုံငွေကော်မတီအနေဖြင့် ဘက်လိုက်မှုမရှိဘဲ မျှမျှတတ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အခက်အခဲပြဿနာများ ကြုံတွေ့ပါက ညှိနှိုင်းတိုင်ပင်ပြီး အားလုံးပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာနှင့် ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အရေးကြီးဆုံးမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကလေးငယ်များသည် ကျန်းမာရေးကောင်းမွန်မှ ပညာကောင်းစွာ သင်ယူနိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဘဝလုံး ကောင်းမွန်ရန်အတွက် ပညာတတ်ရန် လိုအပ်ပါကြောင်း၊ ကလေးငယ်များ ကျန်းမာရေးကောင်းမွန်ရန်အတွက် မိမိတို့ ဒေသမှထွက်ရှိသည့် အာဟာရပြည့်ဝသော အစားအစာများ ရွေးချယ်ကျွေးမွေးကြရန်နှင့် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရန်အတွက်လည်း အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတောကျေးရွာ၏ စာသင်ကျောင်းတွင် ဆရာ ဆရာမ၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများလုံလောက်မှု ရှိ၊ မရှိ အခြေအနေ၊ ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးရွာ လျှပ်စစ်မီးရရှိမှု၊ စိုက်ပျိုးရေရရှိမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတောဥစားကြက်ခြံ တည်ဆောက်ပြီးစီးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတောကျေးရွာရှိ သီရိသုခရတနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဝနအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကာ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားပြီး မူလတန်းကျောင်းသား ကျောင်းသူများ၏ စာဖတ်၊ ကဗျာရွတ်၊ ပုံဆွဲ၊ အဆို၊ အက စွမ်းရည်များကို လှည့်လည်ကြည့်ရှုအားပေးသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မူလတန်းကျောင်းသား ကျောင်းသူများ၏ စာဖတ်၊ ကဗျာရွတ်၊ ပုံဆွဲ၊ အဆို၊ အက စွမ်းရည်များကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ခေတ်မီ ဥစားကြက်ခြံမွေးမြူရေး စီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီမံကိန်းကို ငွေကျပ်သိန်းနှစ်သောင်း ရင်းနှီးမြှုပ်နှံ၍ ဇီဝလုံခြုံမှုရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေသော ခေတ်မီမွေးမြူရေးခြံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် စီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပြီး ယခုနှစ်ဩဂုတ်လအတွင်း မွေးမြူရေးလုပ်ငန်းများ စတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတွင် မွေးမြူရေးခြံတစ်ခြံလျှင် ကြက်အကောင်ရေ ၂၅၀၀၀ ဆံ့သည့် ဥစားကြက်မွေးမြူရေးခြံသုံးခြံပါဝင်ပြီး ခေတ်မီမွေးမြူရေးစက်ကိရိယာများကို အသုံးပြု၍ အလုံပိတ်စနစ်ဖြင့် မွေးမြူသော ဥစားကြက်ခြံဖြစ်ကြောင်း၊ အလိုအလျောက် အစာကျွေးစနစ်၊ အညစ်အကြေး အလိုအလျောက် စွန့်ထုတ်စနစ်၊ ကြက်ဥအရွယ်အစားခွဲခြားမှုစနစ်နှင့် အလိုအလျောက် ကြက်ဥပို့ဆောင် ထုပ်ပိုးစနစ်အပါအဝင် အစာသိုလှောင်ကန်၊ အအေးခံပြား၊ ကြက်ဥကောက်စနစ်၊ လေဝင်လေထွက်စနစ်များကို ခေတ်မီနည်းပညာများဖြင့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပေတောဥစားကြက်ခြံ မွေးမြူရေးစီမံကိန်းမှ လုံခြုံစိတ်ချပြီး ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရပြည့်ဝသည့် ကြက်ဥများကို တစ်ရက်လျှင် အလုံးရေ ၆၀၀၀၀ ကျော် ဈေးကွက်အတွင်း ဖြန့်ချိရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အကျိုးအမြတ်ခွဲဝေခံစားခွင့်ရရှိ**

ပေတောကျေးရွာအနေဖြင့် စီမံကိန်းစတင်ချိန်မှစတင်၍ နှစ်စဉ် မြေငှားရမ်းခ ငွေကျပ်သိန်း ၆၀ ရရှိနေမည်ဖြစ်ပြီး ၁၀ နှစ်ပြည့်မြောက်ချိန်တွင် ကြက်မွေးမြူရေး စီမံကိန်းတစ်ခုလုံးကို ကျေးရွာပိုင်အဖြစ် လွှဲပြောင်းရရှိမည်ဖြစ်ကာ ပေတောကျေးရွာရှိ အိမ်ထောင်စုတစ်စုချင်းစီအလိုက် အကျိုးအမြတ် ခွဲဝေခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်ဆွေ ဂါနာသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

ဂါနာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၇ ရက်တွင် အက်ကရာမြို့၌ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ နန အဒို ဒန့်ဝါ အကူဖို အဒို ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၂၆ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ မိုက်ကယ်မိုလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပတ်ဝန်းကျင်တွင် ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များက ရတနာတန်းဝင် ကျွန်းပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အရာထမ်း၊ အမှုထမ်းများက ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းနှင့် ချယ်ရီပင်များကို စုပေါင်းစိုက်ပျိုးကြရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းနှင့် ချယ်ရီစသည့် အပင်ပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ရတနာတန်းဝင် ကျွန်းပင်များ စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Panna Institute ၏ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Panna I nstitute ၏ အမှုဆောင်အရာရှိချုပ် ဦးဖေအောင်ဇင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် Panna Institute အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အိုင်တီနည်းပညာ အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူမှုမီဒီယာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့ဆက်ဆံရေးကဏ္ဍ၊ ပြည်သူနှင့် စဉ်ဆက်မပြတ် ထိတွေ့နိုင်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပလက်ဖောင်း (ICT- Information and Communicat- ion Technology Platform ) စသည့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

**မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် အပြည်ပြည်ဆိုင်ရာဓာတ်ပုံအဖွဲ့အစည်း(FIAP)တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲကျင်းပရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းထံမှ သိရသည်။**

"ကမ္ဘာမှာ ဓာတ်ပုံပညာအဆင့်အတန်းရှိတဲ့ FIAP ဆိုတဲ့အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ ဒီနှစ်မှာ နိုင်ငံတကာပြိုင်ပွဲကြီးတစ်ခုကို ကျင်းပဖို့ စီစဉ်ထားတာရှိတယ်။ အပြည်ပြည်ဆိုင်ရာက ဓာတ်ပုံပညာရှင်တွေ ဖိတ်ခေါ်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ပြိုင်ပွဲကြီးတစ်ခု ကျင်းပမှာပါ" ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်း အတွင်းရေးမှူး ကိုညွန့်နိုင် (ဘော်တွင်း) က ပြောသည်။

အဆိုပါပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမှ ပြည်တွင်းဓာတ်ပုံသမားများကို အတွေ့အကြုံရရှိစေရန် အကြိုပြိုင်ပွဲပြုလုပ်ပေးလျက်ရှိရာ ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၉၀၀ ကျော်လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

မိုးတွင်းကာလတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံသင်တန်းအပတ်စဉ် ၄၇ ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား ၁၀၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

"လက်တွေ့ရိုက်ကူးမှု အနေနဲ့က လစဉ် မော်ဒယ် တစ်ရက်ရိုက်တယ်။ အောက်ဒိုးအနေနဲ့က တစ်ရက်သွားဖြစ်ပါတယ်။ ခုမိုးတွင်းကာလ သင်တန်းလည်း ရှိတော့ သင်တန်းသားတွေအတွက် တစ်လမှာ မော်ဒယ်ကို တစ်ရက်စီစဉ်ပေးတယ်။ အောက်ဒိုးထွက်ပြီး ရိုက်တာကိုလည်း တစ်ရက်စီစဉ်ပေးတယ်" ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်း အတွင်းရေးမှူးက ပြောသည်။

အသင်းအတွင်းရေးမှူးက " ပြီးခဲ့တဲ့ အာဆီယံပွဲတော်မှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံဓာတ်ပုံအသင်းကနေ တစ်ဖက်တစ်လမ်းက ဆလိုက်ရှိုးပြဖို့ ပုံတွေကို နိုင်ငံအနှံ့မှာ သွားပြီးရိုက်ပေးခဲ့တယ်။ ပွဲမှာလည်း ကျွန်တော်တို့ အသင်းသားတွေကနေ မှတ်တမ်းယူတာမျိုးတွေ လုပ်ခဲ့ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

"ဓာတ်ပုံပညာဖြင့် မြန်မာကို ကမ္ဘာ၌ ကျော်ကြားစေအံ့" ဟူသော ဆောင်ပုဒ်ဖြင့် ၁၉၅၀ ပြည့်နှစ်မှ စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် ယခုအခါ အသင်းဝင်ပေါင်း တစ်သောင်းနှစ်ထောင်ကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသည် ကိုရီးယားဓာတ်ပုံအနုပညာအသင်း၏ ဖိတ်ခေါ်ချက်အရ ကိုရီးယားနိုင်ငံ အင်ချွန်းမြို့တွင် နှစ်နိုင်ငံဓာတ်ပုံပညာရပ်များ အပြန်အလှန်ဖလှယ်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် မေလအတွင်း လက်မှတ်ရေးထိုးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ PAFA ဓာတ်ပုံအသင်း၏ ဖိတ်ခေါ်ချက်အရ ... ညီလာခံသို့ စက်တင်ဘာလအတွင်း သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



# လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

**လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌများ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမှာစကားပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သံတွဲ ဇူလိုင် ၃၁ -** ရခိုင်ပြည်နယ် သံတွဲမြို့ စက်မှုလက်မှုသိပ္ပံကျောင်း၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ သံတွဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်နှင့် မြို့မစခန်းမှူး ဒုတိယရဲမှူး သက်စိုးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃၁ -** နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# အတွေ့အကြုံကြွယ်ဝလာပြီဖြစ်သော လွှတ်တော်များ

**မေနွယ်အေး**

ဒီမိုကရေစီလွှတ်တော် ပါလီမန်များသည် နှစ် ၅၀ ခန့် ကွယ်ပျောက်နေရာမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြန်လည်အသက်ဝင် ရှင်သန်လာပါသည်။ ယနေ့အချိန်တွင် ဒုတိယအကြိမ်လွှတ်တော်များ အောင်မြင်စွာ ကျင်းပနေရာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဒုတိယသက်တမ်း၏ တစ်ဝက် လပေါင်း ၃၀ ပြည့်မြောက်မည်ဖြစ်ပါသည်။ လွှတ်တော်နာယကတာဝန် လွှဲပြောင်းရမည်လည်း ဖြစ်ပါသည်။ သက်တမ်း ခုနစ် နှစ်ခွဲကြာ အချိန်ကာလအတွင်း ရရှိထားသော အတွေ့အကြုံများကို အခြေပြုလျက် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားကို အဓိကထား ဖော်နိုင်သော ပြည်ထောင်စုလွှတ်တော်၏ ကောင်းမြတ်သောအစဉ်အလာများကို ဆက်လက်ဆောင်ကြဉ်း သယ်ဆောင်သွားမည်ဟု မျှော်မှန်းကြည့်ရှုရင်း ပြည်သူများက ဂုဏ်ပြုကြိုဆိုလျက် ရှိကြပါသည်။

**လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်**

လွှတ်တော်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အဖွဲ့အစည်းဖြစ်ပြီး လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်ပါ။ လွှတ်တော်ရှိမှ ဒီမိုကရေစီရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်သည် နိုင်ငံ၏ အသက်သွေးကြောဖြစ်ပါသည်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း **“ပြည်သူ့အသံ- လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်”** ဟူသောဆောင်ပုဒ် ထွက်ပေါ်လာသည်။ အထူးပင် အဓိပ္ပာယ်ပြည့်ဝပြီး ကောင်းမွန်သည်ဟု ပြောစမှတ်ပြုကြပါသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ပါသည်။ ပြည်သူများက ရွေးချယ်တာဝန်ပေးသူများကို ပြည်သူများက (ပြည်သူ့ကိုယ်စားလှယ်များက) ပြဋ္ဌာန်းသည့် ဥပဒေများဖြင့် အုပ်ချုပ်ရပါသည်။ ထို့ကြောင့်ပင် လွှတ်တော်က အတည်ပြုပေးလိုက်သော ဥပဒေများသည် ပြည်သူကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ဖြစ်ရန်လိုပါသည်။ တကယ်တမ်းတွင်မူ လွှတ်တော်က ဆောင်ရွက်သမျှသည် ပြည်သူ့အတွက်ဖြစ်ရပါမည်။ နိုင်ငံကိုအကျိုးပြုရပါမည်။ သို့မှသာ လွှတ်တော်တာဝန် ကျေပွန်ကြပေမည်။ လွှတ်တော်၏ လုပ်ငန်းတာဝန်များတွင် ဥပဒေပြုခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊ အပြန်အလှန် ထိန်းညှိခြင်းတို့ ပါဝင်ပါသည်။ ယင်းတာဝန်များအနက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံးတာဝန်မှာ ဥပဒေပြုခြင်းဖြစ်ပါသည်။

လွှတ်တော်က ဥပဒေပြုနိုင်ရန်အတွက် ဥပဒေကြမ်းများကို လွှတ်တော်သို့ ပထမဦးစွာ တင်သွင်းရပါသည်။ လွှတ်တော်သို့ အများပြည်သူဆိုင်ရာဥပဒေကြမ်းများ (Public Bill) ကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် လွှတ်တော်ကော်မတီများက တင်သွင်းကြပြီး ပုဂ္ဂလိကဥပဒေကြမ်းများ (Private Bill) ကို လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းပါသည်။

**နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်**

လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း၊ ပြည်သူများ အမှန်တကယ်လိုက်နာနိုင်သည့် တရားမျှတသည့် ဥပဒေဖြစ်ခြင်း၊ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ (Treaties and Conventions) နှင့် ညီညွတ်ခြင်း စသည်တို့ရှိရပါမည်။

**လွှတ်တော်သည် ဥပဒေများကို ကိုယ်တိုင်ပြဋ္ဌာန်းရမည်**

ဥပဒေဟုဆိုရာတွင် ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစသည်တို့ ပါဝင်ပါသည်။ လွှတ်တော်သည် ဥပဒေများကို ကိုယ်တိုင်ပြဋ္ဌာန်းရမည်ဖြစ်ပြီး တစ်ဆင့်ခံဥပဒေများကိုမူ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ရှိသလို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းသို့လည်း ပြဋ္ဌာန်းခွင့်ကို အပ်နှင်းနိုင်ပါသည်။

> **“ဥပဒေပြုရေးလုပ်ငန်းတာဝန်သည် လွှတ်တော်၏ အရေးကြီးဆုံးတာဝန်ဖြစ်ပြီး လွှတ်တော်သည် ဥပဒေပြုလုပ်ငန်းစဉ်အားလုံးတွင် တာဝန်ရှိသလို ဥပဒေများကောင်းခြင်း၊ မကောင်းခြင်းမှာလည်း လွှတ်တော်၏ တာဝန်ပင်ဖြစ်ပါသည်။ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ဥပဒေကောင်းများ ပေါ်ထွက်ရန်အတွက် ဥပဒေပြုပြီးနောက် စိစစ်စောင့်ကြည့်သည့်လုပ်ငန်းများကို လွှတ်တော်က စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်”**

ဥပဒေပြုပြီးနောက် ပြဋ္ဌာန်းပြီးဥပဒေများသည် အာဏာသက်ဝင်ခြင်းရှိ မရှိ၊ ဥပဒေပါရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ၊ ဥပဒေပါ ဖွဲ့စည်းရမည့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားခြင်း ရှိ မရှိ၊ ထုတ်ပြန်ရန် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို ထုတ်ပြန်ထားခြင်းရှိ မရှိ၊ ပြည်သူများအနေဖြင့် အမှန်တကယ်လိုက်နာနိုင်ခြင်း ရှိ မရှိ၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် လိုအပ်ခြင်းရှိ မရှိတို့ကို စိစစ်ရမည့်တာဝန်မှာ လွှတ်တော်၏တာဝန်ပင်ဖြစ်ပါသည်။

ထိန်းညှိခြင်းတာဝန်အနေဖြင့် ထုတ်ပြန်ထားသည့်ဥပဒေများကို အစိုးရနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းရှိ မရှိ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ခြင်းရှိ မရှိတို့ကို လွှတ်တော်က စောင့်ကြည့်စိစစ်ရပါသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်သူများ၏ စောင့်ကြည့်ထိန်းညှိခြင်းကိုလည်း ဥပဒေပြုမဏ္ဍိုင်က ခံယူရမည်ဖြစ်ပါသည်။

ကိုယ်စားပြုခြင်းတာဝန်အနေဖြင့် လွှတ်တော်သည် ပြည်သူ့ကိုယ်စား နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သောဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြည်သူတို့၏ လိုအပ်ချက်များကို အချိန်အခါနှင့်အညီ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို လုပ်ဆောင်ပါသည်။

ဥပဒေပြုရေးလုပ်ငန်းတာဝန်သည် လွှတ်တော်၏ အရေးကြီးဆုံးတာဝန်ဖြစ်ပြီး လွှတ်တော်သည် ဥပဒေပြုလုပ်ငန်းစဉ်အားလုံးတွင် တာဝန်ရှိသလို ဥပဒေများကောင်းခြင်း၊ မကောင်းခြင်းမှာလည်း လွှတ်တော်၏တာဝန်ပင်ဖြစ်ပါသည်။ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ဥပဒေကောင်းများ ပေါ်ထွက်ရန်အတွက် ဥပဒေပြုပြီးနောက် စိစစ်စောင့်ကြည့်သည့်လုပ်ငန်းများကို လွှတ်တော်က စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်ဖြစ်၍ လွှတ်တော်၏ တာဝန်သည် ကြီးမားပါသည်။

လွှတ်တော်က စောင့်ကြည့်ထိန်းညှိခြင်းတာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာခြင်းမရှိပါက သက်ဆိုင်သူများကို လိုအပ်သလိုအရေးယူခြင်း လုပ်ဆောင်နိုင်ပါသည်။ ယင်းအာဏာသည် စွပ်စွဲပြစ်တင်နိုင်သည့်အာဏာဖြစ်ပြီး လိုအပ်လျှင် အသုံးပြုနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သို့ အပ်နှင်းထားရှိပါသည်။ ထို့ကြောင့် လွှတ်တော်အနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခွင့်အာဏာ သို့မဟုတ် တပ်ဆင်ထားသည့် လက်နက်များကိုလည်း ထုတ်သုံးနိုင်ပါသည်။

**လပေါင်း ၃၀ ပြည့်**

လွှတ်တော်၏လုပ်ငန်းများဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်မှာ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်အတွက် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် လွှတ်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အလွန်အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ပါသည်။ ကြီးမားများပြားလှသည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် စေတနာနှင့် အရည်အချင်းပြည့်ဝကောင်းမွန်သည်ထက် ကောင်းမွန်ခြင်းအားဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဒုတိယအကြိမ် လွှတ်တော်များ သက်တမ်း၏ တစ်ဝက် လပေါင်း ၃၀ ပြည့်မြောက်သည့် အခါသမယတွင် ဂုဏ်ပြုလိုက်ရပါသည်။ ။

# ကလေးငယ်များအတွက် အာဟာရဖြည့်ဆည်းပေးခြင်းသည် အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ

**နေပြည်တော် ဇူလိုင် ၃၁**

အမျိုးသားအဆင့် ကျောင်းတွင်း အာဟာရကျွေးမွေးရေး အစီအစဉ် လုပ်ငန်းအတွေ့အကြုံ ရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာ သီရိဟိုတယ်၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျောင်းနေအရွယ် ကလေးငယ်များအတွက် အာဟာရ ဖြည့်ဆည်းပေးခြင်းသည် အနာဂတ် လူ့စွမ်းအားအရင်းအမြစ်နှင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို အားလုံးလက်ခံထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၈ - ၂၀၁၉ ခု ပညာသင်နှစ်တွင် အခြေခံပညာအစိုးရကျောင်းများမှာ ကျောင်းသားပေါင်း ကိုးသန်းကျော်နှင့် ကျောင်းပေါင်း ၄၇၀၀၀ ကျော်ရှိသည့်အနက် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို အနည်းငယ်မျှသော ရာခိုင်နှုန်းခန့်သာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီအစဉ်များနှင့် သီးခြားစီဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးရေးလုပ်ငန်းများကို စုစည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဆိုလျှင် ကျောင်းသား ကျောင်းသူများအတွက်သာမက တစ်နိုင်ငံလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လက်ရှိအမျိုးသားအဆင့် ကျောင်းတွင်းအာဟာရကျွေးမွေးရေး အစီအစဉ်အကောင်အထည်ဖော်ခြင်း၊ အာဟာရဖြည့် ဘီစကစ်ကျွေးမွေးခြင်းနှင့် ကျောင်းတွင်းနေ့လယ်စာကျွေးမွေးခြင်း စီမံချက်၏ အောင်မြင်မှုများ၊ သင်ခန်းစာများနှင့် စိန်ခေါ်မှုများကို စူးစမ်းရှာဖွေဖော်ထုတ်သွားကြရန် ဖြစ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားအဆင့် ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်အား ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းအား နေရာအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သူများ၏ အတွေ့အကြုံနှင့် အလေ့အထများမှ သင်ခန်းစာယူပြီး ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ချမှတ်ရန်၊ ကျောင်းတွင်း အာဟာရတိုက်ကျွေးရာ၌ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်၍ လုပ်ငန်းချောမွေ့ကောင်းမွန်သော လမ်းကြောင်းဖြင့် ဆောင်ရွက်နိုင်ရန်၊ မူကြမ်း၊ ရလဒ်နှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းဆိုင်ရာ မူဝါဒမူကြမ်းနှင့် အညွှန်းကိန်းများနှင့် ပတ်သက်ပြီး အဓိကထား ဆွေးနွေးကြရန်ဖြစ်ကြောင်း။




၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်ကာ ပညာရေးဝန်ကြီးဌာန၊ WFP တို့နှင့်ပူးပေါင်းပြီး အမျိုးသားအဆင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည့်နေရာမှ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ Officer Incharge ဖြစ်သူ Mr. Michael Hemling က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဒုတိယတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရာထူးနေရာတွင် ဦးကျော်ကျော်မောင်အား ခန့်အပ်တာဝန်ပေးရန်** ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားကို ရယူအတည်ပြုသည်။

**ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မိုးညှိမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

## တစ်နိုင်ငံလုံး၏ ဥပဒေရေးရာကိစ္စရပ်များကို လွှမ်းခြုံနိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ရန်လို

**ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က တိုင်းပြည်၏ ပကတိအရှိတရားကို သိရှိနိုင်ရန်** ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တိုင်းပြည်အတွက် အဓိကလိုအပ်ချက် ဖြစ်ပါကြောင်း၊ အဖွဲ့၏ လုပ်ငန်းများကို ကောင်းမွန်စွာလည်ပတ်နိုင်ပါက နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် အားတစ်ခု ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ဥပဒေအကူအညီ လိုအပ်နေသည့် ဆင်းရဲသားပြည်သူများအတွက် တိုက်ရိုက်အကူအညီ ပေးနိုင်ရန်လိုအပ်ပြီး တစ်နိုင်ငံလုံး၏ ဥပဒေရေးရာကိစ္စရပ်များကို လွှမ်းခြုံနိုင်သော အားကောင်းမောင်းသန် အဖွဲ့အစည်းတစ်ခုဖြစ်ရန် လိုအပ်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးသည်။

## တရားရုံးများအနေဖြင့် သင့်တင့်သော ခံဝန်များပေးနိုင်ပါက ပြည်သူများအနေဖြင့် ပိုပြီးအဆင်ပြေမည်ဟု ယူဆ

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်**က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ပြစ်မှုဆိုင်ရာဥပဒေများနှင့် ပတ်သက်၍ တရားရုံးများ၊ ရဲဝန်ထမ်းများ၊ ဥပဒေအကျိုးဆောင်များ၊ ရှေ့နေရှေ့ရပ်များ၊ ရဲအချုပ်ခန်းများနှင့် အကျဉ်းထောင်များအတွင်း ဆောင်ရွက်ချက်များ၊ အခြားပြစ်မှုဆိုင်ရာ ဥပဒေများနှင့်ပတ်သက်နေသည့် သက်သေများ၊ တရားလိုများ၊ တရားခံများအတွက်ပါ အထောက်အကူဖြစ်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်၍ ပြည်သူများအကြား အထူးလိုအပ်နေသည့်အဖွဲ့ဖြစ်သည့်အတွက် လှိုက်လှဲစွာကြိုဆိုထောက်ခံပါကြောင်း၊ ထို့အပြင် အာမခံပေးခွင့်ရှိသည့် ပုဒ်မများအရ အာမခံလျှောက်ထားခွင့်ရှိသော စွပ်စွဲခံရသူများ၊ ပြစ်မှုကျူးလွန်သူများက အာမခံများ လျှောက်ထားရာတွင် တရားသူကြီးတစ်ဦးတည်း၏ ဆင်ခြင်တုံတရားအရ အာမခံပေးရမည့် ငွေတန်ဖိုး သတ်မှတ်သည့် အခြေအနေမျိုး၌ သတ်မှတ်အာမခံတန်ဖိုး မပြည့်မီ၍ ရှာမပေးနိုင်သည့် ကာယကံရှင်ပြည်သူများအတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုး ဖြစ်ရသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ အဆိုပါ အခြေအနေမျိုးတွင် တရားရုံးများအနေဖြင့် သင့်တင့်သော ခံဝန်များပေးနိုင်ပါက ပြည်သူများအနေဖြင့် ပိုပြီးအဆင်ပြေမည်ဟု ယူဆပါကြောင်း။

ပြစ်မှုဆိုင်ရာဥပဒေအရ တရားရုံးများသို့ ဦးတိုက်လျှောက်ထားသော ပြစ်မှုများနှင့် ပတ်သက်၍ အချို့သော တရားရုံးများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ စုံစမ်းထောက်လှမ်းခြင်းမပြုဘဲ စွပ်စွဲသူများကိုသာ တစ်ဖက်သတ်စစ်ဆေးပြီး အမှုကို တိုက်ရိုက်လက်ခံအမှုဖွင့်ခြင်းမှာ တရားရုံးအချို့၏ အားနည်းချက်အဖြစ် တွေ့ရှိနေရပါကြောင်း၊ တင်ပြပါအချက်များကို မျှတသော အကူအညီပေးနိုင်မည့်အဖွဲ့အဖြစ် ယူဆသောကြောင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အာမခံပေး၍ရသော မည်သည့်အမှုကိုမဆို အာမခံပေးရမည်

**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း**က တရားရုံးများရှိ အမှုအများစုသည် အာမခံရသင့်သော အမှုများဖြစ်သော်လည်း မရရှိသည်ကို တွေ့ရပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အာမခံပေး၍ရသော မည်သည့်အမှုကိုမဆို အာမခံပေးရမည် ဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် မည်သည့်အမှုကိုမဆို ခြွင်းချက်အနေဖြင့် လုံလောက်သော အကြောင်းရှိပါက အာမခံပေး၍ ရသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အိမ်ထောင်ဦးစီးတစ်ယောက် အချုပ်ထဲရောက်သွားပြီဆိုပါက ကျန်ရစ်သူ အလုပ်အကိုင်မရှိသည့် အမျိုးသမီးများ၏ ဘဝသည် နက်နက်နဲနဲတွေးပါက ရင်လေးစရာကောင်းပါကြောင်း။

## ဥပဒေအထောက်အကူပေးရေးအဖွဲ့ပေါ်ပေါက်လာခြင်းကို လေးလေးနက်နက်ထောက်ခံ

ယနေ့ပြည်သူများ၏ လိုအပ်ချက်အရ ဥပဒေအထောက်အကူပေးရေးအဖွဲ့ ပေါ်ပေါက်လာခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း၊ ယခုအဖွဲ့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်၍ ဒုတိယဝန်ကြီးအဆင့် တာဝန်ရှိသူများဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ပါက လုပ်ငန်းများကို မြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ပြီး ပြည်သူများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

## လာမည့်နောက် ၆ လပတ်အစီရင်ခံစာ တင်သွင်းချိန်တွင် ထည့်သွင်းဖော်ပြပေးစေလို

**မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း** က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏ ဆောင်ရွက်ချက်များ၊ စိစစ်တွေ့ရှိချက်များသည် မည်သည့်အဆင့်သို့ ရောက်ရှိ၍ မည်မျှတိုးတက်နေသည်ကို လာမည့်နောက် ၆ လပတ်အစီရင်ခံစာ တင်သွင်းချိန်တွင် ထည့်သွင်းဖော်ပြပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အထောက်အကူပေးရေးအဖွဲ့များကို ဖွဲ့စည်းပြီးပါက ဥပဒေဆိုင်ရာ အကူအညီလိုအပ်နေသော ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ အထောက်အကူရရှိနိုင်ရေးအတွက် အများပြည်သူသိရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဩဂုတ် ၁ ရက်တွင် ကျင်းပသွားရန်လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်**

# ဖင်လန်နိုင်ငံ စီးပွားရေးရာနှင့် အလုပ်အကိုင်ရေးရာဝန်ကြီးဌာနနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၃၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဖင်လန်နိုင်ငံ စီးပွားရေးရာနှင့် အလုပ်အကိုင်ရေးရာဝန်ကြီးဌာနတို့ အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နားလည်မှုစာချွန်လွှာအား ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဖင်လန်နိုင်ငံ စီးပွားရေးရာနှင့် အလုပ်အကိုင်ရေးရာ ဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး H.E. Ms. Riikka Laatu တို့က လက်မှတ်ရေးထိုး၍ **(ယာပုံ)** အပြန်အလှန် လဲလှယ်ခဲ့ကြသည်။




အဆိုပါ နားလည်မှုစာချွန်လွှာအားလက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် သန့်စင်သော စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စွမ်းအင်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးနယ်ပယ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့ရှိ ရေဘေးသင့်ပြည်သူများထံသို့ ဆေးဝါးနှင့် လှူဒါန်းပစ္စည်း... 

**တောင်ငူ ဇူလိုင် ၃၁**

တောင်ငူမြို့(၉)ရပ်ကွက် ကြက်လျှာစွန်း ခေမာသီလဝန် ဘုန်းကြီးကျောင်းအတွင်းရှိ ရေဘေးသင့်ပြည်သူများရှိရာ ယာယီရေဘေးစခန်းသို့ ဇူလိုင် ၃၁ ရက် ညနေ ၄နာရီက BRAC Myanmar International Organization မှ အထွေထွေမန်နေဂျာ Mr. Sazaduzzaman. နှင့် အဖွဲ့သည် ရေဘေးသင့်ပြည်သူများ အခြေခံလိုအပ်နေသော ဆန်၊ ဆေးဝါး၊ ရေသန့်၊ ဆပ်ပြာ၊ ခေါက်ဆွဲခြောက်နှင့် ကလေးများအတွက် အာဟာရအားပြည့် အချိုရည်၊ ဘီစကစ်အစရှိသည့်အသုံးအဆောင်ပစ္စည်းများနှင့် ဝမ်းရောဂါမဖြစ်ပွားစေရန်အတွက် ယင်လုံအိမ်သာများကိုလည်း ရေဘေးသင့်ပြည်သူအိမ်ခြေ ၁၀၀၀ အတွက် လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါအဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့ ဝေါမြို့ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်များရှိ ရေဘေးသင့်နေသည့် မိသားစုဝင်များထံသို့လည်း သွားရောက်လှူဒါန်းမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**




# မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၃၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E . Mr. Nicholas Coppel အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပညာသင်ဆုပေးနေသည့် အစီအစဉ်များနှင့် အဆိုပါ အစီအစဉ်များကို ပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် Information Program ဆောင်ရွက်မည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်တွင် မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စာနယ်ဇင်းသမားများ၏ လုံခြုံရေး (Safety of Journalists) အရေးကြီးမှု၊ လူမှုမီဒီယာများတွင် အမုန်းစကားများရေးသား ဖြန့်ဝေပြောဆိုနေမှုများအပါအဝင် ပုံနှိပ်နှင့် ရုပ်သံလွှင့် မီဒီယာဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သစ်ပင်စိုက်ပျိုးပေးစဉ်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးနှင့် သားဖွားနှင့်မီးယပ်ရောဂါအထူးကုဆေးရုံကြီးတို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ ဆေးရုံဝင်းများ၌ မဟော်ဂနီပင်များကို စိုက်ပျိုးပေးခဲ့ကြပြီး အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ စွယ်တော်၊ မန်ကျည်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ကုက္ကိုပင်များ စုစုပေါင်း ၅၀၁ ပင် စိုက်ပျိုးကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် သားဖွားနှင့်မီးယပ်ရောဂါအထူးကုဆေးရုံကြီးရှိ ပြင်ပလူနာဌာန၊ လူနာဆောင်၊ သားဖွားဆောင်၊ မွေးကင်းစကလေးကုသဆောင်တို့တွင် ပကတိလက်တွေ့အခြေအနေ၌ ကျန်းမာရေးဝန်ဆောင်မှု ပေးနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည်များကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပဲခူးနှင့် ရခိုင်ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၅၀၀ စီ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ကဏ္ဍအသီးသီးတွင် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ စီကို ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ကို ဇူလိုင် ၃၁ ရက်က သီးခြားစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ကွပ်ကဲရေးရုံး ဗုဒ္ဓအသံဓမ္မဗိမာန်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အလှူငွေလက်ခံပြီး "ယခုကဲ့သို့ ရေဘေးနဲ့ကြုံတွေ့ချိန်မှာ ပြည်သူတွေအတွက် လာရောက်လှူဒါန်းပေးတဲ့ ကမ္ဘောဇဘဏ်နဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို ကျေးဇူးတင်ပါတယ်။ ခုလိုအချိန်မှာ စည်းလုံးစွာနဲ့ စုပေါင်းခြင်းအင်အားကိုတွေ့ရတဲ့အတွက် အထူးပင်ဂုဏ်ယူပါတယ်"ဟု ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်တွင် လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာက အလှူငွေလက်ခံပြီး "ရခိုင်ဒေသမှာ မုန်တိုင်းတိုက်ခတ်ခြင်းနဲ့ သဘာဝဘေးတွေ အမြဲတမ်းကျရောက်ပါတယ်။

"အခုလို အချိန်နဲ့ တစ်ပြေးညီ ပြည်သူတွေအတွက် လှူဒါန်းမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရကိုယ်စား ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုင်ငံအနှံ့အပြားရှိရေဘေးသင့်ပြည်သူများထံသို့ အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး အကူအညီပေးနိုင်ရန်အတွက် ဇူလိုင် ၂၉ ရက်က ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်ထံ အလှူ ငွေကျပ်သိန်း ၅၀၀၊ ဇူလိုင် ၃၀ ရက်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ အလှူငွေကျပ်သိန်း ၅၀၀ နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်ထံ အလှူငွေကျပ်သိန်း ၅၀၀ တို့ကို သီးခြားစီလှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် ကမ္ဘောဇဘဏ် အရာထမ်း၊ ဝန်ထမ်းများသည် ယခုနှစ် ဇွန်လတွင်ဖြစ်ပွားခဲ့သည့် မော်လမြိုင်မြို့ ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်ကတည်းကပင် နီးစပ်ရာ ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစားအစာ၊ သောက်ရေသန့်နှင့် လိုအပ်သောပစ္စည်းများကို သွားရောက်ကူညီလှူဒါန်းခဲ့ပြီး ယခုအခါ ရေကြီးရေလျှံမှု ဧရိယာပိုမိုကျယ်ပြန့်လာသည့်အတွက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မွန်ပြည်နယ် ကျိုက်ထိုမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ နေ့စဉ်သွားရောက်ကာ နံနက်စာ၊ နေ့လယ်စာနှင့် ညစာများ ချက်ပြုတ်လှူဒါန်းခြင်း၊ သောက်ရေသန့်များ၊ ဆေးဝါးများနှင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ လှူဒါန်းပေးလျက်ရှိသည်။

ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့ ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် လတ်တလောရေကြီးရေလျှံဖြစ်ပွားနေသည့် မွန်၊ ကရင်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ငွေကျပ်သိန်းပေါင်းတစ်သောင်းကို လှူဒါန်းသွားမည်ဖြစ်ပြီး ဖောင်ဒေးရှင်းစတင်တည်ထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေးဘဲ နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိစုစုပေါင်းငွေကျပ် ၁၄၄ ဘီလီယံကျော်ကို လှူဒါန်းခဲ့သည်။

**မြန်မာ့အလင်း**



# စစ်တောင်းမြစ်ရေ အနည်းငယ်ပြန်လည်ကျဆင်း မြစ်ရေတားတမံများကို နေ့ညမပြတ်စောင့်ကြည့်လျက်ရှိ

**ကျောက်ကြီး ဇူလိုင် ၃၁**

ယခုရက်ပိုင်း စစ်တောင်းမြစ်ရေ အနည်းငယ်ကျဆင်းလာသော်လည်း မြစ်ရေဝင်ရောက်မှုများပြားသည့် တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ကျေးရွာများနှင့် စပါးစိုက်ခင်းများ မြစ်ရေဝင်ရောက်မှု သက်သာစေရန် တည်ဆောက်ထားသော ရေတားတာများကို ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နေ့ညမပြတ်ကွင်း ဝန်ထမ်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

နတ်သံကွင်း၊ ရေတွင်းကုန်းကြီး၊ ပဲ့သောင်၊ ကျောက်စရစ်၊ ရွှေသောင်၊ ထိုးဝါးစိုက်၊ တောကြောင်ပေါက်၊ ဝက်တူး၊ ရေလဲ၊ ကျွန်းပင်ဆိပ်(မုန်း)ကျေးရွာများရှိ ရေတားတာများကို တာလျှောခြင်း၊ ထူးပေါက်၊ နိမ့်ကျခြင်းတို့မှ ကာကွယ်နိုင်ရန် မျှောတိုင် ချောင်းတစ်သောင်း၊ သဲအိတ်ပေါင်း ရှစ်ထောင်၊ သဲ ၁၀ ကျင်း၊ ဂဝံမြေသား ၁၀ ကျင်းတို့ဖြင့် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

"စစ်တောင်းမြစ်ရေက အခုကျသွားပေမယ့် ရာသီဥတုကြောင့် အထက်ပိုင်းဒေသတွေမှာ မိုးများရင် ပြန်တက်လာနိုင်လို့ ကျွန်တော်တို့ဌာနက ရေတားတာတွေပဲ မဟုတ်ပါဘူး။ အခြားနေရာတွေမှာ လိုအပ်လာလို့ အကူအညီတောင်းလာရင် နည်းပညာပိုင်းရော၊ အိတ်ခွံ၊ မျှောတိုင် အကုန်လုပ်ပေးပါတယ်။ ဒေသခံတွေအနေနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြတဲ့အခါကြတော့ စိတ်မချရလို့ ကျေးရွာအုပ်ချုပ်မှူးတွေနဲ့ ဝိုင်းလုပ်ပေးရတာ နေရာအနှံ့ပါပဲ"ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ပြောသည်။ **ကိုလွင်(ဆွာ)**

● *ကျောဖုံးမှ*

တောင်ကိုရီးယား ယူ-၁၉ အသင်းနည်းပြချုပ် ချောင်ဂျန်ဟောင်က "ကျွန်တော်တို့က အာရှယူ-၁၉ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အတွေ့အကြုံယူဖို့ သက်သက်လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းတွေက ၂၃ နှစ်အောက်အသင်းတွေဖြစ်တာကြောင့် ကျွန်တော့်ကစားသမားတွေကို အတွေ့အကြုံကောင်းတွေရရှိစေမှာပါ။ ပြိုင်ဘက်အသင်းတွေလည်း အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ဆုတောင်းပေးချင်ပါတယ်" ဟု ပြောကြားသည်။

ဘာရိန်း ယူ-၂၃ အသင်းနည်းပြချုပ် ဆာမေရာက "အာရှအားကစားပြိုင်ပွဲမတိုင်ခင် အခုလိုပြိုင်ပွဲမျိုး ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အာရှအားကစားပြိုင်ပွဲမှာ ရလဒ်ကောင်းအောင် သေချာပြင်ဆင်နေပြီး ပြင်ဆင်ချိန်သုံးပတ်ရထားပါတယ်။ ဒီပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်မှာပါ"ဟု ပြောကြားသည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ- ၁၉ အသင်း၊ ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းအား ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ကာ ပထမဆု- ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇူလိုင် ၃၁**- မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၆ ဒသမ ၃၈ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၉၅ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ လပွတ္တာမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ကလေးဝမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ ဖျာပုံမြို့နှင့် မြိတ်မြို့တို့တွင် ၃ ဒသမ ၂၃ လက်မစီ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မောင်တောမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၃ ဒသမ ၀၁ လက်မစီ၊ သထုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကတိုင်တိတွင် ၂ ဒသမ ၉၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၅ လက်မနှင့် မော်လိုက်မြို့တွင် ၂ ဒသမ ၉၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်တမံများအနက် အချို့သော ဆည်တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှ ရေကျော်ကျခြင်းမှာ မူလ ဆည်တမံများ၏ ရေသိုလှောင်မှု ပမာဏရေိယာ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယနေ့ ရေပိုလွှဲမှ ရေကျော်ကျသည့် တမံ ၃၆ ခုရှိပြီး အဆိုပါ ဆည်တမံများမှာ အောက်ပါအတိုင်းဖြစ်သည်-

## ၃၁-၇-၂၀၁၈ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ဆည်တမံများစာရင်း

နေ့စွဲ - ၃၁ . ၇ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေ ချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၈.၃၀ | ၃၄၄၁၆ | ၀.၉၁ | (၂.၃၀)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | ချင်းပြည်နယ် | | | | | | |
| ၂ | လိုင်ဖားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | ၀.၈၀ | (၀.၃၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၃၅ | ၁၃၈၁ | ၁.၀၆ | (၀.၃၅)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၃၀ | ၁၁၅၁ | - | (၀.၃၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၆ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၇၀ | ၅၃၆၁၅ | ၂.၀၀ | (၁.၇၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | ပဲခူးတိုင်းဒေသကြီး (အရှေ့) | | | | | | |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၄၀ | ၂၃၉၀ | ၀.၃၀ | (၀.၄၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၈ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၂၀ | ၂၄၀၈ | ၀.၅၀ | (၀.၂၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၉ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၂၀ | ၃၇၁၂၀ | ၀.၄၇ | (၁.၂၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၀ | ဖျူ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၀.၇၀ | ၁၁၂၇၂ | ၁.၀၀ | (၀.၇၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၁ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၂.၈၀ | ၂၇၃၁၇ | ၀.၆၃ | (၀.၈၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| | | ပဲခူးတိုင်းဒေသကြီး (အနောက်) | | | | | | |
| ၁၂ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၈၂ | ၂၃၇၄၉ | ၀.၈၈ | (၀.၈၂)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၁၃ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၇၀ | ၂၆၈၇၅၀ | ၀.၀၄ | (၁.၇၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၁၄ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၉၀ | ၁၉၀၉၇ | ၀.၁၄ | (၀.၉၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၁၅ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၈၀ | ၂၂၆၀၀၀ | - | (၁.၈၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၁၆ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၇.၃၅ | ၆၀၈၆၂ | ၀.၂၀ | (၁.၃၅)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| | | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁၇ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၃.၂၀ | ၆၅၄၇၂၄ | - | (၃.၂၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၁၈ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၇၀ | ၁၂၅၄၀၀ | ၀.၀၂ | (၁.၇၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၁၉ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၈၀ | ၃၄၃၁၂၀ | - | (၄.၃၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၂၀ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၀၈ | ၁၃၈.၆၀ | ၅၄၄၃၁ | ၀.၃၆ | (၀.၆၀)ပေ |
| | | ကံမမြို့ | ၇၄ | ၁၀၂၀၀ | | | | ရေကျော် |
| | | မွန်ပြည်နယ် | | | | | | |
| ၂၁ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၂၅ | ၄၁၈၉ | ၂.၄၈ | (၀.၂၅)ပေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| | | ရခိုင်ပြည်နယ် | | | | | | |
| ၂၂ | ဖြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၄၀ | ၂၅၄၅၅ | ၀.၆၀ | (၀.၄၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၂၃ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၇၀ | ၅၄၅ | - | (၀.၇၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၂၄ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၂၀ | ၆၅၅ | - | (၀.၆၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၂၅ | ဒီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၆၀ | ၄၄၈ | - | (၀.၆၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၂၆ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၆၀ | ၁၅၁၂ | - | (၀.၆၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၂၇ | ဂရင်ကျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | (၀.၂၀) ပေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၂၈ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၆၀ | ၁၄၇ | - | (၂.၆၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၂၉ | ရှောက်ချောင်း | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၄၀ | ၁၁၆၅ | ၀.၆၀ | (၀.၄၀)ပေ |
| | ရေလှောင်တမံ | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၃၀ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၁၅ | ၁၉၈၈ | ၀.၄၀ | (၁.၁၅)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၁ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၂၀ | ၆၂၁၇ | ၀.၄၅ | (၁.၂၀)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | |
| ၃၂ | ဟူးမွန်ရေလှောင်တမံ | လားရှိုးခရိုင်/ | ၇၂ | ၂၀၂၅ | ၇၂.၇၀ | ၂၀၈၆ | ၀.၁၀ | (၀.၇၀)ပေ |
| | | လားရှိုးမြို့ | ၃၀ | ၁၈၀ | | | | ရေကျော် |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၃၃ | ကွန်ချောင်းရေလှောင်တမံ | ဟသ်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၆.၁၀ | ၁၀၀၂၇၀ | ၀.၁၆ | (၁.၁၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၃၄ | မမြရေလှောင်တမံ | ဟသ်္သာတခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၆.၅၀ | ၇၃၃၅၆ | ၀.၈၀ | (၁.၅၀)ပေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၃၅ | နန်ကသူရေလှောင်တမံ | ဟသ်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၀၀ | ၄၁၄၅၀ | ၁.၀၂ | (၂.၀၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၃၆ | ကညင်ရေလှောင်တမံ | ဟသ်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၇၀ | ၁၅၀၂၀၇ | ၀.၈၃ | (၂.၇၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

## အတ္တရံမြစ်ရေထပ်မံမြင့်တက်လာသဖြင့် ကျိုက်မရောမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်ထား

ကျိုက်မရော ဇူလိုင် ၃၁

မွန်ပြည်နယ် ကျိုက်မရောမြို့တွင် အတ္တရံမြစ်ရေ ထပ်မံတိုးတက်လာသဖြင့် စပါယ်ဂူကားလမ်းဘေး တစ်လျှောက် နေထိုင်သော ရွှေ့ပြောင်းမိသားစုများ၏ နေအိမ်များသို့ ရေနစ်မြုပ်သဖြင့် ရသေ့ကျောင်း ရေဘေးစခန်းသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကို စေတနာရှင် ပြည်သူများက ပေးလှူလျက်ရှိသည်။



ဆက်လက်၍ ကော့ဝမ်းကျေးရွာ ဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော ရေဘေးသင့်အိမ်ထောင်စုများကို ကျိုက်မရောပရဟိတလူငယ်များအဖွဲ့နှင့် ဒေါက်တာဖြိုးခန့်အောင် မိသားစုက ရေသန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကျန်းမာရေးခတ်စာများကို ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းခဲ့သည်။ လက်ရှိအခြေအနေတွင် အိမ်ထောင်စု ၈၄ စု လူဦးရေ ၃၂၈ ဦးကို ကယ်ဆယ်ရေးစခန်း သုံးခုတွင်ထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)




## ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းတွင် ယာဉ်များအားလုံး သွားလာနိုင်ပြီ

ဘီးလင်း ဇူလိုင် ၃၁

ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေတက်လာမှုကြောင့် ဇူလိုင် ၂၆ ရက်မှစတင်၍ ကားလမ်းများကို ယာယီပိတ်ထားကြောင်း သိရသည်။ ယခုအခါ ရေပြန်လည်ကျဆင်းနေပြီဖြစ်သည့်အတွက် ရေကျော်ခဲ့သည့်နေရာများကို ဌာနဆိုင်ရာ တာဝန်ရှိများက တံတားများကြံ့ခိုင်မှု စစ်ဆေးကြည့်ရှုပြီးနောက် ယခုအခါ ယာဉ်များအားလုံး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်အတွင်း ရေကြီးမှုကြောင့် ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေး

**လယ်ဝေး ဇူလိုင် ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးအေးမောင်စိန်နှင့် နေပြည်တော် လမ်းတံတားဦးစီးဌာန မီးသတ်၊ ကျေးလက်လမ်း၊ လမ်းတံတားအထူးအဖွဲ့ (၆)၊ မြစ်ချောင်းများဖွံ့ဖြိုးရေး၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ကာ မျောပါပျက်စီးသွားသည့် တံတားများအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သပြေကုန်းကျေးရွာအုပ်စု၊ ပြောင်ခေါင်းလေး-ပန်းတင် ကျေးရွာချင်းဆက် လူကူးသစ်သားတံတားနှင့် ရေနီလေး-ဘို့ကိုးလုံး သစ်သားတံတားတို့ ရေနောက်မျောပါ ပျက်စီးမှုအခြေအနေကို လည်းကောင်း၊ အေးချမ်းသာအုပ်စုတွင် စစ်တောင်းမြစ်ရေမြင့်တက်သဖြင့် ကမ်းပါးပြိုကျမှုများကြောင့် နေအိမ်ရွှေ့ပြောင်းထားရမှု၊ ရုံးပင်ချောင်းရေတိုက်စားမှု အခြေအနေများအားလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရေထိန်းနည်းစနစ်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုးစပါးမျိုး တင်း ၃၀၀၀ စုဆောင်းထားရှိခြင်းကြောင့် ပြန်လည်စိုက်ပျိုးရန် လုံလောက်မှုရှိပြီးဖြစ်ကာ အရန်ပျိုးများလည်း ကြိုတင်ပျိုးထောင်နေပြီဖြစ်

**နေပြည်တော် ဇူလိုင် ၃၁**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ဘားအံ၊ သံတောင်ကြီး၊ မြဝတီ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ကမမောင်း အစရှိသည့် လယ်ယာမြေများ၌ စိုက်ပျိုးထားသည့် စိုက်ခင်းဧက ၅၀၀၀၀ ခန့် ရေနစ်မြုပ်ခဲ့ပြီး မိုးစပါး စိုက်ဧက ၁၀၀၀ ခန့်၊ မိုးအစေ့ထုတ်ပြောင်း ၁၆၃၃ ဧကနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက် စိုက်ခင်းအချို့ ရေနစ်မြုပ်ပျက်စီးခဲ့သည့်အတွက် စိုက်ခင်းများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လယ်ယာမြေများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးမျိုး တင်း ၃၀၀၀ စုဆောင်းထားရှိခြင်းကြောင့် ပြန်လည်စိုက်ပျိုးရန် လုံလောက်မှုရှိပြီးဖြစ်ကာ အရန်ပျိုးများလည်း ကြိုတင်ပျိုးထောင်နေပြီ ဖြစ်ကြောင်း သိရသည်။ ရေနစ်မြုပ်သော်လည်း အချို့စိုက်ခင်းများမှာ ရေများပြန်လည်ကျဆင်းသွားသည့်အတွက် ပျက်စီးမှုမရှိဘဲ အဆိုပါစိုက်ခင်းများအတွက်ကိုလည်း ရေကျပါက ပျိုးပင်ဖာခြင်း၊ မြေသြဇာထောက်ပံ့ခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရန်အတွက် မျိုးစေ့ချစက်၊ ဆေးဖျန်းစက်၊ ပညာရှင် ဝန်ထမ်းများ ဖြည့်တင်းထားရှိပြီးဖြစ်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင်လည်း ရေနစ်မြုပ် လယ်ယာမြေများအတွက် တောင်သူများနှင့် တွေ့ဆုံကာ ရေကြီးနစ်မြုပ်မှုအတွက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန် အားပေးစကားများ ပြောကြားပြီး လိုအပ်သော မျိုးစပါးများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားကာ စိုက်ခင်းများ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နည်းပညာပေးဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# လားရှိုးအေတီချောင်းရေမြင့်တက်မှုကြောင့် နေအိမ်အချို့ ရေဝင်

**လားရှိုး ဇူလိုင် ၃၁**

လားရှိုးမြို့၌ ဇူလိုင် ၂၈ ရက် ညပိုင်း မိုးရွာသွန်းမှုမှ ယမန်နေ့ ည အချိန်အထိအေတီချောင်းရေ မြင့်တက်မှုကြောင့် နေအိမ်အချို့နှင့် လမ်းများပေါ်သို့ ရေဝင်လျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၂၀) တာပုံကျေးရွာ နမ့်ယော်-မိုင်းယော်-မိုင်းကျက်လမ်း မိုင်တိုင်အမှတ် ၀/၁-၀/၂ နှင့် မိုင်တိုင်အမှတ် ၀/၃-၀/၄ တွင် အေတီချောင်း ရေမြင့်တက်မှုကြောင့် ယင်းကားလမ်းပိုင်းအနီးရှိ အိမ်ခြေ ၂၀၊ အိမ်ထောင်စု ၂၀၊ လူဦးရေစုစုပေါင်း ၈၅ ဦး ရေဘေးသင့်ခဲ့သည်။ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းမှ စတင်တက်ခဲ့သော ချောင်းရေသည် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခွဲအထိ အမြင့်ဆုံးအနက်ပိုင်းနေရာတွင် ခြောက်ပေခွဲခန့်အထိ မြင့်တက်လျက်ရှိနေပြီး ရေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ရေဘေးသင့်အိမ်ထောင်စုများအား ရေလွတ်ရာသို့ ပို့ဆောင်ထားရှိပြီး ဖြစ်သည်။ ရေကျော်နေသော နမ့်ယော်-မိုင်းယော်-မိုင်းကျက်လမ်း မိုင်တိုင်အမှတ် ၀/၁-၀/၂ နှင့် မိုင်တိုင်အမှတ် ၀/၃-၀/၄ တွင် နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် အရာရှိများက အသက်ကယ်လှေနှစ်စင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အသက်ကယ်လှေ နှစ်စင်း၊ လူမှုကူညီရေးအဖွဲ့များမှ လက်လုပ်လှေ တစ်စင်းတို့ဖြင့် ပို့ဆောင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အလှူရှင် စေတနာရှင်များကလည်း ကူညီဆောင်ရွက်ပေးနေကြသူများနှင့် ရေဘေးသင့်အိမ်ထောင်စုများထံသို့ ထမင်းထုပ်များ၊ ရေသန့်နှင့် အခြားအာဟာရစားသောက်ကုန်များကို လှူဒါန်းကြသည်။

အဆိုပါရေနစ်မြုပ်ရာနေရာသို့ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက ရေဘေးသင့်အိမ်ထောင်စုများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ ကူညီပေးကြသူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ကြစေရန် မှာကြားခဲ့သည်။

ညပိုင်း ၇ နာရီခွဲအထိ အေတီချောင်းရေ ဆက်လက်မြင့်တက်လျက်ရှိနေရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းတို့က စောင့်ကြည့်လျက် ရပ်ကွက်နေပြည်သူများ သတိထားပြီး နေထိုင်ကြရန်၊ အရေးပေါ် အသက်ကယ်ပစ္စည်းများ ဆောင်ရွက်ထားရှိနိုင်ရေးတို့ မှာကြားခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(ပြန်/ဆက်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၃၁-၇-၂၀၁၈ နေ့ထိ)

| စဉ် | ဘေးဖြစ်ဒေသ | ရေဝင်ပြောင်းရွှေ့ | | မျောပါ/ ပျက်စီး အိမ်ခြေ | စခန်း အရေ အတွက် | သေဆုံး | ဒဏ်ရာရ | ထောက်ပံ့မှု (ကျပ်) | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | လူဦးရေ | | | | | ဆန်ရိက္ခာ | အိမ်ဆောက်/ ကျောင်းဆောက် ပစ္စည်း | အခြား | သေဆုံး | ဒဏ်ရာရ | ပေါင်း | ကဆရ ပစ္စည်း (တန်ဖိုး) | သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု | စုစုပေါင်း |
| | **စခန်းများ ပိတ်သိမ်းပြီး** | | | | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ | ၂၀ | | | | | ၄၂၀၀၀ | | | | | ၄၂၀၀၀ | | | ၄၂၀၀၀ |
| ၂ | ဧရာဝတီတိုင်းဒေသကြီး | ၆၉ | ၂၆၉ | ၃၀ | | | | ၁၁၁၃၀၀ | ၃၀၀၀၀၀၀ | | | | ၃၁၁၁၃၀၀ | ၁၂၆၁၇၆ | | ၃၂၃၇၄၇၆ |
| ၃ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ၁၄ | ၅၇ | | | ၁ | | ၁၁၉၇၀၀ | | | ၃၀၀၀၀၀ | | ၄၁၉၇၀၀ | | | ၄၁၉၇၀၀ |
| | ပေါင်း | ၈၇ | ၃၄၆ | ၃၀ | | ၁ | | ၂၇၃၀၀၀ | ၃၀၀၀၀၀၀ | | ၃၀၀၀၀၀ | | ၃၅၇၃၀၀၀ | ၁၂၆၁၇၆ | | ၃၆၉၉၁၇၆ |
| | **စခန်းများဖွင့်လှစ်ဆဲ** | | | | | | | | | | | | | | | |
| ၁ | ကရင်ပြည်နယ် | ၅၃၉၂ | ၂၅၅၆၃ | | ၆၇ | ၁ | | ၂၃၈၂၄၅၀၀ | ၄၀၀၀၀၀ | ၃၂၄၁၃၂၀၀ | | | ၅၆၆၃၇၇၀၀ | ၁၁၁၆၇၀၅၆ | ၁၀၀၀၀၀၀၀၀ | ၁၆၇၈၀၄၇၅၆ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၁၃၀၀ | ၆၅၈၃ | | ၁၁ | ၁ | | ၁၃၆၀၅၉၀၀ | ၁၀၀၀၀၀ | ၉၄၆၀၀၀ | ၃၀၀၀၀၀ | | ၁၄၉၅၁၉၀၀ | | | ၁၄၉၅၁၉၀၀ |
| ၃ | မွန်ပြည်နယ် | ၄၅၁၈ | ၁၉၅၅၀ | | ၅၄ | ၃ | | ၁၃၉၂၀၉၀၀ | | ၆၅၂၁၇၃၀ | ၉၀၀၀၀၀ | | ၂၁၃၄၂၆၃၀ | | ၁၀၀၀၀၀၀၀၀ | ၁၂၁၃၄၂၆၃၀ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂၀၃၂၆ | ၉၅၁၀၇ | | ၁၉၁ | ၄ | | ၁၁၉၇၇၄၀၀၀ | | ၁၂၃၉၇၁၈၀ | ၃၀၀၀၀၀ | | ၁၃၂၄၇၁၁၈၀ | ၁၂၄၈၀၀၀၀ | ၁၀၀၀၀၀၀၀၀ | ၂၄၄၉၅၁၁၈၀ |
| ၅ | မကွေးတိုင်းဒေသကြီး | ၁၂၂ | ၄၆၄ | | ၃ | ၂ | | ၉၇၄၄၀၀ | | ၁၀၉၈၀၀ | ၆၀၀၀၀၀ | | ၁၆၈၄၂၀၀ | | | ၁၆၈၄၂၀၀ |
| | ပေါင်း | ၃၁၆၅၈ | ၁၄၇၂၆၇ | | ၃၂၆ | ၁၁ | | ၁၇၂၀၉၉၇၀၀ | ၅၀၀၀၀၀ | ၅၂၃၈၇၈၉၀ | ၂၁၀၀၀၀၀ | | ၂၂၇၀၈၇၅၉၀ | ၂၃၆၄၇၀၅၆ | ၃၀၀၀၀၀၀၀၀ | ၅၅၀၇၃၄၆၄၆ |
| | စုစုပေါင်း | ၃၁၇၄၅ | ၁၄၇၆၁၃ | ၃၀ | ၃၂၆ | ၁၂ | | ၁၇၂၃၇၂၇၀၀ | ၃၅၀၀၀၀၀ | ၅၂၃၈၇၈၉၀ | ၂၄၀၀၀၀၀ | | ၂၃၀၆၆၀၅၉၀ | ၂၃၇၇၃၂၃၂ | ၃၀၀၀၀၀၀၀၀ | ၅၅၄၄၃၃၈၂၂ |

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**

- စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများမှာ မူလနေရပ်သို့ပြန်လည်ပြောင်းရွှေ့ပြီးဖြစ်ပါသည်။
- တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်မှ စခန်း နှစ်ခု၊ တနင်္သာရီမြို့နယ်မှ စခန်း နှစ်ခု၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ စခန်း လေးခု၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ စခန်း နှစ်ခု၊ ဖာပွန်မြို့နယ်မှ စခန်း ခုနစ်ခု၊ မြဝတီမြို့နယ်မှ စခန်း ငါးခု၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မှ စခန်း လေးခု၊ သနပ်ပင်မြို့နယ်မှ စခန်း တစ်ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

**(၃၁-၇-၂၀၁၈)နေ့တွင် လက်ရှိပြောင်းရွှေ့ထားမှုအခြေအနေ**

- စုစုပေါင်း စခန်း ၂၉၉ ခုတွင် အိမ်ထောင်စု ၂၈၄၈၁ စု၊ လူဦးရေ ၁၃၂၉၇၂ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ကရင်ပြည်နယ်တွင် စခန်း ၅၃ ခု အိမ်ထောင်စု ၄၇၃၁ စု၊ လူဦးရေ ၂၃၀၂၀ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- တနင်္သာရီတိုင်းဒေသကြီးတွင် စခန်း ခုနစ်ခု အိမ်ထောင်စု ၁၆၃ စု၊ လူဦးရေ ၈၃၀ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- မွန်ပြည်နယ်တွင် စခန်း ၅၀ အိမ်ထောင်စု ၃၃၆၆ စု၊ လူဦးရေ ၁၄၅၁၂ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် စခန်း ၁၈၆ ခု အိမ်ထောင်စု ၂၀၀၉၉ စု၊ လူဦးရေ ၉၄၁၄၆ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- မကွေးတိုင်းဒေသကြီးတွင် လတ်တလောရေကြီးရေလျှံမှုအခြေအနေမရှိသော်လည်း မြစ်ချောင်းများနှင့်နီးသော ကျေးရွာများမှ ရေဘေးရှောင်အိမ်ထောင်စု ၁၂၂ စု၊ လူဦးရေ ၄၆၄ ဦးတို့မှာ စခန်း သုံးခုတို့တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

# ဇူလိုင် ၃၁ ရက်အထိ ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၁၄၇၆၀၀ ကျော်တို့ ရေဘေးသင့်ပြီး ၁၂ ဦးသေဆုံး



မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၉ ရက်မှ ၃၁ ရက်အထိ ရေဘေးခိုလှုံနေရသည့် အိမ်ထောင်စု ၃၁၇၄၅ စုကျော်၊ လူဦးရေ ၁၄၇၆၁၃ ဦးတို့သည် ရေဘေးခေတ္တတိမ်းရှောင်ခဲ့ရပြီး ရေဘေးကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၃၁ ရက်အထိ ထုတ်ပြန်ထားသော စာရင်းများအရ ရေဘေးကြောင့် သေဆုံးသူ ၁၂ ဦးထိ ရှိလာပြီး နေပြည်တော်တွင် တစ်ဦး၊ ကရင်ပြည်နယ်တွင်တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ဦး၊ မွန်ပြည်နယ်တွင် သုံးဦး၊ ပဲခူးတိုင်းဒေသကြီးတွင် လေးဦးနှင့် မကွေးတိုင်းဒေသကြီးတွင် နှစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါသေဆုံးသူများအတွက်လည်း လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ထားရှိကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

အချို့ဒေသများတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သော်လည်း ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဆက်လက်ဖွင့်လှစ်ထားဆဲဖြစ်ပြီး ထောက်ပံ့ကူညီမှုလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ကရင်ပြည်နယ်အစိုးရ၊ အလှူရှင်နှင့် ပရဟိတအဖွဲ့များပူးပေါင်း၍ ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့လှူဒါန်း

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများစီးဆင်းခြင်း၊ မြစ်ရေ၊ ချောင်းရေများ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေခြင်းတို့ကြောင့် မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများသည် ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများနှင့် ကုန်းမြင့်ပိုင်းရှိ လူနေထိုင်နိုင်သောနေရာ အဆောက်အအုံများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက စားသောက်ကုန်နှင့်အခြား လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီက ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင် ဦးဆောင်မှုဖြင့် ECO 93 Group နှင့် ကရင်ပြည်နယ် လူငယ်မောင်မယ်များအဖွဲ့တို့သည် အောက်ကော့ရင်းကျေးရွာအုပ်စုနှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံတို့မှ ရေဘေးသင့်ပြည်သူများအား ရေသန့်နှင့်စားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် လူငယ်မောင်မယ်များ ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့မှ ကိုအောင်မိုးက "ဗန်ကောက်မြို့မှာနေတဲ့ ဦးဝင်းမြင့်ကလှူတဲ့ ငွေကျပ် ၁၀ သိန်း၊ ဘားအံမြို့အနီးတစ်ဝိုက်နဲ့ အခြားဒေသက မိတ်ဆွေအပေါင်းအသင်းတွေလှူတဲ့ ငွေတွေကို စုဆောင်းပြီးတော့ အခုဒီမှာလာလှူတာ၊ ဆန်အိတ်တွေပါတယ်၊ ဆီ၊ ဆေး၊ ဆား၊ ဖယောင်းတိုင်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ အာလူးနဲ့ ရေသန့်တွေပါတယ်၊ အားလုံးက မိတ်ဆွေတွေ စုဆောင်းထားတဲ့ အလှူငွေတွေနဲ့ ဝယ်ချမ်းပြီးတော့ ဒီရေဘေးသင့်တဲ့ကျေးရွာတွေကို လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ သွားရောက်ထောက်ပံ့လှူဒါန်းရာတွင် အောက်ကော့ရင်းကျေးရွာအုပ်စုရှိ ကမား၊ အညောကုန်း၊ မရင်းကုန်း၊ ကနစိုကုန်း စသည့်ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စု ၂၈၉ စုနှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ စက်ရုံ အိမ်ထောင်စု ၅၅ စု အတွက် ရေသန့်နှင့် စားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းရွာသစ်-လှိုင်းဘွဲ့ကားလမ်းပေါ်တံတားများ ဘေလီတံတားထိုးခြင်းလုပ်ငန်းပြီးစီး

**ရှမ်းရွာသစ် ဇူလိုင် ၃၁**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ မဲသမူကျေးရွာအုပ်စု မဲသမူကျေးရွာ ရှမ်းရွာသစ် - လှိုင်းဘွဲ့ကားလမ်ပေါ်ရှိ မိုင်တိုင်အမှတ် (၁၀/၆-၁၀/၇)အကြား ၁၀ပေ RC တံတားနှင့် (၁၄/၂-၁၄/၃) အကြား ပေ ၆၀ RC တံတားနှစ်စင်းသည် မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျရေများ တိုက်စားမှုကြောင့် ဇူလိုင် ၂၁ ရက်တွင် ပြိုကျပျက်စီးသွားခဲ့သည်။

အဆိုပါ ပျက်စီးသွားသော တံတားနှစ်စင်းကို ကရင်ပြည်နယ်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့ (၁၄)နှင့် ဘားအံခရိုင်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းရွာသစ်-လှိုင်းဘွဲ့ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၀/၆-၁၀/၇)တွင် ပေ ၇၀ S/S ဘေလီတံတား၊ မိုင်တိုင်အမှတ်(၁၄/၂-၁၄/၃) ပေ ၆၀ S/S ဘေလီတံတားတို့ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သောကြောင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းနိုင်ပြီဖြစ်သဖြင့် ပြည်သူများအနေဖြင့် သွားလာရေး အဆင်ပြေပြီဖြစ်ကြောင်း သိရသည်။

**ဝေဠု (ပြန်/ဆက်)**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးမျိုးသွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသွင်တို့ ဦးဆောင်သော အဖွဲ့ ဇူလိုင် ၃၁ ရက်က ပဲခူးမြို့ရေဘေးဒုက္ခသည် စခန်းများသို့ သွားရောက်၍ အသက်ကယ်အင်္ကျီများနှင့် အလှူငွေကျပ် ၆၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

သတင်းစဉ်



# မိတ္ထီလာမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြို အမျိုးသားတစ်ဦးသေဆုံး

**မိတ္ထီလာ ဇူလိုင် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မိတ္ထာမြို့ ဟိန္ဒားကျေးရွာအုပ်စု မြောင်းပြိုကျေးရွာတွင် နေထိုင်သည့် ဇော်မင်းဦးသည် ဟိန္ဒားသတ္တုတွင်း (MPC)ကုမ္ပဏီ လုပ်ကွက် အမှတ် (B) တောင်ဘက် မရမ်းချိုင့်လျှိုအတွင်း ယမန်နေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်က သေဆုံးနေကြောင်း သိရသည်။

ယင်းဖြစ်စဉ်၌ ဇော်မင်းဦး (၂၅ နှစ်) သည် ကျပန်းလုပ်ကိုင်စားသောက်နေသူတစ်ဦးဖြစ်ပြီး ဟိန္ဒားခဲမိုင်း (MR-403611) တွင် ခဲကျင်နေစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်စောင်းနံရံမြေသားများပြိုကျခဲ့ရာ ဇော်မင်းဦးသည်မြေပိ၍ (ပြင်ပဒဏ်ရာမရှိ) သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူဇော်မင်းဦးအား မိတ္ထာတိုက်နယ်ပြည်သူ့ဆေးရုံသို့ ရဲဆေးစာနှင့်အတူပေးပို့ထားရှိပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန်မိတ္ထာရဲစခန်းမှ ခေတ္တ-ဒုရဲအုပ် ထွန်းထွန်းဦးက တရားလိုပြုလုပ်တိုင်တန်း၍ မိတ္ထာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိတ္ထာ(ပြန်/ဆက်)**

# မာန်အောင်မြို့နယ် ဘဲအင်းအုပ်စု ပန်းခြံချောင်းထဲသို့ ဝါးတံတားပေါ်မှ လူတစ်ဦးပြုတ်ကျ ရေနစ်ပျောက်ဆုံး

**မာန်အောင် ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဘဲအင်းအုပ်စု ပန်းခြံချောင်းတွင် ယမန်နေ့ည ၁၁ နာရီခွဲခန့်က ဒုံးဒုံးပြင်ကျေးရွာနေ ဦးမြင့်လွင် (၄၂ နှစ်) သည် ပန်းခြံချောင်းအတွင်း ဆိုက်ကပ်ထားသော မိမိပိုင်ငါးဖမ်းစက်လှေပေါ်သို့ ဝါးတံတားပေါ်မှ ဆင်းလာစဉ် တံတားပေါ်မှ ခြေချော်ပြုတ်ကျသွားရာ ရေနစ်ပျောက်ဆုံးလျက်ရှိပြီး အနီးရှိရေလုပ်သားများက ဝိုင်းဝန်းရှာဖွေလျက်ရှိသည်။

အလားတူ ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က သစ်ဝအုပ်စု သစ်ချောင်းတွင် ငါးဖမ်းစက်လှေနှင့်အတူ ရေနစ်မြုပ်ပျောက်ဆုံးနေသူ ဘူးရေမျက်ကျေးရွာနေ ဦးဖြူလုံး (၅၅ နှစ်) ကိုလည်း ရှာဖွေလျက်ရှိကြောင်း မြို့မရဲစခန်းမှ သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သောယာဉ်များအား အရေးယူ

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၁၈ ခုနှစ် ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီအချိန်ထိ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၂၀၁) နေပြည်တော်တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ်ငါးစီး၊ တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ၈ စီး၊ ဖြူးမြို့နယ် ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်ခြောက်စီး၊ လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတိုးဂိတ်၌ မော်တော်ယာဉ် ၁၃ စီး၊ ပဲခူးမြို့နယ် ဘောနတ်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ်တစ်စီး စုစုပေါင်းမော်တော်ယာဉ် ၃၃ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲ တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ် ၃၃၉၃၇ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရှိရသည်။

အလားတူ ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီအချိန်ထိ ရန်ကုန်-မန္တလေးအမြန်လမ်း တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ ခါးပတ် မပတ်ဘဲ မောင်းနှင်သော မော်တော်ယာဉ်လေးစီး၊ လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ တိုးဂိတ်၌ မော်တော်ယာဉ်လေးစီး စုစုပေါင်း မော်တော်ယာဉ်ရှစ်စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ခါးပတ်မပတ်ဘဲ မောင်းနှင်သော ယာဉ် ၅၄၉၃ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ဘားအံမြို့နယ် ထန်းတပင်ကျေးရွာတွင် လျှပ်စီးမှောက်၍ ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**ဘားအံ ဇူလိုင် ၃၁**

ဘားအံမြို့ ကော့လှိုက်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာတွင် ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က ကလေးငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့ ကော့လှိုက်ကျေးရွာနေ ကလေးခုနစ်ဦးသည် လက်လှော်လှေဖြင့် လှေလှော်ကစားခဲ့ရာ ထန်းတပင်ကျေးရွာ စာသင်ကျောင်းအနီးရှိ တံတားအရောက်တွင် လှေတိမ်းမှောက်ခဲ့ရာ အခြားခြောက်ဦး လွတ်မြောက်ခဲ့သော်လည်း ကော့လှိုက်ကျေးရွာနေ အသက် (၁၀) နှစ်အရွယ် ပဉ္စမတန်းကျောင်းသူ မိန်းကလေးတစ်ဦးမှာ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၃၁**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် နောက်ဆုံးမှ စာရင်းပေးသွင်းခဲ့သည့် တိုက်ကွမ်ဒိုအားကစားအဖွဲ့သည် အပြီးသတ်လက်ရွေးစင် လေးဦးရွေးချယ်ကာ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း တိုက်ကွမ်ဒိုလေ့ကျင့်ရေးခန်းမ၌ ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ကကွက် New Poonisae တွင် ဆန်းရှိန်း၊ အမျိုးသမီး အတိုက်-၅၈ ကီလိုတန်းတွင် ဒေဝီဦးဂျူးလီယက်၊ အမျိုးသားအတိုက်-၅၈ ကီလိုတန်းတွင် ဇော်လင်းထက်နှင့် ၆၃ ကီလိုတန်းတွင် အောင်ကျော်ကျော်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူပြီးနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ရယူနိုင်ခြင်း မရှိတော့ဘဲ ၂၀၁၅ နှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှင့် လွဲချော်ခဲ့သည်။

"ကျွန်တော်တို့ အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲတွေ ယှဉ်ပြိုင်ဖို့ ဖေဖော်ဝါရီလက စတင်လေ့ကျင့်ခဲ့ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ အမှတ်ပေးစနစ် ပြောင်းလဲသွားပြီးဖြစ်တာကြောင့် နောက်ဆုံးသတ်မှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း ယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်ပေးနေပါတယ်။ အခုအာရှပြိုင်ပွဲမှာ လက်ရွေးစင် အားကစားသမားတွေက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရမယ်ဆိုတော့ လေ့ကျင့်ချိန်က သုံးလကျော် ရခဲ့ပါတယ်။ ရွှေတံဆိပ်ဆုရဖို့ ခက်ခဲနိုင်ပေမယ့် ကကွက်ပြိုင်ပွဲမှာ ကကွက်ရွှေတံဆိပ် ရယူနိုင်မယ်လို့ ထင်ပါတယ်"ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြ ကိုကျော်ကျော်ထူးက ပြောသည်။

အာရှပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အိမ်ရှင်အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ကို အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် လေးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ကကွက်လေ့ကျင့်နေကြစဉ်။

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- တန်းတက်ဖူလ်ဟမ်အသင်းသည် နယူးကာဆယ်အသင်းထံမှ ဆားဘီးယားတိုက်စစ်ကစားသမား မီထရိုဗစ်ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ တိုက်စစ်ကစားသမားကို ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၃ ခုနှစ်ထိရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် (၂၉ နှစ်)အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံကို စိတ်ဝင်စားခြင်းမရှိတော့ဘဲ အသက်(၂၆ နှစ်)အရွယ် ဘယ်လ်ဂျီယံဂိုးသမား ကော့တွိုက်စ်ကိုသာ ခေါ်ယူရန်စိတ်ဝင်စားတော့ကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- လက်စတာနည်းပြ ကလောက်ဒီဖျူရယ်သည် မန်ယူအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသော အသက် (၂၅ နှစ်)အရွယ် အင်္ဂလန်နောက်ခံကစားသမား မက်ဂွိုင်ရီအနေဖြင့် လာမည့်ရာသီတွင် လက်စတာအသင်းနှင့်သာ အတူရှိနေမည်ဟု အဆိုပါကစားသမားအပေါ် ၎င်း၏ယုံကြည်မှုကို ထပ်လောင်းပြောကြားလိုက်သည်။
- ချယ်လ်ဆီးနည်းပြသစ် ဆာရီ၏ ကစားသမားဝယ်ယူမှုစာရင်းတွင် အသက် (၂၉ နှစ်)အရွယ် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်ကစားသမား လီဝမ်ဒေါ်စကီးသည် အဓိကပစ်မှတ်ဖြစ်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ ရီးရဲမက်ဒရစ်အသင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် စိတ်အားထက်သန်နေကြောင်း သိရသည်။
- လီဗာပူးအသင်းက အသက် (၂၆ နှစ်)အရွယ် ဆီနီဂေါတိုက်စစ်ကစားသမား မာနေးသည် လာမည့်ရက်သတ္တပတ်အတွင်း အသင်းနှင့်အတူ နှစ်ရှည်စာချုပ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# အာရှကလပ် ဖူဆယ်ပြိုင်ပွဲ အဖွင့်ပွဲ မြန်မာကလပ် VUCနှင့် အင်ဒိုနီးရှားကလပ် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၃၁

**အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ အာရှကလပ် ဖူဆယ်ပြိုင်ပွဲ ပထမနေ့ကို ဩဂုတ် ၁ ရက် (ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် VUC အသင်းသည် အဖွင့်ပွဲအဖြစ် အိမ်ရှင်အင်ဒိုနီးရှားကလပ် မာတာရမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။**

ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ ယနေ့ကျင်းပမည့် ပထမနေ့ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် VUC အသင်းနှင့် အင်ဒိုနီးရှားကလပ် မာတာရမ်အသင်း၊ ဗီယက်နမ်ကလပ် တိုင်ဆွန်နမ်အသင်းနှင့် တောင်ကိုရီးယားကလပ် ဂျောင်ဂျူးအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ယူအေအီးကလပ် အယ်လ်ဒါဖတ်အသင်းနှင့် အီရတ်ကလပ် အယ်လ်ဝါဆတ်အသင်း၊ ဂျပန်ကလပ် နာဂိုရာအသင်းနှင့် တရုတ်ကလပ် ဒါလီယန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၆ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် VUC (မြန်မာ)၊ ဒါလီယန် (တရုတ်)၊ နာဂိုရာ (ဂျပန်)၊ မာတာရမ် (အင်ဒိုနီးရှား)၊ အုပ်စု (ခ) တွင် တိုင်ဆွန်နမ် (ဗီယက်နမ်)၊ အယ်လ်ဒါဖတ်(ယူအေအီး)၊ အယ်လ်ဝါဆတ် (အီရတ်)၊ ဂျောင်ဂျူး (တောင်ကိုရီးယား)၊ အုပ်စု (ဂ) တွင် ချောင်ဘူရီ (ထိုင်း)၊ အယ်လ်လီရာ (ကာတာ)၊ EREM (ကာဇက်စတန်)၊ ဗီပါစ် (ဩစတြေးလျ)၊ အုပ်စု (ဃ) တွင် ဆန်ဂန်(အီရန်)၊ ဘီရွတ် (လက်ဘနွန်)၊ AGMK (ဥဇဘက်ကစ္စတန်)၊ ဆီပါ (တာဂျစ်ကစ္စတန်) တို့ ပါဝင်နေသည်။

VUC အသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံး ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းရရန် ပြင်ဆင်ထားကြောင်း သိရသည်။

**ရဲရင့်ရှိန်း**

## မြန်မာ ယူ-၁၆ အသင်း အိမ်ရှင်အင်ဒိုနီးရှားကို ရှုံးနိမ့်

**ရန်ကုန် ဇူလိုင် ၃၁**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားအသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါသည့်ပွဲတွင် အရေးနိမ့်ခဲ့သောကြောင့် မြန်မာ ယူ-၁၆ အသင်းသည် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ခက်ခက်ခဲခဲကစားရတော့မည်ဖြစ်သည်။ အုပ်စု (က) အခြားပွဲတွင် ဗီယက်နမ်အသင်းက တီမောအသင်းကို လေးဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ယင်းအုပ်စုတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီ၊ ဖိလစ်ပိုင်နှင့် တီမောအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# ဗိုလ်တထောင်မြို့နယ်၌ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

ရန်ကုန် ဇူလိုင် ၃၁

**ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ ဇူလိုင် ၃၁ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။**

ဗိုလ်တထောင်မြို့နယ် အမှတ်(၉) ရပ်ကွက် သိမ်ဖြူလမ်းရှိ အိမ်ရှင် ဦးသန့်စင် (၅၇ နှစ်) ပိုင်ဆိုင်သော အမှတ် - ၁၅၂ လေးခန်းတွဲ နှစ်ထပ်၊ အပေါ်ထပ်(ဝဲ) ခန်း၌ ယနေ့ ည ၈ နာရီ ၁၅ မိနစ်ခန့်က မီးလောင်နေကြောင်း သတင်းအရ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက အုပ်ချုပ်မှုယာဉ်ငါးစီး၊ မီးငြိမ်းသတ်ယာဉ် ၁၅ စီးဖြင့် မီးငြိမ်းသတ်လျက်ရှိရာ ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အခန်းကပ်လျက်ဖြစ်သူ ဦးသက်ထွန်း၏ နေအိမ်ခန်းသို့ အနည်းငယ် ကူးစက်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရသည့်အကြောင်း အရင်းမှာ နေအိမ်တွင် ဘုရားမီးပူဇော်ထားသည့် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲ၍ မီးလောင်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာက အိမ်ရှင်ဖြစ်သူအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး**



# အာရှကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှကလပ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက်ကျင်းပသည်။ ပွဲဦးထွက်ပွဲတွင် အနိုင်ရထားသည့် မြန်မာကလပ် Asia World အသင်းသည် မထင်မှတ်ဘဲ ပါကစ္စတန်ကလပ်အသင်းကို အရေးနိမ့်ခဲ့သည်။

ဒုတိယနေ့တွင် အုပ်စုပွဲငါးပွဲ ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာကလပ် Asia World အသင်းသည် ပါကစ္စတန်ကလပ် Wapda အသင်းကို သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ Asia World အသင်းသည် ယခုပွဲအနိုင်ရလျှင် ကွာတားဖိုင်နယ်သို့ စောစီးစွာ တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း အခွင့်အရေးရယူနိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ Wapda အသင်းသည် ၂၆-၂၄ မှတ်၊ ၂၅-၁၉ မှတ်၊ ၂၅-၁၆ မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပွဲများတွင် ထိုင်းကလပ် နာခွန်ရတ်ချက်စီမာအသင်းက ဩစတြေးလျကလပ် ကန်ဘီရာအသင်းကို သုံးပွဲ-တစ်ပွဲ၊ သီရိလင်္ကာကလပ် လန်ကာအသင်းက ဟောင်ကောင်ကလပ် ယန်ချိုင်အသင်းကို သုံးပွဲပြတ်၊ ဗီယက်နမ်ကလပ် ဆန်နက်အသင်းက တရုတ် (တိုင်ပေ) ကလပ် ထိုင်ဝမ်ပါဝါအသင်းကို သုံးပွဲ-တစ်ပွဲ၊ အီရန်ကလပ် အာဒါကန်အသင်းက ဂျပန်ကလပ် တိုရေးအသင်းကို သုံးပွဲပြတ် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) မှ အီရန်ကလပ် အာဒါကန်အသင်း၊ အုပ်စု (ဂ) မှ သီရိလင်္ကာကလပ် လန်ကာအသင်းနှင့် ထိုင်းကလပ် နာခွန်ရတ်ချက်စီမာအသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်သွားသည်။ အုပ်စုနောက်ဆုံးပွဲများကို ဩဂုတ် ၁ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# ရေကြီးရေလျှံမှုများကြောင့် သထုံခရိုင်အတွင်း စာသင်ကျောင်းပေါင်း ၇၀ ပိတ်ထားရ

သထုံ ဇူလိုင် ၃၁

**မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် စာသင်ရန် အခက်ခဲများရှိနေသဖြင့် စာသင်ကျောင်းပေါင်း ၇၀ ယာယီပိတ်ထားရကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။**

ယာယီပိတ်ထားရသည့် စာသင်ကျောင်းအများစုမှာ ရေဝင်ရောက်ခဲ့၍ ပိတ်ထားရခြင်းဖြစ်ပြီး ရေဘေးသင့်ပြည်သူများ ယာယီခိုလှုံနေသည့်အတွက် ပိတ်ထားရသည့် ကျောင်းအချို့လည်းရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောတင်စိုးက ပြောသည်။

"ရေကျတာနဲ့ အမြန်ဆုံးပြန်ဖွင့်မှာပါ။ အစားထိုး ပြန်လည်သင်ကြားနိုင်အောင် အစီအစဉ်တွေ ရေးဆွဲထားဖို့ပြောထားတယ်။ ထိခိုက်ပျက်စီးမှုတွေရှိရင်လည်း အမြန်ဆုံးတင်ပြဖို့ မှာထားတယ်" ဟု ၎င်းက ဆက်ပြောသည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ဇူလိုင် ၂၂ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၂၄ ရက်မှစတင်ကာ စာသင်ကျောင်းများကို ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၃၁ ရက်၌ ကျိုက်ထိုမြို့နယ်တွင် ရေများ ပြန်လည်ကျဆင်းနေသဖြင့် ပိတ်ထားရသည့် စာသင်ကျောင်းများ မရှိတော့ဘဲ ဘီးလင်းမြို့နယ်တွင် ၅၆ ကျောင်း၊ သထုံမြို့နယ်တွင် ၁၀ ကျောင်းနှင့် ပေါင်မြို့နယ်တွင် လေးကျောင်း စုစုပေါင်း ကျောင်းပေါင်း ၇၀ ယာယီပိတ်ထားကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

# ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း၌ အရက်ပြန်ဘောက်ဆာယာဉ် တိမ်းမှောက်ပြီး မီးလောင်၍ လူနှစ်ဦးသေဆုံး

**ဝမ်းတွင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း၌ ၂၂ ဘီး အရက်ပြန်ဘောက်ဆာယာဉ်တစ်စီး ည ၉ နာရီ မိနစ် ၂၀ ခန့်က တိမ်းမှောက်ကာ မီးလောင်ခဲ့သောကြောင့် လူနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်၍ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်မြင့်ဆွေ ပါဝင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးထွန်း ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မြင်တိုင်ကန်ကျေးရွာသွား လမ်းခွဲအနီး မိုင်တိုင်အမှတ် ၃၆၂/၀ နှင့် ၃၆၂/၁ အကြားတွင် မိတ္ထီလာမြို့မှ ဝမ်းတွင်းမြို့ဘက်သို့ မောင်းနှင်လာသော အရက်ပြန်ဘောက်ဆာယာဉ် ယာဉ်အမှတ်နှင့် ယာဉ်အမည်၊ ယာဉ်မောင်းအမည်မသိ(၄၀နှစ်ခန့်) (စုံစမ်းဆဲ)နှင့် ဘေးခုံပေါ်တွင် အမျိုးသမီးတစ်ဦး (၃၅ နှစ်ခန့်) (စုံစမ်းဆဲ)တို့ကို မီးလောင်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရပြီး တွဲအမှတ် 1TLR/၇၆၅၉ အရက်ပြန် ဘောက်ဆာ ၂၂ ဘီးတွဲယာဉ်မှာ လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်ကာ မီးလောင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ မီးလောင်မှုကို ရဲတပ်ဖွဲ့ဝင် ၂၀၊ မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



# ကျောက်ပန်းတောင်းမြို့တွင် မြေသယ်ယာဉ်တစ်စီးက လမ်းဘေးအုတ်ခုံနှင့် ဈေးရောင်း ဈေးဝယ်များအား ဝင်တိုက်၊ ငါးဦးဒဏ်ရာရ




**ကျောက်ပန်းတောင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဈေးကွက်သစ်ရပ်ကွက် ရွှေညောင်ပင်လမ်းထောင့်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မီးသတ်လမ်းဆုံဘက်မှ ဈေးဘက်သို့ မောင်းနှင်လာသည့် ၁၀ ဘီးမြေသယ်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ရွှေညောင်ပင်အုတ်ခုံကို ဝင်ရောက်တိုက်မိရာမှ ဈေးရောင်း ဈေးဝယ်များကို ထိခိုက်မှုဖြစ်ခဲ့ရာ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်ဇော်ထက်(၂၀နှစ်) မောင်းနှင်သည့် နစ်ဆန်း ၁၀ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အထက်ပါနေရာအရောက်တွင် ကွန်ကရစ်အုတ်ခုံကို ဝင်ရောက်တိုက်မိခဲ့ပြီး ဈေးရောင်း ဈေးဝယ်ပြုလုပ်နေသည့် မခင်ဆွေဝင်း(၁၅နှစ်)၊ မနန္ဒာလင်း (၁၅ နှစ်)၊ မမေမီဝင်း(၂၃ နှစ်)၊ မရတနာလင်း(၁၆ နှစ်)နှင့် မသိုက်(၃၄ နှစ်)တို့ ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် ဒဏ်ရာရရှိသူ အမျိုးသမီးငါးဦးကို ကျောက်ပန်းတောင်းဆေးရုံသို့ လွှဲပို့ကုသမှု ခံယူစေခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်သည့် အောင်ဇော်ထက် ရေနံ့သာကျေးရွာ မတ္တရာမြို့နယ်နေသူကို ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁ -၈- ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၇း၃၅ - "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဓမ္မရောင်ခြည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ ဟောကြားသော "အနတ္တမြင်နိဗ္ဗာန်ဝင်" တရားတော်

၉း၂၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-နေမင်းအိမ်)

၁၀း၃၀ - Catch Asia News

၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၇၄)

**ညပိုင်း**

၁၆း၃၅ - "Thailand Music Show"

၁၇း၄၅ - "Alpine Cup 2018 လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (Myanmar U-23 Vs Korea U-19)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - "လပတ်မိုးလေဝသ အခြေအနေ"

- "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" (အပိုင်း-၃)(FB ဖောက်မယ်) မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း (ဒါရိုက်တာ-ရှင်ဒေဝီ)
- သုခမရင်ခွင်အငြိမ့်သဘင် "ကဗျာရုပ်စုံအငြိမ့်" (မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်-ဒွဲဒိုး၊ အောင်ချစ်၊ ဝူကျို၊ သတိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင် )

# မန်စီမြို့နယ် တောစပ်အနီး၌ စုပုံထားသော တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ဗန်းမော် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် တောစပ်အနီး၌ စုပုံထားသော တရားမဝင်သစ် ကျွန်းခွဲသား ၉၇ ချောင်းကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးမင်းမင်းသိန်း ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မန်စီမြို့မရဲစခန်းမှ ရဲအုပ်အောင်သန်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မန်စီမြို့နယ် မောရဝတီ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေတို့အဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီ မိနစ် ၄၀ ခန့်က သတင်းအရ နယ်မြေရှင်းလင်းစဉ် မန်စီမြို့ တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်း အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ တောစပ်အနီး၌ စုပုံထားသော တရားမဝင်ကျွန်းခွဲသား ၃ ပေအရှည် ဆိုက်စုံ ၉၇ ချောင်း(၂ ဒသမ ၁၁၄၈ တန်)ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ကျွန်းခွဲသားများကို မန်စီမြို့နယ်သစ်တောရုံးသို့ သစ်တောဥပဒေအရ သယ်ယူသိမ်းဆည်းထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ကျွန်းသစ်များ တင်ဆောင်နေသည့် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ရေတာရှည် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနနှင့် သစ်တောလုံခြုံရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီခွဲခန့်က ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ကျွန်းသစ်ခွဲသားများ တင်ဆောင်နေသည့် လိုင်စင်မဲ့ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန၊ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း (၆)မိုင်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စစ်ဆေးရေးဂိတ်မှ တောအုပ် မြင့်အောင်နှင့် ဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးအဖွဲ့မှ ဒုရဲအုပ် လင်းလင်းထွန်း ဦးစီးအဖွဲ့တို့ပူးပေါင်း၍ စိုင်းရသစ်တောကြိုးဝိုင်း အကွက်အမှတ်(၇၃) ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း မိုင်တိုင် ၁၇၅/၀ အနီးတွင် တရားမဝင်သစ်များ တင်ဆောင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကိုမျိုး(၂၇ နှစ်) ငါးခုံးမချောင်း(အရှေ့) သာဂရကျေးရွာ အုပ်စုနေသူကို 5D/------ တိုယိုတာ ဟိုင်းအေ့စ် (လိုင်စင်မဲ့)ယာဉ်နှင့်အတူ တွေ့ရှိရပြီး ယာဉ်ပေါ်တွင် ကျွန်းခွဲသား ၂၁ ချောင်း၊ ကျွန်းခွဲခြမ်း ၁၁ ခြမ်း၊ (၀ ဒသမ ၃၄၄၄ တန်)အား ဖမ်းဆီးရမိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဇန်းမောက်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ငွေကျပ် ၁၃ သိန်းကျော်ဖိုး ဖမ်းမိ

**ဇန်းမောက် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီး လူနေအိမ်တဲအတွင်းမှ မူးယစ်ဆေးဝါးများနှင့်အတူ မူးယစ်ဆေးသုံးစွဲသူ ငါးဦးဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ည ၁၁ နာရီခွဲတွင် ဇန်းမောက်မြို့နယ် မံထုံနယ်မြေရဲကင်းစခန်းမှူး ရဲအုပ် မင်းမော် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များသည် သက်သေများနှင့်အတူ ဇန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီး စိန်အောင်တင်(ခ)ကိုရခိုင်၏ နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ စိန်အောင်တင်(ခ)ကိုရခိုင်နှင့်အတူ ဖိုးထွန်း၊ စန်းဝင်း၊ ရဲမင်းဇော်၊ လှဦးတို့သည် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့ရှိရပြီး ၎င်းတို့အနီး ကြမ်းပြင်ပေါ်ရှိ လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၃ ဒသမ ၇၁ ဂရမ် (ကာလတန်ဖိုး ငွေကျပ် ၃၇၁၀၀၀)၊ ဘိန်းမည်း ၁၀၃ ဒသမ ၀ ဂရမ် (ကာလတန်ဖိုး ငွေကျပ် ၃၀၉၀၀၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈ ပြား (ကာလတန်ဖိုး ငွေကျပ် ၆၉၀၀၀၀)နှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအပြင် ငွေစက္ကူရောရော ၅၆၇၀၀ ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ စိန်အောင်တင်(ခ)ကိုရခိုင်နှင့် လှဦး ဟဲချိန်ကျေးရွာ၊ ဖိုးထွန်း လယ်ဦးကျေးရွာ ဇန်းမောက်မြို့နယ်နေသူ၊ စန်းဝင်း ဆည်ရွာကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် ရဲမင်းဇော် ဝန်ကြီးကျေးရွာ ဝန်းသိုမြို့နယ်နေသူတို့ကို ဇန်းမောက်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဗန်းမော်၊ ဂန့်ဂေါ၊ မန္တလေးနှင့် ကျေးသီးမြို့နယ်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၁**

စင်းခန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီက ဗန်းမော်မြို့နယ် စင်းခန်းချောင်းကူးမောင်းတံဂိတ်တွင် သန့်ဇင်မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၅ ပြားကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၃ နာရီက ဂန့်ဂေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါမြို့နယ် ကျောမြို့အမှတ်(၃)ရပ်ကွက်ရှိ လှမြင့်နှင့် မမြင့်မြင့်ခိုင်တို့၏ ရွှေဝါထွန်းစားသောက်ဆိုင်ကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ တို့ကိုလည်းကောင်း၊ အလားတူ ဂန့်ဂေါမြို့မစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောမြို့အမှတ်(၁)ရပ်ကွက်ရှိ သိန်းစိုး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၄၇ ဂရမ်ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၁၉ ရက် ည ၈ နာရီခန့်က အမှတ်(၃)မှုခင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် ၃၄ လမ်းနှင့် ၃၅လမ်းကြား ၆၈ လမ်းနှင့် ၆၉ လမ်းကြား နဝရတ်ရိပ်သာ (၂)လမ်းသွယ်တွင် မစံသွယ်လင်း မောင်းနှင်ပြီး ကိကိ(ခ)စိုးနိုင်ဦးနှင့် ထက်ပိုင်ဦးတို့ လိုက်ပါလာသည့် Polo TSI မော်တော်ယာဉ်ရောက်ရှိလာ၍ ရှာဖွေရာ စိုးနိုင်ဦးထံမှ ဆေးခြောက် ၁၅ ဂရမ်၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ငွေကျပ် ၅၄၀၀၀ တို့ကိုလည်းကောင်း၊ ကွင်းဆက်အရ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် လမ်း ၃၀နှင့် ၃၂ လမ်းကြား၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြား ရတနာတိုင်းပြည်အိမ်ရာဝင်းနေ ထက်ပိုင်ဦးနှင့် စိုင်းဝိုင်းချစ်တို့၏ တိုက်ခန်းကို ရှာဖွေရာ ဆေးခြောက် ၂ ဒသမ ၆၄၈ ကီလို၊ ငွေကျပ် ၁၀၀၅၆၅၀၊ ဆိုင်ကယ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ၃၂ လမ်း အကွက်အမှတ်(၇၄၄)တွင် နေထိုင်သည့် စိုင်းဝိုင်းချစ်အား နေအိမ်၌ ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်အရ ဇူလိုင် ၂၈ ရက် မင်းဘူးမြို့နယ် မန်းရေနံမြေအိမ်ရာ(၁)တွင် နေထိုင်သူ ထက်အောင်လှိုင် (ခ)ကြက်သွန်ဖြူကို နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းချိတ်ဆက်၍ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် မှုခင်း ရဲတပ်ဖွဲ့စု(၂)မကွေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်-မုံရွာကားလမ်း ပဒါန်းလမ်းဆုံအနီးတွင် စောင့်ဆိုင်းနေစဉ် အောင်အောင်သည် ခရီးဆောင်လက်ဆွဲအိတ်တစ်လုံးနှင့်အတူ ရောက်ရှိလာ၍ရှာဖွေရာ ဆေးခြောက် ၂ ဒသမ ၄၄၉၅ ကီလို၊ ငွေကျပ် ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



**ပီလိတ်နှင့် မပါလုံတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

ဇူလိုင် ၂၈ ရက် မွန်းလွဲ ၃ နာရီက ကျေးသီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျေးသီးမြို့ဝမ်ကန်ရပ်ကွက် ကံ့ကော်လမ်းနေ ပီလိတ်နှင့် ဇနီးဖြစ်သူ မပါလုံတို့၏နေအိမ်ဈေးဆိုင်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၈၈ ပြား၊ ဘိန်းဖြူ ၇ ဂရမ်နှင့် ငွေကျပ် ၅၃၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမေရိကန်သမ္မတ အီရန်ခေါင်းဆောင်ကို အချိန်မရွေးတွေ့ဆုံရန် အဆင်သင့်ဖြစ်ဟု ပြောကြား

ဝါရှင်တန် ဇူလိုင် ၃၁

**အမေရိကန်နှင့် အီရန်နှစ်နိုင်ငံ တင်းမာမှုများမြင့်တက်ပြီး ရက်သတ္တတစ်ပတ်အကြာ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် အီရန် ခေါင်းဆောင်ကို မည်သည့်အချိန်တွင်မဆို ဝမ်းသာအားရ တွေ့ဆုံသွားရန် အဆင်သင့်ဖြစ်နေကြောင်း မကြာသေးမီက ပြောခဲ့သည်။**

အီရန်ဘက်ကသာ ဆန္ဒရှိလျှင် မိမိ အချိန်မရွေး တွေ့ဆုံသွားမှာဖြစ်ကြောင်း၊ သို့သော်လည်း အီရန်ဘက်က တွေ့ဆုံဖို့ အဆင်သင့်ဖြစ်မဖြစ် မသိရသေးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီနှင့် အတူရှိနေစဉ် အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲ၌ ထိုသို့ပြောခဲ့ခြင်းဖြစ်သည်။

ထိုသို့ တွေ့ဆုံရန် မည်သည့် ကြိုတင်စီစဉ်မှုမျိုးမှ မလိုအပ်ကြောင်း သမ္မတထရန့်က ဆက်လက်ပြောခဲ့သည်။

"သူတို့တွေ့ချင်ရင် ကျွန်တော်တွေ့သွားမယ်။ သူတို့တွေ့ချင်တဲ့ ဘယ်အချိန်မဆိုပေါ့။ ဒါဟာ နိုင်ငံအတွက်လည်းကောင်းတယ်။ သူတို့အတွက်လည်း ကောင်းတယ်၊ ကမ္ဘာကြီးအတွက်လည်း ကောင်းတယ်" ဟု ထရန့်က ပြောသည်။

အီရန်သမ္မတ ဟက်ဆန်ရူဟာနီက ခြင်္သေ့အမြီးနှင့်မကစားနှင့်ဟု ရန်စသတိပေးစကားများ ပြောခဲ့ပြီး တစ်ပတ်အကြာတွင် အမေရိကန်သမ္မတက ထိုသို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အီရန်သမ္မတ၏ ခြိမ်းခြောက်ပြောဆိုမှုကို အမေရိကန်သမ္မတကလည်း လက်သင့်မခံဘဲ အမေရိကန်ကို ဘယ်တော့မှ မခြိမ်းခြောက်ရန်နှင့် အမေရိကန်ကို ခြိမ်းခြောက်ပါက အကြီးအကျယ် ဒုက္ခရောက်သွားမည်ဖြစ်ကြောင်း ပြန်လည်ချေပပြောဆိုခဲ့သည်။

မေလက အီရန်ကို နံပါတ် ၁ ရန်သူအဖြစ် သတ်မှတ်ထားသော အမေရိကန် သမ္မတ ထရန့်သည် ၂၀၁၅ တီဟီရန်နှင့် သဘောတူခဲ့သည့် နျူကလီးယားစာချုပ်မှ နုတ်ထွက်ခဲ့ပြီး တီဟီရန်ကို ပိတ်ဆို့မှုများ ပြုလုပ်ရန် နည်းဗျူဟာ ပြောင်းလဲခဲ့သည်။

အီရန်အနေဖြင့် နျူကလီးယားဖွံ့ဖြိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ကို စိုးရိမ်သည့်အနေဖြင့် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။





အမေရိကန်၏ ကုန်သွယ်ရေးအပေါ် စိုးထိတ်သော်လည်း အမေရိကန်၏ ဥရောပမဟာမိတ်များ အနေဖြင့် အီရန် နျူကလီးယား သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း သိရသည်။

အီရန် မကောင်းသတင်းထွက်နေသည့် ထိပ်တန်းအစိုးရ ခေါင်းဆောင်များကို ပိတ်ဆို့အရေးယူခြင်းများအပေါ် အမေရိကန်နိုင်ငံအနေဖြင့် အနည်းငယ်မျှ စိုးရိမ်မှုမရှိကြောင်းလည်း ဇူလိုင် ၂၃ ရက်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ဘုရင်မကြီး အဲလိဇဘက်နှင့် ဗြိတိန်တော်ဝင်မိသားစုသုံးခဲ့သည့် ရိုးရှိုက်စ်ကားများ လေလံတင်ရောင်းချမည်

**လန်ဒန် ဇူလိုင် ၃၁**

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်ခန့်က ဘုရင်မကြီး အဲလိဇဘက်နှင့် ဗြိတိန်တော်ဝင် မိသားစုသုံးခဲ့သည့် ဗင်းတိတ်ရိုးရှိုက်စ်ကားများကို လာမည့်လတွင် လေလံတင်ရောင်းချမည်ဟု သိရပြီး ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း အထိရှိမည်ဟု ခန့်မှန်းထားသည်။

ပထမဆုံး လေလံတင်ရောင်းချမည့် ကားစာရင်းတွင် ထိပ်ဆုံးမှ ဖော်ပြထားသည့်ကားမှာ ၁၉၅၃ ခုနှစ်ထုတ် ရိုးရှိုက်စ်ဖန်သွန်-၄ စတိတ်လန်ဒေါ့လက်တီဖြစ်ပြီး ၎င်းကို ရိုးရှိုက်စ်ရွှေရတုအထိမ်းအမှတ်တွင် တီထွင်ခဲ့ခြင်းဖြစ်ကာ ဘုရင်မကြီး အဲလိဇဘက် အသုံးပြုခဲ့ကြောင်း သိရသည်။

၎င်းကို Royal Mews ထဲတွင် ၁၉၅၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ သိမ်းထားခဲ့ကာ ၎င်း၏ဈေးမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ သန်းမှ ၂ ဒသမ ၆ သန်းကြားရှိကြောင်း သိရပြီး ရိုးရှိုက်စ်၏ ကားမော်ဒယ်အမျိုးအစား ၁၈ မျိုးအနက် အကောင်းဆုံး တစ်မျိုးဖြစ်သည်။



ဖန်သွန်-၄မှာ မီဂန်မာကယ်ကို မင်းသား ဟယ်ရီနှင့် လက်ထပ်ရန် ဝင်ဆာရဲတိုက်သို့ ကြိုပို့လုပ်ပေးခဲ့သည့် ဘရစ်ဒယ်ကားနှင့် ခပ်ဆင်ဆင်တူသည်။

နိုင်ငံတော်ခေါင်းဆောင်များနှင့် နာမည်ကြီးများအတွက် ထုတ်လုပ်ခဲ့သော အဆိုပါကားမှာလည်း ရိုးရှိုက်စ်၏ ထင်ရှားကျော်ကြားလှသော မော်ဒယ် ၁၈ မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်ကြောင်း သိရသည်။

ကွယ်လွန်သွားသော မင်းသမီး ဒိုင်ယာနာ ဝေလမင်းသမီးနှင့် မင်းသားချားစ်တို့ အသုံးပြုခဲ့သောကားများ အပါအဝင် စုစုပေါင်း ရိုးရှိုက်စ်ကားအမျိုးအစား ရှစ်မျိုးကို လေလံတင်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဇင်ဘာဘွေ ရွေးကောက်ပွဲ ငြိမ်းငြိမ်းချမ်းချမ်း ကျင်းပပြီးစီး

**ဟာရာရီ ဇူလိုင် ၃၁**

ဇင်ဘာဘွေနိုင်ငံ၌ ရွေးကောက်ပွဲကို တနင်္လာနေ့ည ဒေသစံတော်ချိန် ၇ နာရီတွင် ပိတ်သိမ်းခဲ့ပြီး နိုင်ငံတစ်ဝန်း မဲပေးပွဲကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် ကျင်းပပြီးစီးခဲ့ကြောင်း ဇင်ဘာဘွေ ရွေးကောက်ပွဲကော်မရှင်နာ ကျူ့ဘာနီမိုရိုက ပြောသည်။ မဲရုံပိတ်သည်နှင့်တစ်ပြိုင်နက် မဲရေတွက်မှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်များတွင် မဲပေးပွဲကျင်းပရာ၌ ကောင်းမွန်သည့်ရလဒ်များရခဲ့ကြောင်း၊ မဲပေးမှု အစအဆုံးတွင် တည်ငြိမ်အေးချမ်းစွာ ပြီးဆုံးသွားခဲ့ကြောင်း ကော်မရှင်နာ မိုရိုက ပြောသည်။ အမျိုးသားညီလာခံနှင့် ဒေသတွင်းအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို အင်္ဂါနေ့မနက်တွင် စတင်မည်ဟု ခန့်မှန်းထားသည်။ သမ္မတရွေးကောက်ပွဲရလဒ်ကို ဩဂုတ် ၄ ရက်တွင် ကြေညာမည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ကျင်းပခဲ့စဉ်က နံနက် ၇ နာရီတွင် မဲရုံများ၌ တန်းစီမဲပေးခဲ့ကြသည်။ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၂၃ ဦးရှိပြီး ၎င်းတို့အထဲတွင် အင်အားအကြီးဆုံးမှာ လက်ရှိသမ္မတ အီမာဆွန် မနန်ဂါဂွါနှင့် ၎င်း၏အတိုက်အခံဖြစ်သူ နယ်ဆန် ချာမီဆာတို့ပင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် အကယ်၍သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရပါက တိုင်းပြည်၏စီးပွားရေးကို ပြုပြင်ပြောင်းလဲမည်ဟု ကတိပြုထားကြသည်။ လက်ရှိသမ္မတ မနန်ဂါဂွါသည် ၎င်း၏ဇာတိမြေ Kwekwe တွင် မဲပေးခဲ့ပြီး ၎င်း၏ပြိုင်ဘက် ချာမစ်ဆာမှာမူ မြို့တော်ဟာရာရီတွင် မဲပေးခဲ့သည်။ **ဆင်ဟွာ**




# လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရှစ်ဦးသေဆုံး၊ ၄၀ ဒဏ်ရာရ

**ကဘူးလ် ဇူလိုင် ၃၁**

အာဖဂန် အနောက်ပိုင်းပြည်နယ် ဖာရာ၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဖြတ်သန်းသွားစဉ် ဗုံးပေါက်ကွဲခဲ့ရာ လူ ရှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်္ဂါနေ့တွင် ဒေသခံအစိုးရက ပြောသည်။ ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲဝန်းကျင်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသခံအာဏာပိုင်များကပြောသည်။

သေဆုံးသွားသူများထဲတွင် အမျိုးသမီးတစ်ဦးပါဝင်ပြီး ဒဏ်ရာရရှိသူများထဲတွင် ကလေးနှင့် အမျိုးသမီးများစွာပါဝင်ကြောင်း သိရသည်။ အဆိုပါဘတ်စ်ကားသည် အနောက်ပိုင်း ဟီရတ်ပြည်နယ်မှ မြို့တော် ကဘူးလ်သို့ ခရီးသည်များတင်ဆောင်လာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်သို့ ရွှေ့ပြောင်းလာသည့် ကလေးများအတွက် အိပ်ရာထောင်ချိုမလိုအပ်တော့ဟုဆို

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်အစိုးရ အေဂျင်စီတစ်ခုက ရွှေ့ပြောင်းအခြေချကလေးငယ်များအတွက် အိပ်ရာထောင်ချိုထောက်ပံ့မည်လားဆိုသည့် မေးခွန်းအား ပင်တဂွန်သို့ မေးရန် မလိုအပ်တော့ကြောင်း အရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

မက္ကဆီကိုနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အမေရိကန်နယ်စပ်တွင် အမေရိကန်သမ္မတထရန့်၏ လူဝင်မှု ကြီးကြပ်ရေး လုံးဝသည်းမခံသော မူဝါဒအရ ကလေးများကို ထိန်းသိမ်းခဲ့သော အမေရိကန်စစ်ဘက်ဆိုင်ရာ နေရာလေးခုရှိကြောင်း ကျန်းမာရေးနှင့် လူ့အကျိုးပြု ဝန်ဆောင်မှုဌာနက ပြောခဲ့သည်။

ကလေးများကို မိဘဆွေမျိုးများနှင့် ခွဲထားမည်လား၊ မခွဲထားဘူးလားဆိုသည့် အငြင်းပွားမှုသည် အမေရိကန်နှင့် တခြားနိုင်ငံများတွင် ဟိုးလေးတကျော် ဖြစ်ပွားခဲ့ပြီး ယခုအခါတွင် အဆိုပါစနစ်မှာ အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

တက္ကဆက်ရှိ ဂွဒ်ဖဲလိုးလေတပ်အခြေစိုက်စခန်းသည် ထိန်းသိမ်းရေးစခန်းများအနက် တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ယခုအခါတွင် ကလေးများအတွက် အိပ်ရာများ မလိုအပ်တော့ကြောင်း ကျန်းမာရေးနှင့် လူ့အကျိုးပြုဝန်ဆောင်မှုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝီဘာက ပြောခဲ့သည်။

ဂွဒ်ဖဲလိုးကို သုံးဖို့ လုံးဝအစီအစဉ် မရှိတော့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ ဖမ်းဆီးထိန်းသိမ်းခံ ကလေးများကို ယခုအခါတွင် အမေရိကန်၌ အခြားသင့်တော်သော ကယ်ဆယ် စောင့်ရှောက်မည့် သူများထံ လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဝီဘာက ဆက်လက်ပြောကြားသည်။

အမေရိကန်၏ လုံးဝသည်းမခံသော မူဝါဒသည် အရှိန်ကောင်းကောင်းဖြင့် ကျင့်သုံးခဲ့ပြီး ရက်သတ္တပတ်ခြောက်ပတ်အကြာ ဇွန်လတွင် အဆုံးသတ်ခဲ့ပြီဖြစ်ကာ ယခုအခါတွင် တရားရုံးအမိန့်အောက်၌ ဖက်ဒရယ်အစိုးရအနေဖြင့် ကလေးများကို ၎င်းတို့၏ မိဘဆွေမျိုးများနှင့် ပြန်လည်ပေါင်းစုံရန် ဖန်တီးပေးလျက်ရှိသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယား၏ ဒုံးကျည်များကို ဟန့်တားရန် အေးဂျစ်အက်ရှီး စနစ်နှစ်ခုကို ဂျပန်ဖြန့်ကြက်မည်

**တိုကျို ဇူလိုင် ၃၁**

မြေပြင်ဗဟိုပြု အေးဂျစ်အက်ရှီး ဒုံးခွင်းဒုံးစနစ်သည် ကနဦးခန့်မှန်းထားသည်ထက် ၇၀ ရာခိုင်နှုန်း ပိုမိုဈေးကြီးနိုင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီ အိုနိုဒါရာက ပြောသည်။

အစိုးရအနေဖြင့် ဒုံးခွင်းဒုံးစနစ်အတွက် ရေဒါစနစ်ပါ လော့ဟိဒ်မာတင် အက်စ်အက်စ်အာရ်ကို ရွေးချယ်ခဲ့ကြောင်း အိုနိုဒါရာက ပြောခဲ့သည်။

အဆိုပါရေဒါစနစ်မှာ အမေရိကန်အစိုးရနှင့် အာကာသယာဉ်တီထွင်သူတို့မှ အဆိုပြုခဲ့သောစနစ် ဖြစ်သည်။

အေးဂျစ်အက်ရှီး စနစ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ သန်း ၇၂၀ ခန့်ကုန်ကျနိုင်ကြောင်း သိရပြီး အိုနိုဒါရာက အဆိုပါ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံထက်မနည်း ကုန်ကျနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သစ်လွင်ကောင်းမွန်ပြီး အလွန်နည်းပညာရှုပ်ထွေးသည့် ရေဒါစနစ်ကို ရွေးချယ်သောကြောင့် ဖြစ်ကြောင်း အိုနိုဒါရာက ပြောခဲ့သည်။

ဂျပန်အစိုးရအနေဖြင့် မြောက်ကိုရီးယား ဒုံးကျည်များကို ဟန့်တားရန် အေးဂျစ်အက်ရှီး စနစ်နှစ်ခုကို ဖြန့်ကြက်သွားရန် စီစဉ်ထားပြီး တစ်ခုမှာ ဂျပန်နိုင်ငံ၏ အနောက်ဘက်မြို့တော် ဟာဂီနှင့် အခြားတစ်ခုမှာ မြောက်ဘက်မြို့တော် အာကီတာတို့တွင် ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### MH 370 လေယာဉ်ပျောက်ဆုံးမှု အစီရင်ခံစာတွင် ထူးဆန်းစွာ ပျောက်ဆုံးရသည့်အကြောင်း မပါဝင်

**ကွာလာလမ်ပူ ဇူလိုင် ၃၁**

၂၀၁၄ ခုနှစ်ကပျောက်ဆုံးခဲ့သော မလေးရှားလေကြောင်းလိုင်း MH 370 ၏ ပျောက်ဆုံးမှု အစီရင်ခံစာကို စုံစမ်းစစ်ဆေးရေးအဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ထူးဆန်းစွာ ပျောက်ဆုံးရခြင်း နောက်ကွယ်မှ အကြောင်းတရားများမပါဝင်သကဲ့သို့ သက်သေမရှိသည့်အတွက် ရှင်းလင်းမပြနိုင်သည့် အကြောင်းအရာများလည်းရှိကြောင်း သိရသည်။

ထင်ရှားသည့် သက်သေအထောက်အထားများ မရှိသဖြင့် လေယာဉ်ပျောက်ဆုံးရသည့် အကြောင်းတရားကို ဖော်ထုတ်ရန် မစွမ်းဆောင်နိုင်ခဲ့ကြောင်း မလေးရှား အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းမှု အဖွဲ့အစည်းမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် ကွတ်ဆိုချွန်းက ပြောသည်။

ပျောက်ဆုံးနေသော အချက်အလက်များတွင် လေယာဉ်ပျံသန်းမှု မှတ်တမ်း၊ လေယာဉ်ခေါင်းခန်းရှိ အသံဖမ်းစက်၊ ဘာကြောင့်အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းကို ပျံသန်းရသည်ဟူသည့် လေယာဉ်နှင့်ပတ်သက်သည့် အခြားသောမှတ်တမ်းများ ပါဝင်နေသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လေယာဉ်ဘာကြောင့် ပြန်ရှာမတွေ့ရသည့် အကြောင်းအရာများကို ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ကြောင်း ၎င်းကပြောသည်။

**ဆင်ဟွာ**

# ပါကစ္စတန်ခေါင်းဆောင်သစ်က တိုင်းပြည်ရဲ့ပုံရိပ်ကို ပြောင်းလဲနိုင်ပါ့မလား

**ဖြိုးစန္ဒီနွေး**

**အသေခံဗုံးခွဲမှုများဖြစ်ပွားရာနေရာ၊ အကြမ်းဖက်သမားများအတွက် ခိုလှုံရာနေရာ၊ ကျောင်းအတွင်းဝင်ရောက်ပစ်ခတ်မှုအစရှိတဲ့ သတင်းဆိုးတွေနဲ့ ကျော်ကြားနေတဲ့ ပါကစ္စတန် ဟာ အခုအခါမှာတော့ အလှည့်အပြောင်းတစ်ခုနဲ့ ကြုံလာရပါပြီ။ နာမည်ကျော်ကြားတဲ့ခရစ်ကက် ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အင်မရန်ခန်းဟာ လွန်ခဲ့တဲ့သီတင်းပတ်က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပါတယ်။**




**အနောက်အုပ်စုနှင့်ရင်းနှီးသူ**

နာမည်ကျော်ကြားသူ တစ်ဦးဖြစ်တဲ့ အင်မရန်ခန်းဟာ ပါကစ္စတန်နဲ့ အနောက်အုပ်စု အဆင်ပြေအောင် သူ့ရဲ့ကျော်ကြားမှုကို အသုံးချလို့ရပါတယ်။ ဒါ့အပြင် အိမ်နီးချင်း တရုတ်နိုင်ငံနဲ့လည်း ပိုမိုနီးကပ်လာအောင် စွမ်းဆောင်လို့ရပါတယ်။ ဒါမှမဟုတ် မစ္စတာခန်းဟာ သူ့အရင် ပါကစ္စတန်ခေါင်းဆောင်တွေရဲ့ လမ်းကြောင်းအတိုင်းလိုက်မယ်ဆိုရင်လည်း လိုက်လို့ ရပါတယ်။ တင်းကျပ်လွန်းလှတဲ့ အစ္စလာမ်ဥပဒေတွေကို အထောက်အပံ့ပြုမယ်၊ ပါကစ္စတန်ကို အထီးကျန်ဖြစ်စေမယ့် နည်းလမ်းတွေအတိုင်း လိုက်မယ်ဆိုရင်လည်း လိုက်လို့ရပါတယ်။

မစ္စတာခန်းဟာ လတ်တလော အခြားသော ရွေးကောက်ပွဲဝင်ခေါင်းဆောင်တွေထက် ပိုပြီးပါဝါရှိတာကတော့ အမှန်ပါပဲ။ ရွေးကောက်ပွဲမှာ မသမာမှုတွေရှိတယ်လို့ ယူဆလို့ရနိုင်ပေမယ့် တိုင်းပြည်ကို ပြောင်းလဲဖို့ဆိုရင် အခြားသောခေါင်းဆောင်တွေနဲ့ယှဉ်ရင် ပိုပြီးအလေးသာပါတယ်။ အောက်စဖို့ဒ် ဘွဲ့ရတစ်ဦး ဖြစ်တဲ့အပြင် ဗြိတိန်အမျိုးသမီးတစ်ဦးနဲ့တစ်ကြိမ်လက်ထပ်ဖူးတဲ့ မစ္စတာခန်းဟာ အနောက်အုပ်စုနဲ့ ရင်းနှီးဖို့ဆိုတာ သိပ်ပြီးမခဲယဉ်းတဲ့ကိစ္စပါ။ မစ္စတာခန်းဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ ဗြိတိန်တော်ဝင်မင်းသမီး ဒိုင်ယာနာနဲ့ ခင်မင်ရင်းနှီးသူလည်း ဖြစ်ပါတယ်။

**ကြွေးမြီပြဿနာဖြေရှင်းနိုင်ပါ့မလား**

ဝန်ကြီးချုပ်တစ်ယောက်ဖြစ်လာဖို့ဆိုရင် မစ္စတာခန်းဟာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတွေကို အနိုင်ယူနိုင်ရမှာဖြစ်ပြီး ပါတီငယ်လေးတွေနဲ့ ညွန့်ပေါင်းဖွဲ့ဖို့လည်း လိုအပ်ပါတယ်။ ဒါဟာ သေချာတဲ့ ကိစ္စတစ်ခုမဟုတ်ပေမယ့် သူဟာ ဒီပြဿနာကိုကောင်းကောင်းရင်ဆိုင်နိုင်လိမ့်မယ်လို့ အများစုက ယုံကြည်ထားကြပါတယ်။ တကယ်တမ်းကျတော့ ပါကစ္စတန်နိုင်ငံဟာ အရေးပါတဲ့ တိုင်းပြည်ဆိုလည်း မမှားပါဘူး။ လူဦးရေထူထပ်မှုမှာဆိုရင် ကမ္ဘာပေါ်မှာ အဆင့် ၆ ရှိပါတယ်။ ပါကစ္စတန်မှာ ပြည်သူသန်း ၂၀၀ကျော် နေထိုင်ပါတယ်။ နျူယူးကလီးယားလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်တဲ့အပြင် အိန္ဒိယ၊ တရုတ်၊ အီရန်၊ အာဖဂန်နစ္စတန် အစရှိတဲ့ နိုင်ငံတွေနဲ့ နီးကပ်ပြီး မဟာဗျူဟာကျတဲ့နေရာမှာ တည်ရှိပါတယ်။ နှစ်ပေါင်းများစွာနိုင်ငံဟာ အသေခံဗုံးခွဲသမားတွေ၊ အကြမ်းဖက်သမားတွေ၊ တာလီဘန်သူလျှိုတွေ၊ အယ်ကိုင်ဒါ ထောက်ခံသူတွေကိုလက်ခံထားရာနေရာ ဖြစ်ခဲ့ပါတယ်။ ဒီလိုမျိုး အဆိုးတွေရှိပေမယ့် နိုင်ငံရဲ့နေရာအစိတ်အပိုင်း တော်တော်များများကတော့ ယနေ့ခေတ်အခါမှာ လုံခြုံနေတာကိုတွေ့ရပါတယ်။ ဈေးအသစ်တွေ ၊ ကျောင်းအသစ်တွေ တည်ဆောက်ထားနိုင်တာကိုလည်း တွေ့ရပါတယ်။ အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အင်မရန်ခန်းဟာ ဝန်ကြီးချုပ်ဖြစ်လာမယ်လို့ အားလုံးက တစ်ထစ်ချ ယုံကြည်နေကြပါတယ်။ နိုင်ငံတကာနဲ့ရင်းနှီးမှုရှိတဲ့ မစ္စတာခန်းဟာ ပါကစ္စတန်မှာ ကြုံတွေ့ခံစားနေရတဲ့ ကြွေးမြီပြဿနာကို ဖြေရှင်းဖို့အတွက် နိုင်ငံတကာနဲ့ပူးပေါင်းပြီး နည်းလမ်းတွေ ရှာဖွေနိုင်မယ်။ ပါကစ္စတန်မှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အပြည်ပြည်ဆိုင်ရာက ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားကြပါတယ်။

တရုတ်နိုင်ငံနဲ့လည်း ပိုပြီးရင်းနှီးမှု ရရှိလာမှာပါ။ လွန်ခဲ့တဲ့သီတင်းပတ်က မစ္စတာခန်းဟာ ပြည်သူတွေကို မိန့်ခွန်းပြောတဲ့အခါ တရုတ်ပြည်ကို ရည်ညွှန်းပြီး ပြောဆိုခဲ့တာတွေ အတော်များများ ပါပါတယ်။ တရုတ်ပြည်ဟာ ဆင်းရဲမှုကနေ ရုန်းထွက်နိုင်ပြီး ကြွယ်ဝချမ်းသာအောင် လုပ်ဆောင်နိုင်တာ၊ အကျင့်ပျက် ခြစားမှုကို တိုက်ဖျက်နိုင်တာ အစရှိတာတွေဟာ အတုယူရမယ့်အချက်လို့ ပြောခဲ့ပါတယ်။

ပါကစ္စတန်တပ်ဖွဲ့ဟာ မစ္စတာခန်းဘက်ကရပ်တည်လို့ စွပ်စွဲချက်တွေလည်း ရှိပါတယ်။ ရွေးကောက်ပွဲမတိုင်မီကာလတွေကို ပြန်ကြည့်မယ်ဆိုရင် ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့တွေဟာ တခြားပြိုင်ဘက်တွေက ခြိမ်းခြောက်တာ၊ PML-N ပါတီခေါင်းဆောင်တွေကို ဖမ်းဆီးတာ တရားစွဲဆိုတာတွေ ပြုလုပ်ခဲ့တာကို မြင်နိုင်ပါတယ်။ ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့တဲ့ နာဝပ်ဇ်ရှာရစ်ကိုလည်း ရွေးကောက်ပွဲမတိုင်ခင် နှစ်ပတ်အလိုမှာ ဖမ်းဆီးပြီး တရားစွဲဆိုခဲ့ပါတယ်။ ရွေးကောက်ပွဲနေ့မှာလည်း မဲရေတွက်တဲ့ အခန်းမှာ ပါကစ္စတန်တပ်ဖွဲ့ဝင်တွေဟာ စောင့်ကြပ်နေကြတယ်။ ဒါ့ကြောင့် မဲမသမာမှုတွေရှိနေတယ်ဆိုပြီး မစ္စတာခန်းကို ပြိုင်ဘက်တွေက စွပ်စွဲကြပါတယ်။

**ထင်သလို ချုပ်ကိုင်လို့မရနိုင်**

ပြိုင်ဘက်တွေက ဘယ်လိုပဲ စွပ်စွဲကြပါစေ မစ္စတာခန်းဟာ လူငယ်တွေရဲ့ ထောက်ခံမှုကို အပြည့်အဝရထားသူလည်း ဖြစ်တယ်။ ရွေးကောက်ပွဲမှာ မစ္စတာခန်းရဲ့ပါတီဟာ မဲလေးသန်းခန့် ရရှိခဲ့ပါတယ်။ အောက်လွှတ်တော်မှာ မစ္စတာခန်းရဲ့ပါတီဟာ အမတ်နေရာ ၁၀၀ ကတော့ သေချာနေပါပြီ။ နောက်ထပ် အင်အားကြီး ပါတီတစ်ခုဖြစ်တဲ့ PML-N ပါတီကတော့ ၆၄ နေရာအနိုင်ရထားပါတယ်။ တစ်ဖက်အင်အားကိုလည်း လျှော့တွက်လို့ မရတဲ့အတွက် မစ္စတာခန်းဟာ အောက်လွှတ်တော်မှာ သူထင်သလို ချုပ်ကိုင်လို့မရတာကလည်း အမှန်ပါပဲ။

**ပြုပြင်ပြောင်းလဲလိုစိတ်ရှိ**

အောင်မြင်ကျော်ကြားသူတစ်ဦးဖြစ်တဲ့ မစ္စတာခန်းဟာ သူ့ကိုယ်သူ ဝန်ကြီးချုပ်ဟောင်း မစ္စတာနာဝပ်ဇ်ထက် ပိုပြီး စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ မစ္စတာခန်းရဲ့ အတွေးအခေါ်တွေကို ကြည့်မယ်ဆိုရင် သူဟာ ပါကစ္စတန်လူငယ်တွေကို အကြမ်းဖက်သမားတွေအား တိုက်ခိုက်ပေးဖို့ ဆွဲဆောင်တဲ့ သင်ကြားမှုမျိုး ပြုပြင်ပြောင်းလဲလိုတယ်။ အနောက် အုပ်စုနဲ့ ဆက်ဆံရေးကို ကြည့်မယ်ဆိုရင် အနောက်အုပ်စုက ပါကစ္စတန် အပေါ် စိတ်ဝင်စားရတဲ့ အချက်နှစ်ချက် ရှိပါတယ်။ အဲဒါတွေကတော့ စစ်သွေးကြွအုပ်စုနဲ့ နျူးကလီးယားလက်နက်ပါပဲ။ အဲဒီ နှစ်ချက်နဲ့ ပတ်သက်လို့ကတော့ မစ္စတာခန်းအနေနဲ့ ဘာမှ ပြောကြားတာမျိုး မရှိသေးပါဘူး။

**စီးပွားရေးကိုအလေးပေးဖို့လို**

ပါကစ္စတန်တပ်ဖွဲ့နဲ့ ထောက်လှမ်းရေးတို့ ကိုင်တွယ်ထားတဲ့ ကိစ္စနှစ်ရပ်လည်းဖြစ်လို့ မစ္စတာခန်းအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ဖြေရှင်းစရာ အများကြီး မရှိပါဘူး။ ဒါပေမယ့် သူ သေသေချာချာ ကိုင်တွယ်ရမယ့်ကိစ္စတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ စီးပွားရေးပါပဲ။ ပါကစ္စတန်ဟာ ပေးချေစရာငွေကြေးအများကြီး ကျန်ရှိနေပါသေးတယ်။ ငွေကြေးတန်ဖိုးဟာလည်း ကျသထက်ကျလာပြီး ကြွေးတွေလည်းများလာပါတယ်။ နောက်တက်လာမယ့် ဝန်ကြီးချုပ်အသစ်အနေနဲ့ စီးပွားရေးနဲ့ ပတ်သက်ပြီး ရုန်းကန်စရာတွေ အများကြီးပဲလို့ စီးပွားရေးသုတေသီတွေက ပြောကြပါတယ်။ နိုင်ငံရဲ့ဘတ်ဂျက်မှာ ဖြတ်တောက်စရာတွေလည်း အများကြီး ရှိပါတယ်။ စွမ်းအင်ကဏ္ဍအတွက် ပိုမိုကျခံရမှာတွေရှိပြီး နိုင်ငံပိုင်လုပ်ငန်းအဟောင်းတွေကို ပုဂ္ဂလိကကို ရောင်းချဖို့၊ နောက်ပြီး အခွန်ကောက်ခံဖို့ အစရှိတာတွေ လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်အတွင်းက ပါကစ္စတန်မှာ လူဦးရေသန်း၂၀၀ ကျော်ရှိပေမယ့် သန်း ၁၀၀ ခန့်ကသာ အခွန်ငွေပေးဆောင်တယ်လို့ ပါကစ္စတန်အစိုးရက ပြောပါတယ်။ လက်ရှိမှာတော့ မစ္စတာ ခန်းဟာ ပါလီမန်မှာ ညွန့်ပေါင်းဖွဲ့ဖို့အတွက် ကြိုးပမ်းရဦးမှာပါ။ ပါတီငယ်လေးတွေကတော့ ပူးပေါင်းဖို့ အသင့်ရှိတယ်လို့ သိရပါတယ်။ ရွေးကောက်ပွဲမှာ ဒုတိယမဲအများဆုံးရရှိတဲ့ ပါကစ္စတန် ပြည်သူ့ပါတီကတော့ မစ္စတာခန်းနဲ့ ပူးပေါင်းမလား၊ ဆန့်ကျင်မလားဆိုတာ မဝေခွဲရသေးပါဘူး။ တကယ်လို့များ ပူးပေါင်းနိုင်ခဲ့ရင်တော့ မစ္စတာခန်းရဲ့ ညွန့်ပေါင်းအစိုးရဟာ အင်အားကြီးဖြစ်လာမှာပါ။ မစ္စတာခန်းကို မဲမပေးခဲ့သူတွေတောင်မှ မစ္စတာခန်းဟာဝန်ကြီးချုပ်ဖြစ်လာမှာပါလို့ တစ်ထစ်ချပြောဆိုနေကြပါတယ်။ သူဝန်ကြီးချုပ်ဖြစ်လာတဲ့အခါ တိုင်းပြည်ရဲ့ပုံရိပ်ကိုပြောင်းနိုင်မှာလား ၊ မပြောင်းနိုင်ဘူးလား ဆိုတာကတော့ စောင့်ကြည့်ရမှာပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# မိုးရာသီတွင် Yangon Water Bus ခရီးစဉ်များ မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်နေ

**ရန်ကုန် ဇူလိုင် ၃၁**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းမှစ၍ ရန်ကုန်မြို့တွင် စတင်ပြေးဆွဲခဲ့သော Yangon Water Bus ခရီးစဉ်များသည် လက်ရှိအချိန်တွင် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရလာပြီဖြစ်ကြောင်း Yangon Water Bus ပြေးဆွဲလျက်ရှိသည့် တင့်တင့်မြန်မာကုမ္ပဏီမှ သိရသည်။

ရေယာဉ် ၁၃ စင်းဖြင့် စတင်ခဲ့သော Yangon Water Bus ခရီးစဉ်များကို ပြည်သူများအနေဖြင့် မူလက အပျော်စီးသဘောမျိုးသာ စီးနင်းခဲ့ရာမှ ယခုအခါ ခရီးသွားပုံစံမျိုးဖြင့် စီးနင်းလာကြပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် လိုက်ပါစီးနင်းလိုသော ခရီးသည်များ၊ ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုအရ Yangon Water Bus ဆိပ်ကမ်းသုံးခုကို မိုးတွင်းကာလတွင် အရေးပေါ်ဖွင့်လှစ်၍ ပြေးဆွဲပေးနေကြောင်း သိရသည်။

Yangon Water Bus သည် ဒလနှင့် ဆိပ်ကြီးခနောင်တိုဘက်ခြမ်းရှိ သမ္မတ၊ ဆာပါချောင်၊ အုံကြီးဆိပ်ကမ်းများနှင့် ရန်ကုန်ဘက်အခြမ်းရှိ ပန်းဆိုးတန်း၊ ဗိုလ်တထောင်ဆိပ်ကမ်းများကို ပတ်ပြီး ပြေးဆွဲပေးနေခြင်းဖြစ်ရာ မိုးတွင်းကာလတွင် လေ့သမ္ဗန်ဖြင့် သွားလာခြင်းသည် အန္တရာယ်များသည် ဟူသောအသိကြောင့် ကျောင်းသား ကျောင်းသူများနှင့် ခရီးသည်များအနေဖြင့် Yangon Water Bus များကို ပိုမို စီးနင်းလာပြီး ဆိပ်ကမ်းတစ်ခုလျှင် ခရီးသည်ဦးရေ ထောင်ကျော် ရရှိနေကြောင်း သိရသည်။

"ပန်းဆိုးတန်းတို့၊ ဗိုလ်တထောင်လမ်းသစ်နဲ့ ဟိုဘက် ကမ်းသုံးခုကို ပတ်ပြီး ဟိုဘက်ကမ်း သည်ဘက်ကမ်း ပြေးဆွဲတဲ့ဟာမျိုးတွေ လုပ်ပေးလိုက်တဲ့အခါကျတော့ ခရီးသည်တွေရော၊ ကျောင်းသားတွေရော အဆင်ပြေတယ်၊ မိုးတွင်းဘက်မှာ ကိုယ်မျှော်မှန်းထားတဲ့ ဝင်ငွေတစ်ခုကို ရရှိလာတယ်"ဟု Yangon Water Bus ၏ အောင်မြင်မှုအကြောင်းကို တင့်တင့်မြန်မာကုမ္ပဏီ၏ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားသည်။

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပြေးဆွဲပေးနေသော တွံတေးနှင့် ကျောက်တန်းခရီးစဉ်များကို ရာသီဥတုအခြေအနေကြောင့် ခေတ္တရပ်နားထားသော်လည်း လာမည့် ပွင့်လင်းရာသီတွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်ချောင်းသာနှင့် ဇလွန်တို့သို့ ရန်ကုန်မှ နေ့ချင်းပြန်ခရီးစဉ်များ ပြေးဆွဲနိုင်ရန်အတွက်လည်း ယခုမိုးတွင်းကာလ၌ပင် လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ Yangon Water Bus ကို စတင်ပြေးဆွဲစဉ်က သင်္ဘော ၁၃ စင်းဖြင့် ပြေးဆွဲခဲ့ပြီး ယခုအခါ ထပ်မံတိုးချဲ့ပြေးဆွဲရန် ထိုင်းနိုင်ငံ၌ နောက်ထပ်သင်္ဘောရှစ်စင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




# ကရင်ပြည်နယ်မှ ရေဘေးသင့်ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ထောက်ပံ့

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေချောင်းရေများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော နတ်ကျွန်းနှင့် ကံခရဲကျေးရွာများသို့ ဇူလိုင် ၃၀ ရက်က စက်လှေများဖြင့်သွားရောက်ပြီး စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နတ်ကျွန်းကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်၌ အိမ်ထောင်စု ၂၆၇ စု၊ လူဦးရေ ၁၃၆၄ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ စားဆီ၊ ရေသန့်ဆေးပြားနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အလားတူ ကံခရဲကျေးရွာရှိ အိမ်ထောင်စု ၅၀၀၊ လူဦးရေ ၃၃၈၆ ဦးတို့အတွက် စားသောက်ကုန်နှင့် အိမ်သုံးဆေးဝါးများကိုလည်း ထောက်ပံ့ပေးခဲ့ကြသည်။

ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေအမှတ်ဖြစ်သည့် ၉၃၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက် ခြောက်ပေခန့် ကျော်လွန်လျက်ရှိကာ ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ ပြောင်းရွှေ့နေထိုင်သူဦးရေမှာလည်း ပိုတိုးလာကြောင်း သိရသည်။

ကရင်ပြည်နယ်တစ်ခုလုံးအနေဖြင့် ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးနှင့် ဖာပွန်မြို့နယ်များတွင် အိမ်ထောင်စု ၃၉၀၃ စုမှ လူဦးရေ ၁၉၃၄၂ ဦးသည် ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်း ၆၀ သို့ ပြောင်းရွှေ့နေထိုင်ကြရကြောင်း သိရသည်။ ထို့အတူ ဘားအံမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၇၁ ကျောင်း၊ လှိုင်းဘွဲမြို့နယ်တွင် ၇၄ ကျောင်း၊ ကော့ကရိတ်မြို့နယ်တွင် ၃၄ ကျောင်း၊ မြဝတီမြို့နယ်တွင် တစ်ကျောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ၂၄ ကျောင်း၊ ဖာပွန်မြို့နယ်တွင် ၄၆ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၃၅၀ ကိုလည်း ပိတ်ထားရကြောင်း သိရသည်။



ကျေးရွာတစ်ရွာမှ ရေနစ်မြုပ်နေသော ဘုရားစေတီများ

မိုးစပါး၊ ပြောင်း၊ မိုးမြေပဲသီးနှံများ စိုက်ပျိုးထားသည့် စိုက်ခင်းအချို့တွင်လည်း ရေလွှမ်းလျက်ရှိပြီး ၁၄၈၇ ဧက ထိခိုက်ကာ ၁၂၄၂ ဧက ပျက်စီးခဲ့သလို စိုက်ခင်းများ ရေလွှမ်းမှုနှင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများက တောင်သူများနှင့်အတူ အနီးကပ်ကြပ်မတ် စစ်ဆေးလျက်ရှိကြောင်းလည်း သိရသည်။

ရေကြီးမှုကြောင့် ကျေးရွာချင်းဆက်လမ်းများနှင့် ပြည်နယ်အတွင်းရှိ အဓိကဆက်သွယ်ရေးလမ်းမကြီးများတွင် ရေကျော်လျက်ရှိပြီး လမ်း၊ တံတား ထိခိုက်ပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့၍ ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လမ်းဦးစီးဌာန၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးမှုများ ကော့သောင်းမြို့၌ ခင်းကျင်းပြသ

**ကော့သောင်း ဇူလိုင် ၃၁**

ယခုအခါ ရာသီဥတုဆိုးရွားမှုများကြောင့် နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဖြစ်စဉ်များ၊ မြေပြိုမှုဖြစ်စဉ်များ ဖြစ်ပေါ်ကာ ပြည်သူများ၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိရာ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးသတင်းအချက်အလက်များကို ဇူလိုင် ၃၁ ရက်မှစ၍ ခင်းကျင်းပြသထားကြောင်း သိရသည်။

ပညာပေးသတင်းအချက်အလက်များတွင် မိုးရာသီကာလအတွင်း အများဆုံး ဖြစ်ပေါ်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်ကြီးများဖြစ်သော ရေကြီးမှု၊ မုန်တိုင်း၊ မြေပြိုခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ဆူနာမီဘေးစသည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်ကြုံတွေ့လာပါက ပြည်သူများအနေဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အခြား မီဒီယာများမှ သတင်းအချက်အလက်များ ကြိုတင်သိရှိရယူနိုင်မှု သိကောင်းစရာများ၊ ဘေးအန္တရာယ်ကျရောက်စဉ် ဆောင်ရန်ရှောင်ရန်နှင့် အန္တရာယ်ကျရောက်ပြီး လိုက်နာဆောင်ရွက်ရမည့် သိသင့်သိထိုက်သည့်အချက်များ၊ ဌာနဆိုင်ရာများမှ ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များနှင့် ပိုစတာများ၊ ပညာပေးရုပ်ပုံကားချပ်များကို ပြသထားသလို ကော့သောင်းမြို့နယ်အတွင်း ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်အမျိုးအစားများနှင့် ယခင်ဖြစ်ပွားခဲ့မှုများမှ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ထီးချိုင့်မြို့နယ်၌ ငလျင်အန္တရာယ် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေ

**ထီးချိုင့် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ ကန့်ဘလူ၊ ကလေး၊ ဟုမ္မလင်း ၊ ကသာနှင့် ထီးချိုင့်မြို့များသည်မြေငလျင်ဇုန်အတွင်း ပါဝင်နေပြီး ကသာမြို့နယ်နှင့် ထီးချိုင့်မြို့နယ်သည် အနီရောင်အဆင့်သတ်မှတ်ထားသော မြို့နယ်များဖြစ်၍ ထီးချိုင့်မြို့နယ်၌ ငလျင်အန္တရာယ် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက်ကလည်း ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်အန္တရာယ် ပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားကာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရန်လင်းအောင်၊ အလယ်တန်းပြဆရာ ဦးအောင်ကျော်ဦးနှင့် ဦးအောင်မျိုးခိုင်တို့က ထီးချိုင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများအား မြေငလျင်၏ သဘောသဘာဝ၊ မြေငလျင်၏သမိုင်းကြောင်း၊ မြေငလျင်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ မြေငလျင်လှုပ်ချိန်တွင် ဆောင်ရွက်ရမည့်အချက်များ ၊ မြေငလျင်လှုပ်ပြီးချိန် ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြော၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများအား မြေငလျင်ဘေးအန္တရာယ်အကြောင်း ပညာပေးဆွေးနွေးပွဲကိုလည်း ဆက်လက်ပြုလုပ်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲများမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဆရာ ဆရာမများပါဝင်သော ပူးပေါင်းအဖွဲ့က အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုအား မြေငလျင်ဖြစ်ပွားချိန် ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

## သတင်းတိုများ

### သုံးခွမြို့နယ်တွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာ ဓမ္မာရုံ၌ မူခင်းကျဆင်းစေရေး ပညာပေးဟောပြောပွဲကို သုံးခွမြို့မရဲစခန်းက ကြီးမှူး၍ ဇူလိုင် ၃၀ ရက်တွင် ကျင်းပခဲ့ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးက အဆိုပါကျေးရွာမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ကိုကျော်(သုံးခွ)

### ဓနုဖြူမြို့နယ်တွင် ရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူပေးခြင်း လုပ်ငန်းများကို ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဗထူး**

### ထန်းလျက်ဈေးကျ၍ ငါ့သရောက်မြို့နယ်မှ ထန်းတောင်သူများ လုပ်ငန်းရပ်နား

ထန်းလျက်ဈေးနှုန်းများ ကျဆင်းနေသောကြောင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းမှ ထန်းတက်လုပ်ငန်းလုပ်ကိုင်သည့် ထန်းတောင်သူများအနေဖြင့် တက်လက်စထန်းတက်လုပ်ငန်းများကို ဆက်မတက်တော့ဘဲ ရပ်နားထားကြကြောင်းသိရသည်။ ယခုနှစ် ထန်းလျက်ပေါ်စ တပို့တွဲနှင့် တပေါင်းလများတွင် ထန်းဖိုထန်းလျက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ရရှိခဲ့သော်လည်း ကဆုန်လမှစ၍ နောက်ပိုင်းတွင် ထန်းလျက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ သာ ရရှိတော့သဖြင့် ထန်းတောင်သူများအနေဖြင့် လုပ်ငန်းများ ရပ်နားကြခြင်းဖြစ်ကြောင်း သိရသည်။ ထန်းလျက်ပွဲစားများထံမှ ကြိုတင်ငွေယူမထားသော ထန်းတောင်သူများမှာ တွက်ခြေမကိုက်ချိန်တွင် ထန်းတက်လုပ်ငန်းများကို ချက်ချင်းရပ်နားလိုက်နိုင်သော်လည်း ပွဲစားထံမှ ကြိုတင် ငွေယူထားပြီး ထန်းလျက်ပြန်သွင်းပေးရသည့် တောင်သူများမှာမူ ထန်းဆက် တက်နေကြရကြောင်း ကန်မောက်ကြီးတဲတိုက်နေ ထန်းတောင်သူ ဦးကံထွန်းက ပြောသည်။ ထန်းတက်လုပ်ငန်းသည် ထန်းလုပ်ငန်းလုပ်ကိုင်ချိန်သာ လျှင် လက်ထဲငွေရှင်ပြီး ထန်းလုပ်ငန်းသိမ်းသည်နှင့် ဝင်ငွေလည်းမရှိတော့ကြောင်း၊ ယခုလို ထန်းလျက်ဈေးများကျချိန်တွင် တောင်သူများမှာ ပို၍ အဆင်မပြေမှုများ ကြုံတွေ့ကြရကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ပညာပေးပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး အသိပညာပေးခြင်းကို အောင်မင်္ဂလာအဝေးပြေးယာဉ်ဝင်း ဆိုက်ရောက်ဂိတ်တွင် ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်းနှင့် အောင်မင်္ဂလာရဲကင်းမှူးတို့က ယာဉ်ပေါ်၌ ပြည်သူများအား လိုက်လံပြသ အသိပညာပေးနေစဉ်။** ဟန်စိုး

အာရှအားကစားပြိုင်ပွဲအကြိုဆောင်းပါး

# ရွှေရောင်အိပ်မက်ကို ပြန်လည်အသက်သွင်းရန်ကြိုးပမ်းမည့် မြန်မာဝူရှူးအဖွဲ့

ညီမြတ်သော်တာ

**မြန်မာဝူရှူးအဖွဲ့၏ အာရှအားကစားပြိုင်ပွဲ မှတ်တမ်းကိုကြည့်လျှင် အအောင်မြင်ဆုံး မဟုတ်သော်လည်း ပထမဆုံးယှဉ်ပြိုင်သည့် ပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်း အပါအဝင် ထိုက်သင့်သည့်အောင်မြင်မှုများရခဲ့သည်။**



မြန်မာဝူရှူးအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ၂၀၀၂ ခုနှစ်၌ စတင်ယှဉ်ပြိုင်ခဲ့ပြီး ထိုက်ချိကျန့်နှင့် ထိုက်ချိချွမ် ပြိုင်ပွဲနှစ်ခုပေါင်းတွင် ခိုင်ခိုင်မော်က ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့က ရွှေတစ်ခု၊ ကြေးတစ်ခုရခဲ့ပြီး ကြေးဆုကို ဆွေဆွေသန့်က ရယူနိုင်ခဲ့သည်။ ၂၀၀၆ ဒိုဟာအာရှအားကစားပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းမပါဝင်ဘဲ ၂၀၁၀ ကွမ်ကျိုး အာရှအားကစားပြိုင်ပွဲတွင်မှ စန္ဒီဦးက ငွေဆုရယူပေးနိုင်ခဲ့သည်။ ၂၀၁၄ အင်ချွန်းအာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည့် မြန်မာဝူရှူးအဖွဲ့သည်ယခုနှစ်တွင် အောင်မြင်မှုရရန် ပြင်ဆင်လျက်ရှိသည်။ မြန်မာဝူရှူးအဖွဲ့သည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် ဖေဖော်ဝါရီလမှစ၍ စခန်းဝင်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ထောက်လု (သရုပ်ပြ) နှင့် ဆန်းဆို(အတိုက်)ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် ထောက်လုကစားသမား ခုနစ်ဦး၊ ဆန်းဆိုကစားသမား နှစ်ဦးဖြင့်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝူရှူးပြိုင်ပွဲကို ဂျကာတာမြို့တွင် ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထောက်လုပြိုင်ပွဲတွင် ပြိုင်ပွဲနှစ်ခုပေါင်းမှ ရွှေတံဆိပ်တစ်ခု ချီးမြှင့်မည့်ပြိုင်ပွဲများ ပါဝင်သလို၊ ပြိုင်ပွဲတစ်ခုတည်းဖြင့် ပြိုင်ပွဲအမျိုးအစားများလည်း ပါဝင်နေသည်။ မြန်မာဝူရှူးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲ အမျိုးအစားအများစုမှာ ပြိုင်ပွဲနှစ်ခု ပေါင်းမှ ရွှေတစ်ခု ချီးမြှင့်မည်ဖြစ်ပြီး ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့်ပြိုင်ပွဲ နှစ်ခုပေါင်း အမျိုးသားပြိုင်ပွဲတွင် ငြိမ်းချမ်းကိုကိုနှင့် ခန့်မင်းထက်၊ အမျိုးသမီးပြိုင်ပွဲတွင် မြတ်နိုးအိမ်၊ နန်းချွမ်နှင့် နန်းကွန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင်သိန်းသန်းဦး၊ နန်းချွမ်နှင့် နန်းတောင်းပြိုင်ပွဲ နှစ်ခုပေါင်းတွင် အေးသစ္စာမြင့်၊ တောင်းစုနှင့် ကွန့်စုပြိုင်ပွဲ နှစ်ခုပေါင်းတွင် ထက်ဟန်ကျော်၊ ချန်းစုနှင့် ကျန့်စုပြိုင်ပွဲနှစ်ခုပေါင်းတွင် စန္ဒီဦးတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အပြင် ပြိုင်ပွဲတစ်မျိုးတည်းဖြင့် ရွှေတံဆိပ်ချီးမြှင့်မည့် ပြိုင်ပွဲများတွင် စန္ဒီဦးက ချန်းချွမ်ပြိုင်ပွဲ၊ ထက်ဟန်ကျော်က ချန်းချွမ်အမျိုးသား ပြိုင်ပွဲတွင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ဆန်းဆိုပြိုင်ပွဲတွင်မူ ၅၆ ကီလိုတန်း၌ သူရိန်လင်း၊ ၆၀ ကီလိုတန်း၌ ချစ်ကိုကိုတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့သည် ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ခြင်း မရှိသော်လည်း တရုတ်နည်းပြနှစ်ဦးကို ငှားရမ်းလေ့ကျင့်စေလျက်ရှိသည်။

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့် က "ဝူရှူးအဖွဲ့အနေနဲ့ အာရှအားကစားပြိုင်ပွဲ အပါအဝင် အခုနှစ်ထဲယှဉ်ပြိုင်ရမယ့် နိုင်ငံတကာပြိုင်ပွဲ သုံးခုအတွက် လေ့ကျင့်ပြင်ဆင်နေတာ ဖြစ်ပါတယ်။ အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ် မျှော်မှန်းနိုင်တဲ့ကစားသမားတွေအပြင် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် ရွေးချယ်ထားတဲ့ကစားသမားတွေကိုပါ အတွေ့အကြုံရအောင် ထည့်သွင်းယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အခုယှဉ်ပြိုင်မယ့်ပြိုင်ပွဲ အများစုမှာ ပြိုင်ပွဲနှစ်ခုပေါင်းမှ ရွှေတံဆိပ်တစ်ခု ချီးမြှင့်မှာဖြစ်တဲ့အတွက် ပိုပြီး ခက်ခဲမှာပါ။ အာရှအားကစား ပြိုင်ပွဲဖြစ်တာကြောင့် အာဆီယံနိုင်ငံတွေအပြင် အာရှထိပ်သီး အသင်းတွေဖြစ်တဲ့ တရုတ်၊ ဟောင်ကောင်၊ တိုင်ပေ စတဲ့ အသင်းတွေနဲ့လည်း အဓိက ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

"ပြိုင်ပွဲမှာ သတ်မှတ်ထားတဲ့ ပုံစံအပြင် ကိုယ်ပိုင်တီထွင်ထားတဲ့ ကစားပုံတွေကိုပါ ထည့်သွင်းယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်ခင် တရုတ်မှာသွားရောက် မလေ့ကျင့်ရပေမယ့် ပြင်ဆင်မှုအပိုင်းက လျော့မသွားပါဘူး။ အဓိက က ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ယုံကြည်မှု၊ ခံယူချက်ကောင်းအောင် သင်ကြားပေးနေပါတယ်။ အောင်မြင်မှုရအောင်အစွမ်းကုန် ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာ ဝူရှူးအဖွဲ့တွင် နည်းပြဆရာများအဖြစ် ဦးပြည့်ဝေဖြိုး၊ ဒေါ်ဆွေဆွေသန့်၊ ဒေါ်မြတ်သက်စုဝေဖြိုး၊ ကစားသမားများ အဖြစ် ထောက်လု အမျိုးသား - ငြိမ်းချမ်းကိုကို၊ ခန့်မင်းထက်၊ သိန်းသန်းဦး၊ ထက်ဟန်ကျော်၊ အမျိုးသမီး- စန္ဒီဦး၊ အေးသစ္စာမြင့်၊ မြတ်နိုးအိမ်၊ ဆန်းဆို အမျိုးသား- သူရိန်လင်း၊ ချစ်ကိုကိုတို့ ပါဝင်ကြသည်။ ။



မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် စန္ဒီဦး လေ့ကျင့်စဉ်



မြတ်နိုးအိမ် လေ့ကျင့်စဉ်။



အေးသစ္စာမြင့် လေ့ကျင့်စဉ်။

## သာစည်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေ

**သာစည် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့သည် မီးရထားလမ်းဆုံရာမြို့ ဖြစ်သည့်အပြင် မန္တလေး-တောင်ကြီး-တာချီလိတ်သို့ ဆက်သွယ်သည့် အဝေးပြေးကားလမ်းမကြီးက မြို့၏အလယ်တည့်တည့်မှ ဖြတ်သန်းသွားသဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်အဝင်အထွက်များပြီး လူစည်ကား၍ ယာဉ်ကြောရှုပ်ထွေးသော မြို့တစ်မြို့ ဖြစ်သည့်အတွက် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ထိုသို့ တပ်ဆင်ပေး၍ ဒေသခံပြည်သူများ မီးပွိုင့်စနစ်ကို လိုက်နာရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်းဆိုင်ရာများကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးသော်လည်းယာဉ်မောင်းသူများနှင့်လမ်းသွားလမ်းလာများက လိုက်နာမှုအားနည်းနေသည်ကို တွေ့ရသည်။

"ယာဉ်ထိန်းရဲတွေက မီးပွိုင့်မှာ အချိန်ပြည့် မရှိတာခက်တယ်။ မီးပွိုင့်မှာ မီးပျက်တဲ့အချိန် ယာဉ်ထိန်းရဲက လက် အချက်ပြစနစ်နဲ့ ယာဉ်သွားလာမှုကို ထိန်းကျောင်းပေးတာမျိုး ပြုလုပ်ပေးစေချင်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်ပြီး ပြည်သူတွေကို အသိပညာပေးဟောပြောမှုတွေ အားနည်းနေပါသေးတယ်။ ဖြစ်နိုင်ရင် စာသင်ကျောင်းတွေကို အခြေပြုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ဟောပြောစေချင်ပါတယ်၊ အခုတော့ ယာဉ်မောင်းသူတွေရော၊ ပြည်သူတွေပါ မီးပွိုင့်မှာ မီးနီပြလည်း မောင်းကြသွားကြ၊ မီးစိမ်းပြလည်း မောင်းကြသွားကြနဲ့ အရေးယူမှုမရှိတော့ မီးပွိုင့်ရှိနေ တာက အပိုသဘောမျိုးဖြစ်နေပါတယ်" ဟု ဒေသခံ ဦးစိုးဝင်းက ပြောသည်။ **မောင်ကို (သာစည်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၇-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၅ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၅ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ · ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# စင်ကာပူတွင် ပြသမည့် မျက်နှာပြင်များ (Dimensions) ရုပ်ရှင်ဖန်တီးကြသူများနှင့် တွေ့ဆုံခြင်း




BONANZA ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးပြီး တက်သစ်စလူငယ်ဒါရိုက်တာ ဥာဏ်ထင် ရိုက်ကူးပုံဖော်ထားသော မျက်နှာပြင်များ(Dimensions)ဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကြီးကို စင်ကာပူနိုင်ငံတွင် ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ စတင်ပြသသွားမည်ဟုသိရသည်။ အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင် ခါရာ၊ မင်းမြတ်စိုးစံ၊ အဲလစ်အုန်း၊ ဂျာဆိုင်းအိန်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြသည်။

**နိုရာ(BONANZA ထုတ်လုပ်ရေး)**

ဒီကားလေးက ဖေဖော်ဝါရီလမှာ ရုံတင်ပြသခဲ့ပါတယ်၊ အခုလည်း လာမယ့် ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ စင်ကာပူနိုင်ငံမှာ ရုံတင်ပြသသွားမှာပါ၊ ဒီဇာတ်ကားကြီးကို ညီမတို့ နှစ်နှစ်ကျော်ကြာ အချိန်ယူရိုက်ကူးခဲ့ကြရပါတယ်၊ ရိုက်ကူးပြီးတဲ့အခါ သုံးလလောက်အချိန်ယူပြီး အဆင့်ဆင့် လိုအပ်တဲ့နည်းပညာပိုင်းတွေကို သေချာလုပ်ဆောင်ခဲ့ပါတယ်။ စပြီး ဒီကားကိုရိုက်ဖို့ ဖိအားတွေ များပါတယ်၊ မြန်မာပြည်ရဲ့ ရုပ်ရှင်ပြသမှုဈေးကွက်က ကျဉ်းတယ်လို့ ပြောလို့ရပါတယ်၊ ရုံအရေအတွက် နည်းနည်းပဲရတဲ့ အက်ရှင်ကားတစ်ကား ရိုက်မယ်ဆိုလည်း အချိန်အများကြီးပေးရတယ်၊ ငွေကုန်ကြေးကျကလည်း များပါတယ်၊ ဒါပေမယ့် ကိုယ့်နိုင်ငံမှာ လူငယ်တွေ စုစည်းပြီး ဒါမျိုးဇာတ်ကားကောင်းတွေ ဖန်တီးနိုင်တယ်ဆိုတာ ချပြချင်တာကြောင့် ရိုက်ခဲ့တာပါ၊ ငွေရေးကြေးရေး အမြတ်အစွန်းဆိုတာထက် ကိုယ့်နိုင်ငံကလူငယ်တွေ ဒါမျိုးလုပ်နိုင်ပါလားဆိုတာကို ချပြချင်တာပါ။

**ဒါရိုက်တာ ဥာဏ်ထင်**

'ဒီဇာတ်ကားကြီးက ကျွန်တော့်အတွက် ပထမဆုံးဇာတ်ကားကြီးဖြစ်တော့ အစက မိတ်ဆွေတွေအားလုံးက ဝိုင်းတားကြတယ်၊ ကိုယ့်အတွက် ပထမဆုံးစိန်ခေါ်မှုဖြစ်တာမို့ ဒရာမာနဲ့ပဲ စသင့်တယ်၊ အက်ရှင်မရိုက်သင့်ဘူးဆိုပြီး ပြောလာကြတယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ သိပ်ရိုက်ချင်တဲ့စိတ်ဆန္ဒတစ်ခုရှိတာမို့ ကျွန်တော်ရိုက်ချင်တဲ့ပုံစံမျိုး ရိုက်နိုင်မယ့် ရုပ်ရှင်ထုတ်လုပ်ရေးတွေကို လိုက်စုတယ်၊ အဲလိုရှာနေတဲ့အချိန်မှာ အလွန်တော်တဲ့လူငယ်တွေနဲ့ စုစည်းထားတဲ့ ထုတ်လုပ်ရေးတစ်ခုကို ချိတ်မိခဲ့ပါတယ်၊ ရုပ်ရှင်ကြည့်ပရိသတ်တွေအတွက်လည်း အားပေးရကျိုးနပ်တယ်ဆိုပြီး ချီးကျူးမှုတွေရရှိခဲ့လို့ ဝမ်းသာပါတယ်။

**ခါရာ**

'ကျွန်တော်က ဒီကားထဲမှာ စရိုက်နှစ်မျိုးကို သရုပ်ဆောင်ရတာပါ၊ အမှန်တကယ် အတိတ်မေ့နေသူလား၊ လူသတ်သမားလားဆိုတာမျိုးဖြစ်နေတာပေါ့နော်၊ ပဟေဠိဆန်တဲ့ပုံစံမျိုးရိုက်ထားတာပါ၊ 'အခု ဒီဇာတ်ကားကို စင်ကာပူရောက်မြန်မာပရိသတ်တွေကိုပြသရမယ်ဆိုတော့ အတိုင်းအဆမသိ ကျွန်တော်ဂုဏ်ယူဝမ်းမြောက်ရပါတယ်၊ ဒီလိုကားမျိုးတွေ စရိုက်ကတည်းက ကျွန်တော်တို့ လူငယ်တွေအားလုံး International ကို သွားဖို့ပဲ အဓိကထားခဲ့ပါတယ်၊ ဒါပေမယ့် လိုအပ်ချက်တွေ ကျွန်တော်တို့မှာ ရှိကောင်းရှိနိုင်မှာပါ၊ အများကြီးကြိုးစားဖို့လိုပါသေးတယ်၊

**အဲလစ်အုန်း**

ညီမတို့လို တက်သစ်စလူငယ်တွေအားလုံး ကြိုးစားထားတဲ့ အခုလိုဇာတ်ကားကို မြန်မာနိုင်ငံမှာပါမကဘူး၊ စင်ကာပူမှာပါ ပြသခွင့်ရမယ်ဆိုတော့ ဝမ်းသာရပါတယ်၊ ဘာကြောင့်လဲဆို ကိုယ့်နိုင်ငံမှာ ပရိသတ်က ဇာတ်ကား ကောင်းတယ်ဆို ဒါဘယ်နိုင်ငံကလဲ၊ ဘာကားလဲ လို့ မေးကြတယ်လေ၊ အဲလိုပဲ ကိုယ်တွေလည်း သူများကမေးတာ ခံလာရတယ်၊ နောက်ကောင်းတယ်ဆိုတာတွေ ကြားခဲ့ရလို့ ဝမ်းသာပါတယ်၊ ကိုယ့်ရဲ့ အနုပညာကိုလည်း ချပြခွင့်ရလို့ပါ၊ နောက်တစ်ခုက ဒီကားကို ရိုက်တဲ့အခါ လေးစားဖို့ကောင်းတာတစ်ခု တွေ့ရတယ်၊ အကုန်လုံးက အသစ်ဆိုပေမယ့် တကယ့်ကို အဆင့်အတန်းရှိရှိနဲ့ စည်းလုံးတာတွေ့ရတယ်၊ စိတ်ဓာတ်ပိုင်းကအစပေါ့၊ ဘယ်လောက်ပဲ ဂျူတီကျော်ကျော် ငွေကြေးကအစ အကောင်းဆုံးလုပ်နိုင်ကြတယ်။

**မြတ်မင်းစံ**

'ကျွန်တော်က ဒီကားထဲမှာ ဝေလဆိုတဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ထားပါတယ်၊ ခါရာနဲ့အပြိုင် သရုပ်ဆောင်ရတာပါ၊ စပြီးကျွန်တော့်ကိုရိုက်ဖို့ ကမ်းလှမ်းကတည်းက တော်တော်လေးကိုကြောက်ရတယ်၊ ဘာလို့လဲဆို ကျွန်တော်နဂိုရှိနေတဲ့ပုံစံကနေ တခြားတစ်ယောက်ပုံစံမျိုး ကွဲထွက်နေတဲ့ကာရိုက်တာကို လုပ်ရတာကို၊ ကျွန်တော့်အတွက်ကလည်း ရုပ်ရှင်ဆို ဒီကားက ပထမဆုံးဇာတ်ကားတစ်ကားဖြစ်တာမို့ ရိုက်ဖြစ်ခဲ့တာပါ၊ ဇာတ်ညွှန်းကို သေချာဖတ်ကြည့်လိုက်ချိန်မှာ ကိုယ့်ရဲ့နေရာက ဗီလိန်ပုံစံလုပ်ရမှာဆိုတော့ ကျွန်တော်တွေဝေခဲ့တယ်၊ ရှေ့မှာ ကျွန်တော်ရိုက်ထားတာတွေရှိတယ်၊ ခေါင်းဆောင်အနေနဲ့လေ၊ အခုလိုမဟုတ်ဘူး၊ ဒါပေမယ့် ရိုက်မယ်ကွာဆိုတဲ့စိတ်နဲ့ ပါဝင်ဖြစ်ခဲ့ပါတယ်၊ တကယ့်ကိုလေးစားပါတယ်၊ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်တဲ့ ထုတ်လုပ်ရေးတစ်ခုဖြစ်နေတာ တွေ့ရတဲ့အတွက် ပါဝင်ရကျိုးနပ်ခဲ့ပါတယ်။

Bonanza ထုတ်လုပ်ရေးသည် မြို့ပြမှုဆိုးများဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကိုလည်း ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသရန်ရှိကြောင်း၊ ယင်းဇာတ်ကားသည်လည်း အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ ဇာတ်လမ်းအနေဖြင့် လူဆိုးဂိုဏ်းခေါင်းဆောင်များကြားပဋိပက္ခဖြစ်ရပ်များကို ဖော်ကျူးရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# အမေရိကန်အဆိုတော် Lancifer နှင့် တွဲဖက်သီဆိုထားသော HIGH-5 သီချင်းကို Music Video အဖြစ်ဖန်တီးမည့် မိစန္ဒီ



အမေရိကန် အဆိုတော် Lancifer နှင့် မိစန္ဒီတို့ တွဲဖက်သီဆိုထားသော High-5 (ရိုက်လိုက်) ဟု အမည်ရသည့် lyrics video သီချင်းကို ဇူလိုင် ၂၈ ရက်တွင် JOOX Myanmar, Legacy Myanmar Music Store နှင့် Zalo Music စသည့် Internet Music Platform များမှ ဖြန့်ချိခဲ့ရာ အဆိုပါ သီချင်းနှင့်ပတ်သက်၍ မိစန္ဒီနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ ဒီသီချင်းလေးက ပရိသတ်အတွက် ခံစားမှုဘယ်လောက်ရနိုင်မလဲ။**

ဖြေ။ ။ မိစန္ဒီကို အရင်တုန်းကလို Rap မိုက်မိုက်တွေ မဆိုဘူးလားဆိုတဲ့ ပရိသတ်တွေအတွက် မြန်မာလိုရော ဘိုလိုပါ နည်းနည်း ရောမှုတ်ထားပါတယ်။ လူ့ဘဝက နေရတာ ခဏလေးပါပဲ။ ဘာလို့မုန်းနေကြမှာလဲ။ လူအချင်းချင်းချစ်ကြမယ်ဆိုတဲ့ သဘောလေးနဲ့ "HIGH-5" သီချင်းလေးကို ရေးဖြစ်တာပါ။ လူမျိုးဘာသာစကား မတူတဲ့သူနှစ်ယောက် သီချင်းတစ်ပုဒ်ကို အတူတူပေါင်းရေးရတာ လွယ်တဲ့အရာတော့ မဟုတ်ပါဘူး။ Lancifer ဆီကနေ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ အကောင်းဆုံးလည်း ကြိုးစားထားပါတယ်။ ပရိသတ်တွေအတွက် ထူးခြားမယ်၊ နှစ်သက်ကြမယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ HIGH-5 သီချင်းကို ဖန်တီးဖြစ်တဲ့ အကြောင်း ပြောပါဦး။**

ဖြေ။ ။ မိစန္ဒီရဲ့ Single သီချင်းတစ်ပုဒ်ကို ဖန်တီးဖို့အတွက် Lancifer နဲ့အတူ ဧပြီလသင်္ကြန်မှာ စတွေ့ကြတယ်။ သူက မဖြူဖြူကျော်သိန်းနဲ့အတူ သီချင်းတွေလုပ်ထားတယ်။ မေလလောက်မှာ Lancifer က သီချင်းအတူတွဲလုပ်မယ်လို့ ဖုန်းဆက်လာတယ်။ ကိုယ့်အတွက် အတွေ့အကြုံသစ်တွေလည်းလိုချင်တယ်။ အင်္ဂလိပ် သီချင်းတစ်ပုဒ်ပဲ မိစန္ဒီဘဝမှာ ဆိုဖူးတယ်။ ဒီအတွက် ဆိုချင်တယ်။ သူနဲ့ပေါင်းပြီး ဒီသီချင်းတွေ လုပ်ဖြစ်သွားတာပါ။ နှစ်လလောက်အချိန်ယူပြီး သွင်းခဲ့ရပါတယ်။ ကိုယ်ကလည်း သီချင်းကြေးများတာဆိုတော့ သီချင်းရဲ့မြူးဇစ်တွေကိုလည်း အမျိုးမျိုးပြောင်းတယ်။

**မေး။ ။ သီချင်းအကြောင်းအရာကရော။**

ဖြေ။ ။ လူတွေက အမုန်းတရား အလွန်များကြတယ်။ အင်တာနက်မှာပဲဖြစ်ဖြစ်၊ အပြင်မှာပဲဖြစ်ဖြစ် ကိုယ်ကကြည့်လိုက်တာနဲ့ ဘာကြောင့်ကြည့်လဲ။ မျက်လုံးတွေကအစ ရန်ပြုကြတယ်။ အင်တာနက်မှာဆိုလည်း တစ်ယောက်အကြောင်း တစ်ယောက်မသိဘဲ မုန်းကြတယ်။ မိစန္ဒီတို့က Positive Energy လည်း ဖြစ်ချင်တယ်။ လူ့ဘဝက ခဏလေးပဲ၊ လူလူချင်း အဲလိုမုန်းမနေဘဲ သူငယ်ချင်းတွေအားလုံး ပျော်ပျော်ရွှင်ရွှင် High-5 လုပ်ကြမယ်ဆိုပြီး ရေးသားဖြစ်တာပါ။

**မေး - သီချင်းတွေကို ဘယ်လိုတိုင်ပင်ပြီးတော့ ရေးဖြစ်လဲ။**

ဖြေ။ ။ မိစန္ဒီတို့ ခရီးတွေထွက်နေတယ်။ သူကလည်း US တို့၊ ထိုင်းတို့ သွားနေတော့ အီးမေးလ်နဲ့ပဲ သီချင်းတွေ ရေးပို့ဖြစ်တယ်။ စာသားတွေကို အရင်ကြည့်ဖြစ်တယ်။ သူက Chorus ပိုင်းကို အဓိကရေးတယ်။ ကြားထဲမှာ ကိုယ်လိုချင်တဲ့ အကြောင်းအရာတွေကို မြန်မာလိုလိုက်ရေးတယ်။ သူတို့ဆီက သီချင်းရေးတဲ့ပုံစံက ကိုယ်တွေနဲ့မတူကြဘူး။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ မယ်လိုဒီဆိုရင် ကိုယ်က အားနည်းချက်ရှိတာကိုး။ Rap ကတော့ ကိုယ့်ရဲ့မေဂျာလိုဖြစ်တော့ မြန်တယ်။

**ကိုလင်း**

# Myanmar Idol တွင် ပြိုင်ပွဲဝင်အဖြစ်နှင့် ယှဉ်ပြိုင်ခိုင်းလျှင် ငြင်းပယ်မိမည်ဟု တင်ဇာမော်ပြော

Myanmar Idol Season 3 တွင် ဒိုင်အဖြစ် ပါဝင်အကဲဖြတ်နေခဲ့သည့် အဆိုတော် တင်ဇာမော် အနေဖြင့် Myanmar Idol တွင် ပြိုင်ပွဲဝင်အဖြစ်နှင့် ယှဉ်ပြိုင်ခိုင်းလျှင် ငြင်းပယ်မိမည်ဟု ပြောကြားခဲ့ပြီး လတ်တလော ပရိသတ်စိတ်ဝင်စားမှုရရှိနေသည့် Voting စနစ်အပေါ် သူ၏ကိုယ်တိုင်ခံစားချက် အချို့ကိုလည်း ပြောကြားလာခဲ့သည်။

"Voting စနစ်ကိုမပြောခင် အစ်မအနေနဲ့ရော ဒိုင်တွေအကုန်လုံးအနေနဲ့ပြောရရင် အားလုံး စိတ်ကြိုက် ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်တွေပါ၊ အဲလိုပြိုင်ပွဲဝင်တွေမို့ အကုန်လုံးတော်ကြပြီးသားပါ၊ အခုဆို သူတို့နဲ့မလိုက်ဖက်ဘူးထင်ထားတဲ့ သီချင်းတွေကိုလည်း ဆိုနိုင်ကြတယ်၊ ဖိုင်နယ်ကိုတက်သွားတဲ့ ဖြိုးမြတ်အောင်၊ ချမ်းမြေ့မောင်ချို၊ ဇော်ကြီးတို့ကလည်း ပရိသတ်စိတ်ကြိုက် ရွေးချယ်ထားသလို အစ်မတို့လည်း ထပ်တူရွေးထားတဲ့ သူတွေပါပဲ၊ Voting ဆိုတာလည်း ခေတ်နဲ့စနစ်ရဲ့ပြောင်းလဲမှုအရ ပေါ့နော်၊ အဲ့တော့ အစ်မတို့အနေနဲ့က တကယ်ကို ဒေါင်ဒေါင်မြည်တယ်ဆိုတဲ့သူတွေ၊ ဒေါင်ဒေါင်မြည်မယ်လို့ ထင်တဲ့သူတွေကို အစ်မတို့ဒိုင်တွေက စိတ်ကြိုက်ရွေးခဲ့တာပါ၊ ဒိုင်တွေအနေနဲ့ ရွေးထားတဲ့ သူတွေထဲကမှ ပရိသတ်ကလည်း သူတို့ Idol ကို သူတို့စိတ်ကြိုက် အားပေးကြတယ်၊ ပွဲက ပညာရှင်သုံးဦးလုံးရဲ့ ဆုံးဖြတ်ပြီးရွေးထားတဲ့ဟာမျိုး မဟုတ်ဘူးပေါ့နော်၊ ပြောရရင် ဒိုင်အဆုံးအဖြတ်ချည်းပဲ မဟုတ်ဘူး၊ ပရိသတ်ရဲ့အဆုံးအဖြတ်ကလည်း ပါနေသေးတော့ ခေတ်စနစ်တစ်ခုကြောင့်ပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

သူမအနေဖြင့် ဦးစောနု၏ သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိခဲ့ပြီး ဂီတလောကတွင် အခြေချခဲ့သူတစ်ဦး ဖြစ်သောကြောင့် ယနေ့ခေတ် သီချင်းဆိုပြိုင်ပွဲ များတွင် ပြိုင်ပွဲဝင်တစ်ဦးအဖြစ် ဝင်ရောက် ယှဉ်ပြိုင်မှု မပြုလိုကြောင်း ပြောသည်။



"ကျွန်မတို့တုန်းကဆို ပြိုင်ပွဲဝင်တဲ့အခါ တစ်ရက်တည်းပြိုင်ရတယ်၊ ပြီးတော့ ဆုရတယ်၊ တစ်ရက်တည်း ပြိုင်ရတာဆိုပေမယ့် ပြင်ဆင်မှုအနေနဲ့ဆို ခြောက်လလောက် အချိန်ယူခဲ့ရတာ၊ အခုကျတော့ သူတို့တွေအနေနဲ့ လုံးဝဖိအားတွေ အများကြီး ခံစားကြရတယ်၊ တော်ကြတယ်၊ ကျွန်မသာဆိုရင်ဆိုတဲ့အတွေးနဲ့ ကိုယ်ချင်းစာမိပါတယ်၊ ကျွန်မအနေနဲ့ တစ်ရက်တည်း ပြိုင်ရမယ့် သီချင်းဆိုပြိုင်ပွဲကို တစ်ပတ်အလိုမှာ ပြင်ဆင်ရမယ်ဆိုတော့ မပြိုင်ဘဲ ဖျက်ခဲ့ဖူးတာ ရှိပါတယ်၊ ဒီလို အဆင့်ဆင့်ပြိုင်ပွဲသာဆို ကျွန်မ ထွက်တောင် ပြေးချင်စိတ်ပေါက်မှာ သေချာပါတယ်၊ သူတို့လိုသာ ပြိုင်ရမယ်ဆို အခုချိန် ကျွန်မလည်း ယက်ကန်ယက်ကန်နဲ့ တောက်လျှောက်ပြိုင်နေရမှာပါပဲ၊ သူတို့အတွက် တာဝန်ကြီးတယ်လို့ကျွန်မ ပြောပါရစေ"ဟုလည်း တင်ဇာမော်က ဆိုသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ဘရက်ပစ်တစ်ယောက် ဘယ်လောက်ချမ်းသာသလဲ

ဟောလိဝုဒ်နာမည်ကျော် သရုပ်ဆောင်ဘရက်ပစ်ဟာ အောင်မြင်သူတစ်ယောက်ဖြစ်ပြီး သူ့ရဲ့ဝင်ငွေဟာလည်း မနည်းဘူးဆိုတာ လူတိုင်းခန့်မှန်းလို့ရပါတယ်။ Richest မှာ ဖော်ပြထားချက်အရ အသက် ၅၄ နှစ်အရွယ်ရှိတဲ့ ဘရက်ပစ်ဟာ တခြားသော ဟောလိဝုဒ်မင်းသားကြီးတွေဖြစ်တဲ့ ဂျွန်နီဒပ်၊ မော်ဂန်ဖရီးမင်း၊ ဟာရီဆင်ဖို့ဒ်၊ မာ့ခ်ဝေးလ်ဘတ်ဂ်၊ ရောဘတ်ဒီနီရို အစရှိတဲ့သရုပ်ဆောင်တွေထက် ဝင်ငွေများပြားတယ်လို့ ဖော်ပြထားပါတယ်။ သရုပ်ဆောင်အလုပ်သာမက ကိုယ်ပိုင်ထုတ်လုပ်ရေးပါ ထောင်ထားတဲ့ ဘရက်ပစ်ဟာ ဘယ်လောက်ချမ်းသာပါသလဲ။ ဘရက်ပစ်ဟာခန့်မှန်းခြေအားဖြင့် ဒေါ်လာသန်း ၂၄၀ ချမ်းသာပါတယ်။ အချမ်းသာဆုံး သရုပ်ဆောင်စာရင်းမှာ သူကနံပါတ် ၂၁ နေရာမှာရှိပါတယ်။ သူ့အထက်မှာရှိတာကတော့ တိုက်တန်းနစ်မင်းသားလီယိုနာဒိုဖြစ်ပြီး သူကတော့ ဒေါ်လာ ၂၅၄ သန်းချမ်းသာပါတယ်။ ဖော့ဘီးစ်မဂ္ဂဇင်းရဲ့ ဖော်ပြချက်အရတော့ ဘရက်ပစ်ရဲ့ ဝင်ငွေအကောင်းဆုံးအချိန်ဟာ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်ကြားကာလတွေဖြစ်ပြီး အဲဒီနှစ်အတွင်းမှာ ဘရက်ပစ်ဟာ ပေါင် ၂၄ သန်းဝင်ငွေရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကရိုက်ကူးခဲ့တဲ့ World War Z ဇာတ်ကားဟာ ဝင်ငွေကောင်းတဲ့ဇာတ်ကားဖြစ်ပြီး ပေါင် ၃၈၃ သန်းဝင်ငွေရရှိခဲ့ပါတယ်။

မွေးစားထားတဲ့ကလေး သုံးယောက်၊ သားသမီးအရင်း သုံးယောက်နဲ့ စုစုပေါင်း ကလေး ခြောက်ယောက်ဖခင် ဘရက်ပစ်ဟာ အင်ဂျလီနာဂျိုလီနဲ့ ကွာရှင်းပြီးတဲ့အချိန်မှာတော့ ကလေးတွေရဲ့အုပ်ထိန်းခွင့်ကို ဂျိုလီနဲ့အတူ ပူးတွဲရယူထားပါတယ်။ အကြီးဆုံးသားမက်ဒေါက်ဇ်ကို ကမ္ဘောဒီးယားကနေ မွေးစားထားပြီး ဇဟာရာဆိုတဲ့ သမီးကိုတော့ ၂၀၀၅ ခုနှစ်မှာ အီသီယိုးပီးယားကနေ မွေးစားခဲ့တာပါ။ သူတို့ရဲ့ လေးယောက်မြောက်ကလေး ပက်ကိုတော့ ဗီယက်နမ်နိုင်ငံကနေ မွေးစားထားတာပဲဖြစ်ပါတယ်။

**ဘီဘီစီ**



### ပဲရစ်ဟီလ်တန်ကြောင့် စိတ်ထိခိုက်ခဲ့ရတဲ့ လင်ဆေးလိုဟန်

လင်ဆေးလိုဟန်ရဲ့ ငယ်သူငယ်ချင်းဟောင်းဖြစ်တဲ့ ပဲရစ်ဟီလ်တန်ဟာ လင်ဆေးကို အရိုးစွဲအောင်ညာတတ်တဲ့လူ၊ လိမ်ညာတာအကျင့်ပါနေတဲ့သူလို့ ခေါ်ဝေါ်လိုက်ပါတယ်။ လင်ဆေးကတော့ သူ့ကိုဘာကြောင့် ဒီလိုခေါ်လိုက်တာလဲဆိုတာ နားမလည်ဘူးလို့ ပြောပါတယ်။

ကလေးသရုပ်ဆောင်ဘဝကတည်းက အောင်မြင်ခဲ့တဲ့ လင်ဆေးလိုဟန်ဟာ အခုအချိန်မှာ ၃၂ နှစ်ရှိပြီဖြစ်ပြီး ဟိုတယ်သူဌေးမလေး ပဲရစ်ဟီလ်တန်ကတော့ အသက် ၃၇ နှစ်ရှိပါပြီ။ လင်ဆေးကတော့ သူ့ကို ပဲရစ်က လူညာမလို့ အင်တာနက်မှာ မှတ်ချက်ပေးလိုက်တဲ့အတွက် မကျေမချမ်းဖြစ်နေပါတယ်။ ပဲရစ်ကသူ့ကိုဘာကြောင့် ဒီလိုစကားလုံးတွေနဲ့ ထိုးနှက်တိုက်ခိုက်ရတာလဲဆိုတာမသိဘူးလို့ လင်ဆေးနဲ့ ရင်းနှီးသူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောခဲ့ပါတယ်။

လင်ဆေးဟာ လက်ရှိအချိန်မှာတော့ LA ကိုပြောင်းရွှေ့နေထိုင်ပြီး ကျန်းမာရေးလည်းကောင်း၊ အလုပ်အကိုင်လည်း အဆင်ပြေနေပါတယ်။ အတိတ်ကအဆင်မပြေမှုတွေ၊ ရန်ငြိုးဟောင်းတွေကိုမေ့ပြီး အဆင်ပြေပြေနေနေပါတယ်။

ပဲရစ်ကတော့ အင်တာနက်မှာ လင်ဆေးကို သူပေးခဲ့တဲ့မှတ်ချက်နဲ့ ပတ်သက်ပြီး သတင်းထောက်တွေက မေးတဲ့အခါ သူကရိုးရိုးလေးနဲ့ အမှန်တိုင်းပြောလိုက်တာပဲလို့ ချေပခဲ့ပါတယ်။ လင်ဆေး နောက်ထပ်လုပ်မယ့် အနုပညာလုပ်ငန်းနဲ့ပတ်သက်ပြီး ဘာများပြောချင်သလဲလို့ သတင်းထောက်တွေက မေးတဲ့အခါမှာတော့ ကံကောင်းပါစေ၊ အကောင်းဆုံးဖြစ်အောင် ဆုတောင်းပေးနေတယ်လို့ ပဲရစ်ဟီလ်တန်က ဖြေကြားခဲ့ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



ဩး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၂)

# “ဥပဒေ” ဆိုသော ဝေါဟာရ

ဦးဟန်ညွန့် (ဥပဒေ)



**ဥပဒေကျောင်းသားဘဝ**

တက္ကသိုလ်ကျောင်းသားဘဝ၊ ပြန်လည်သတိရမိသေးသည်။ ထိုစဉ်က ဥပဒေအဓိကဘာသာ သင်ခွင့်ရခဲ့သူမို့ **ဥပဒေ** ဆိုသော စကားလုံး၊ **ဥပဒေ** ဆိုသော ဝေါဟာရက ကိုယ့်အပေါ်မှာ လွှမ်းမိုးနေသည်။ စိုးရွံ့နေသည်။ ငါဘယ်လိုရင်ဆိုင်ရမှာလဲ။ ငါဘယ်လို လေ့လာရမှာလဲ။ ဆရာဝန်လိုင်းမီခဲ့သော်ငြား “ဥပဒေသမား” ဖြစ်ချင်လွန်း၍ မရမက ဥပဒေအဓိကဘာသာ လျှောက်ထားခဲ့သည်။ ယခုဥပဒေကျောင်းသားဖြစ်ပြီ။ ဥပဒေဆိုတာ ဘာလဲ။ ဝါသနာပါလွန်းသည့် ဒီဘာသာ။ ဒီပညာ။ ဘယ်မှာရှာရမလဲ။

**ရင်ထိုးတံဆိပ်**

ဥပဒေကျောင်းသားမှန်းသိအောင် (ထိုစဉ်က) ဥပဒေရင်ထိုးတံဆိပ်ကလေး ချိတ်ဆွဲခွင့်ရပြီ။ တက္ကသိုလ်ဥပဒေပညာဌာနက မောင်မယ်သစ်လွင် ဥပဒေကျောင်းသား ကျောင်းသူတိုင်းကို ဝေငှပေးခဲ့ခြင်းပါ။ မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရသည့် အခမ်းအနားကို တစ်သက်မမေ့ရက်နိုင်။ ငါဥပဒေကျောင်းသားဖြစ်ပြီ။ **ဥပဒေ** အမည်စာတန်းပါသော ရင်ထိုးတံဆိပ်၊ ချိန်ခွင်နှင့် စာအုပ်အမှတ်အသားပါသည်။ ဘယ်တော့မှ မမေ့။ ဥပဒေဆိုတဲ့ အလုပ် ဘာတစ်ခုမှ မလုပ်ရသေး။ ဥပဒေအမည်ပါသော ရင်ထိုးတံဆိပ်ကိုတော့ ချိတ်ဆွဲခွင့်ရပြီ။ ငါဥပဒေကျောင်းသားကွ။ တစ်နေ့ ဥပဒေပညာရှင်ဖြစ်ရမယ်။ တရားသူကြီးလား၊ ဥပဒေအရာရှိလား၊ ရှေ့နေလား၊ အုပ်ချုပ်ရေးသမားလား။ အနာဂတ်ရောင်ခြည် တောက်ပစေရမည်ပေါ့။ ဥပဒေဆိုတာ ဘာလဲ။ ဥပဒေပညာ ဘယ်လိုရှာရပ့်။

**ဥပဒေပါမောက္ခ**

ထိုစဉ် ၁၉၆၇ ကာလက ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာန ဥပဒေပါမောက္ခ ဆရာကြီးဦးလှအောင် ဖြစ်ပါသည်။ အသင်အပြကောင်း၊ အတွေ့အကြုံစုံ၊ ကျောင်းသားတွေအပေါ် စေတနာအပြည့်ထားသော ဥပဒေပညာရှင်ဆရာကြီးဖြစ်ပါသည်။ နောင်တွင် နိုင်ငံတော်ရှေ့နေချုပ် တာဝန်ယူသူ ဆရာကြီး ဦးလှအောင် ဖြစ်ပါသည်။ ဆရာကြီးက အပြည်ပြည်ဆိုင်ရာဥပဒေ (International Law) ပို့ချသူ ဖြစ်ပါသည်။

**ဆရာကြီးဦးချန်ထွန်းအောင်**

အငြိမ်းစား တရားလွှတ်တော် တရားဝန်ကြီးချုပ် ဆရာကြီးဦးချန်ထွန်းအောင်နှင့် ဥပဒေပထမနှစ် ကျောင်းသားများ တွေ့ဆုံခွင့်ရပါသည်။ မဟာ အခွင့်အရေးကြီးပါ။ ဥပဒေအကြောင်း ဘာတစ်ခုမှမသိသော ကျွန်တော်တို့ (ပထမနှစ်) မောင်မယ်သစ်လွင်များအား ဆရာကြီးဦးချန်ထွန်းအောင်က သင်ပြပေးခြင်းပါ။ လူကြီးတွေက တမင်စီစဉ်ပေးခဲ့ခြင်းဖြစ်မည်ပါ။ အတွေ့အကြုံကြွယ်ဝသော၊ အငြိမ်းစားတရားလွှတ်တော် တရားဝန်ကြီးချုပ်၏ ပို့ချချက်ကို ကျွန်တော်တို့သင်ယူခွင့်ရခဲ့ခြင်းမှာ ထူးခြားလှပါသည်။ သို့ဖြစ်၍ ဥပဒေ၏ စကားလုံး၊ ဥပဒေဝေါဟာရ၊ ဥပဒေအဓိပ္ပာယ်ကို ကျွန်တော်တို့သိရှိခွင့်ရခဲ့ခြင်း ဖြစ်ပါပေသည်။

**ယနေ့တိုင် မမေ့နိုင်**

**ဥပဒေ သိပ္ပံပညာဟူသော ဝေါဟာရ**

အမှန်စင်စစ်၊ အင်္ဂလိပ်ဘာသာနှင့် လက်တင်ဘာသာတို့ ပေါင်းစပ်ခေါ်ဝေါ်သော စကားရပ် (JURISPRUDENCE) ဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်ကို ပါဠိဘာသာဖြင့် မြန်မာတို့က သမိုင်းအစဉ်အဆက်သုံးစွဲခဲ့သော ဝေါဟာရနှင့် သိပ္ပံပညာရှုထောင့်မှ တွေ့ရှိရသော ပညာရပ်ပူးပေါင်း၍ ခေါ်ဝေါ်ထားခြင်းဖြစ်သည်။

ဥပဒေဆိုသော စကားရပ်၏ အရင်းခံအဓိပ္ပာယ်မှာ ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်ခြင်း ဟူ၍ဖြစ်သည်။ ဤအခြေခံသဘောကို ထောက်ရှုခြင်းဖြင့် အနောက်နိုင်ငံအသီးသီးတွင် ဤစကားလုံးအသုံးအနှုန်းတို့သည် တိကျပြတ်သားစွာ ကိုက်ညီမှုမရှိကြောင်း တွေ့ရပေသည်။

LAW ဆိုသော စကားအသုံးအနှုန်းမှာ အမျိုးမျိုးသော အဓိပ္ပာယ်ဖြင့် အင်္ဂလိပ်များသုံးနှုန်းသည့်သဘောသကန်အရမဟုတ်ဘဲ ပြုလုပ်လိုက်သော အာဏာပိုင်ဖြစ်ပေါ်လာသောအခြေအနေ၊ ပြဋ္ဌာန်းလိုက်သောဌာန၊ တရားရုံးများ၏ ဆုံးဖြတ်ချက်များကို ထုံးဖွဲ့ချက်များ၊ ကိုးကွယ်သောဘာသာမှ ပညတ်ထားသည့် ပညတ်ချက်များ စသည်တို့အပေါ် အခြေခံပြုပြီး အဓိပ္ပာယ်ကို အမျိုးမျိုး အဓိပ္ပာယ်ခံယူချက်များဖြင့် အသုံးပြုထားသည်ကို တွေ့ရပေသည်။

LAWဟူသော ဝေါဟာရကို လက်တင်ဘာသာဖြင့် “ jus” ဟူ၍လည်းကောင်း၊ ပြင်သစ်ဘာသာအားဖြင့် Lex; Loi; Legge; Droit” ဟူ၍လည်းကောင်း၊ အီတာလျံဘာသာအားဖြင့် “ Dritto” ဟူ၍လည်းကောင်း၊ ဂျာမန်ဘာသာအားဖြင့် “ Recht” ; “ Gesetz”ဟူ၍ လည်းကောင်း ဖြစ်ပေါ်လာသည့်အရင်းအမြစ်ပေါ်



မူတည်၍ အဓိပ္ပာယ်ကို အမျိုးမျိုးဖြင့်ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ဥပဒေသိပ္ပံပညာကို လေ့လာစုဆောင်းပြုစုရေးသားသည့်အခါ ခွဲခြမ်းစိတ်ဖြာဝေဖန်၍ တိကျသောရေးသားချက်ကို မူအားဖြင့် လူတို့လိုက်နာရသော တရားဥပဒေအတွက်၊ တရားရုံးများအတွက်၊ ဥပဒေပြုဌာနများအတွက် ရေသောက်မြစ်သဖွယ် ဖြစ်ပေါ်လာချက်များကို သိပ္ပံနည်းဖြင့်ဝေဖန်ရေးသားခြင်းဖြစ်၍ အလွန့်အလွန်နက်နဲလှသော ပညာရပ်ဖြစ်ပေသည်။

အထက်ပါ ဆရာကြီးဦးချန်ထွန်းအောင်၏ ဥပဒေသိပ္ပံပညာအကြောင်းပို့ချချက်ကို ယနေ့တိုင်ကျွန်တော်တို့ မမေ့ရက်နိုင်ပါ။ ဆရာကြီး၏ ပို့ချချက် (မှတ်စုများ)ကို ယနေ့တိုင် ရည်ညွှန်းကိုးကား သုံးစွဲနေရဆဲဖြစ်ပေသည်။ မည်သည့်ဥပဒေပညာရှင်မဆို ဆရာကြီးဦးချန်ထွန်းအောင်၏ ရေးသားပို့ချချက်ကို လေးစားစွာ မှတ်သားလက်ခံမည်သာဖြစ်ပေသည်။

**ဥပဒေဆိုသည်မှာ**

ဥပဒေဆိုတာ ဘာလဲ၊ ဘယ်လဲ၊ ဘယ်မှာရှာဖွေရမည်လဲ။ မှတ်စုစာအုပ်ထုတ်ပြီး တွေ့သမျှမှတ်၊ တွေ့သမျှဖတ်။ လေ့လာမှု၊ စုဆောင်းမှု၊ ဗဟုသုတရှာဖွေမှု။ ဥပဒေပညာရှင်ဖြစ်ချင်သည်။ ဥပဒေသမား ဖြစ်ပါရစေ။ တရားသူကြီးဖြစ်ချင်သည်။ ရှေ့နေဖြစ်ချင်သည်။ ဥပဒေတာဝန်မှန်သမျှ ထမ်းပါရစေ။

(၁) ဥပဒေဟူသည် ကျိုးကြောင်းတရား၏ ပညတ်ချက်ဖြစ်သည်ဟု မှတ်ပါ။

(၂) ဥပဒေသည် အချုပ်အခြာအာဏာပိုင်၏ အမိန့်အဖြစ်လည်း မှတ်ယူနိုင်သေးသည်။

(၃) ဥပဒေဆိုသည်မှာ တရားရုံး၏ လက်တွေ့လုပ်ဆောင်ချက်ပါပဲ။

(၄) ဥပဒေဆိုတာ ကိုယ်ကျင့်တရားနဲ့ လောကနီတိအပေါ်အခြေပြုရမှာဖြစ်တယ်။

(၅) ဥပဒေသည် လူမှုရေးဆိုင်ရာ အစဉ်အလာများနှင့် ဓလေ့ထုံးစံများ၏ အစုအဝေးဖြစ်သည်။

(၇) ဥပဒေဟူသည် အငြင်းပွားမှုအပေါ် တရားမျှတမှုအသုံးပြုခြင်းတစ်မျိုးဖြစ်သည်။

(၆) ဥပဒေဆိုသည်မှာ တက္ကဗေဒ (တစ်နည်း) မှန်ကန်စွာ ဆင်ခြင်ခြင်း အတတ်ဖြင့် ရုပ်လုံးဖော်ထားသည့်အရာ ဖြစ်ပါသည်။

ဤသို့သော အချက်အလက်တွေ သိစရာ၊ မှတ်စရာတွေကို၊ အမောင်ကျောင်းသား (ဥပဒေမောင်မယ်သစ်လွင်) တစ်ယောက် မျက်စိနောက်နေလေသည်။

တက္ကသိုလ်ကျောင်းသားဘဝ၊ ဥပဒေကျောင်းသား ပထမနှစ် စာသင်သားမို့ ဘာတစ်ခုမှ သေသေချာချာ ရေရေရာရာ မသိသေး။ မှတ်သားစရာ တွေနှင့်သာ တွေ့နေ မြင်နေရလေသည်။ သိချင်ဇော၊ တတ်ချင်ဇော၊ ရှာဖွေချင်သောဇော။

**သိချင်တတ်ချင်စိတ်**

သိချင်စိတ်၊ တတ်ချင်စိတ်ရှိဖို့ အဓိက။ ကြိုးစားရင် ရမှာပါ။ ဥပဒေဆိုတာ မခက်လောက်ပါဘူး။ ဖြစ်ချင်တကယ်လုပ်။ တကယ်ဖြစ်ချင်တကယ်လုပ်။ အဟုတ်ဖြစ်ရမည်…တဲ့ မဟုတ်လား။

**အင်းဝဆောင်**

တက္ကသိုလ်ကျောင်းသားဘဝ အဆောင်နေခွင့်ရသည်။ အင်းဝဆောင်။ အင်းဝဆောင်မှာ ဥပဒေစာကြည့်တိုက်ရှိသည်။ စီရင်ထုံးစာအုပ်တွေ စုဆောင်းထားသည်။ စီရင်ထုံးဆိုတာဘာမှန်းမသိသေး။ အဝေးကြီး။ မလေ့လာနိုင်သေးသည့် ထိုကာလ။

**တက္ကသိုလ်စာကြည့်တိုက်**

အင်းဝဆောင်က ဥပဒေဌာနသို့ ဖြတ်သွားလျှင် တက္ကသိုလ်စာကြည့်တိုက်ကြီးရှိသေးသည်။ မရောက်နိုင်သေး။ ဥပဒေဘယ်မှာ ရှိသလဲ။ ရှာဖို့လာခဲ့မည်။ ခဏစောင့်ပါ။ စာကြည့်တိုက်ကြီး ခင်ဗျား။

**စေတနာ**

ဥပဒေဆိုသော ဝေါဟာရကို မတွေ့တွေ့အောင်ရှာခဲ့သော ကျွန်တော့်ဘဝအကြောင်း စဉ်းစားတွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ…။ ။

> **“ဥပဒေဆိုသော စကားရပ်၏ အရင်းခံအဓိပ္ပာယ်မှာ ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်ခြင်း ဟူ၍ဖြစ်သည်။ ဤအခြေခံသဘောကို ထောက်ရှုခြင်းဖြင့် အနောက်နိုင်ငံအသီးသီးတွင် ဤစကားလုံးအသုံးအနှုန်းတို့သည် တိကျပြတ်သားစွာ ကိုက်ညီမှုမရှိကြောင်း တွေ့ရပေသည်”**

# လျှပ်စစ်မီးလေးလင်းချင်တယ် အပိုင်း(၂)

**မျိုးချစ်ခင်**

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုမှာ တစ်နိုင်ငံလုံးအနေဖြင့် ၄၀ ဒသမ ၉ ရာခိုင်နှုန်းခန့်သာရှိရာ သက်ဆိုင်ရာဌာနအနေဖြင့် ပြည်သူများအား လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဗို့အားမြင့် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအပြင် ဖြန့်ဖြူးရေးလိုင်းများဖြစ်သည့် 33, 11KV ဓာတ်အားလိုင်းနှင့် ခွဲရုံများကို စီမံချက်များချမှတ်ပြီး မြန်မာပြည်အနှံ့ တိုးချဲ့တည်ဆောက်လျက်ရှိသည်။ မကြာမီ တည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးတော့မည်ဖြစ်သည့် 230KV လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းနှင့် 230KV ကျိုက်လတ် ပင်မဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရေးသားဖော်ပြလိုပါသည်။

မြစ်ချောင်းအင်းအိုင်များပေါများလှသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဧရိယာအားဖြင့် ၁၃၅၆၆ ဒသမ ၅၉၃ စတုရန်းမိုင် ကျယ်ဝန်းပြီး လူဦးရေမှာ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ ၅ ဒသမ ၅ သန်းကျော်ရှိပြီး အိမ်ထောင်စုစုပေါင်း ၁ ဒသမ ၅ သန်းခန့် ရှိသည့်အနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်သည့် အိမ်ထောင်စုမှာ ၂၅၁၆၈ ခန့်သာ ရှိသေးသဖြင့် စုစုပေါင်း အိမ်ထောင်စု၏ ၁၇ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်သေးသော တိုင်းဒေသကြီးဖြစ်သည်။

### ယခင်ထက်ပိုမိုဖြန့်ဖြူးနိုင်

ဧရာဝတီတိုင်းဒေသကြီးအား လျှပ်စစ်မီးဖြန့်ဖြူးပေးရာတွင် ယခင်က ပြည် - မြန်အောင်-ဟင်္သာတ-ပုသိမ် 66KV Double Circuit တစ်လိုင်းဖြင့်သာ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှစ၍ လှိုင်သာယာမှအသုတ်သို့ 230KV ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် အသုတ်မြို့တွင် 230KV ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မေလတွင် စီမံကိန်းလုပ်ငန်းများပြီးစီး၍ ဧရာဝတီတိုင်းဒေသကြီးတွင် 230KV ပင်မခွဲရုံတစ်ခု ပေါ်ပေါက်လာပြီး အဆိုပါ အသုတ်ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ပုသိမ်၊ ရေကြည်နှင့် ဟင်္သာတမြို့များရှိ 66/11KV ဓာတ်အားခွဲရုံများနှင့် ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံ၊ သာပေါင်း ပျော့ဖတ်စက်ရုံ၊ ပုသိမ်မှုန်စက်ရုံများသို့ 66KV ဓာတ်အားလိုင်းများဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ထို 66KV ခွဲရုံများမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ယခင်ထက် ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး အနောက်ခြမ်းမြို့များဖြစ်သော တိုင်းမြို့တော် ပုသိမ်မြို့နှင့် အခြားမြို့ကြီးမြို့ငယ်များတွင် လျှပ်စစ်မီးသုံးစွဲမှု ပိုမိုတိုးတက်များပြားလာသောကြောင့် ၂၀၁၂ ခုနှစ်တွင် အသုတ်မှ ပုသိမ်သို့ 230KV မဟာဓာတ်အားလိုင်းနှင့် ပုသိမ်မြို့(ကံကုန်း)တွင် 230 KV ပုသိမ်ဓာတ်အားခွဲရုံစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီး၍ ဧရာဝတီတိုင်းဒေသကြီး အနောက်ခြမ်းဒေသများအား ယခင်ထက် ဗို့အားပြည့်ဝစွာဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့နယ်များအား လျှပ်စစ်မီး ပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီးအရှေ့ခြမ်းရှိ မြို့နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသော 230 KV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံနှင့် ကနောင် ပင်မဓာတ်အားခွဲရုံများမှ ဖြန့်ဖြူးသော 33KV ဓာတ်အားလိုင်းများကိုသာ အားထား၍ လျှပ်စစ်မီးသုံးစွဲနေကြရပြီး လျှပ်စစ်ဗို့အားပြည့်ဝစွာနှင့် လုံလောက်စွာ မရရှိဘဲ သုံးစွဲနေကြရသဖြင့် ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ပြည်သူများ လျှပ်စစ်မီးအားပြည့်ဝစွာနှင့် လုံလောက်စွာ တိုးတက်သုံးစွဲခွင့်ရရှိရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်ပြီး 230KV လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း ၅၂ မိုင်နှင့် 230/66/11 KV, 100 MVA ကျိုက်လတ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

### အကြိမ်ကြိမ်ညှိနှိုင်းတည်ဆောက်ခဲ့ရ

အဆိုပါစီမံကိန်း စတင်အကောင်အထည်ဖော်ရာတွင် ဓာတ်အားလိုင်းအူကြောင်းကို လှိုင်သာယာမှ ကျိုက်လတ်အထိ မော်တော်ကားလမ်းတစ်လျှောက် တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံမြို့များကို ဖြတ်သန်း၍ ကျိုက်လတ်ခွဲရုံအထိ လျာထားဆောင်ရွက်ခဲ့ရာ မူလက စုစုပေါင်း ဓာတ်အားလိုင်းအရှည် ၆၅ မိုင်အထိ ရှိခဲ့ပါသည်။ ထိုဓာတ်အားလိုင်းအူကြောင်းမှာ ကားလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက်ရှိနေသဖြင့် နည်းပညာအရ ယင်းဓာတ်အားလိုင်းအူကြောင်းကို အတတ်နိုင်ဆုံး အဖြောင့်တည်ဆောက်နိုင်ရန် ပြန်လည်တိုင်းတာခဲ့ရသည်။ လိုင်းအူကြောင်းသစ်အရ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲမြို့များရှိ ဝါးခြံ၊ ရော်ဘာခြံများကို ဖြတ်သန်းတည်ဆောက်ရန် စီစဉ်ခဲ့ကြရာ ဓာတ်အားလိုင်းအရှည် ၅၂ မိုင်သာ ရှိတော့သဖြင့် ဓာတ်အားလိုင်းတည်ဆောက်စရိတ်များ လျော့နည်းသွားပြီး နိုင်ငံတော်ဘဏ္ဍာငွေ များစွာသက်သာခဲ့သည်။ သို့ရာတွင် ဒေသခံများ၏ ဝါးခြံ၊ ရော်ဘာခြံများကို ဖြတ်သန်းတည်ဆောက်ရသဖြင့် အကြိမ်ကြိမ်ညှိနှိုင်း၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသောကြောင့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက် လေးလ ပိုမိုကြာမြင့်ခဲ့သည်။

230KV လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်း တည်ဆောက်ရာတွင် တည်ဆောက်ရေးအဖွဲ့များအနေဖြင့် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာဝါတိုင် တပ်ဆင်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ဓာတ်အားလိုင်းဖြတ်သန်းရာတစ်လျှောက်ရှိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များရှိ လယ်ကွင်းများ၊ ဉယျာဉ်ခြံမြေများ၊ ဝါးခြံများ၊ ရော်ဘာခြံများကို ပိုင်ဆိုင်ကြသည့် ဒေသခံပြည်သူများ၏ သီးပင်စားပင်များ၊ ဝါးပင်၊ ရော်ဘာပင်များ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် နစ်နာကြေးငွေများကို ပေးချေနိုင်ရန် စီမံကိန်းတာဝန်ရှိသူများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်များအပါအဝင် ဒေသခံပြည်သူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းပြီး ဒေသအာဏာပိုင်များမှ ဖွဲ့စည်းပေးထားသည့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ပေးသော နစ်နာကြေးငွေများကို မြို့နယ်၊ ခရိုင်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရထံမှ အတည်ပြုချက်ရယူပြီး ၎င်းနစ်နာကြေးငွေများကို နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အသုတ်အလိုက်ခွဲကာ ပေးလျော်ခြင်းများ ဆောင်ရွက်ခဲ့ကြရသည်။

### မိုးထဲလေထဲခက်ခက်ခဲခဲ

မကြာမီ တည်ဆောက်ပြီးစီးတော့မည့် 230KV လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းသည် ဓာတ်အားလိုင်းအရှည် ၅၂ မိုင်ရှိပြီး တာဝါတိုင်ပေါင်း ၂၀၉ တိုင် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြစ်ချောင်းများ ပေါများလှသဖြင့် အချို့နေရာများ၌ တည်ဆောက်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ကုန်းတစ်တန်၊ ရေတစ်တန် လှည်း၊ လှေ၊ သင်္ဘောများဖြင့် လုပ်ငန်းခွင်အရောက် သယ်ပို့၍ တည်ဆောက်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ကြရသည်။ ထို့အပြင် တွံ့တေးတူးမြောင်း၊ ဒေးဒရဲမြစ်၊ ကျိုက်လတ်မြစ် စသည့် မြစ်များကို ကျော်ဖြတ်တည်ဆောက်ထားသည့် မြစ်ကျော်တာဝါတိုင်များသည် ကားလမ်းမှ အလှမ်းကွာသည့်နေရာတွင် ရှိနေသဖြင့် ယင်းမြစ်ကျော်ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ကြိုးဆွဲပစ္စည်းများဖြစ်သည့် Tensioner & Puller စက်ကြီးများ၊ ACSR Conductor ဘီးလုံးများ၊ ကြွေသီးတွဲများ စသည့် ပစ္စည်းများကို ထိုနေရာများသို့ ဇက်ယာဉ်များ၊ သင်္ဘောကြီးများဖြင့် သယ်ပို့ပြီး ကြိုးဆွဲလုပ်ငန်းများကို မိုးထဲလေထဲတွင် စီမံကိန်းဝန်ထမ်းများက ကြိုးစားဆောင်ရွက်ခဲ့ကြရာ ကျိုက်လတ်မြစ်ကျော် ကြိုးဆွဲလုပ်ငန်းကို ၆-၅-၂၀၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြပြီး ၁၅-၅-၂၀၁၈ ရက်တွင် ပြီးစီးခဲ့သည်။ ထို့နောက် ဆက်လက်ပြီး ဒေးဒရဲမြစ်ကျော် ကြိုးဆွဲလုပ်ငန်းကို ၁၆-၅-၂၀၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြကာ ၃၀-၅-၂၀၁၈ ရက်တွင် ပြီးစီးခဲ့သည်။ တွံ့တေးတူးမြောင်းဖြတ်ကြိုးဆွဲလုပ်ငန်းကို ၄-၆-၂၀၁၈ ရက်တွင် စတင်ပြီး ၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကော့မှူးမြို့နယ် ဝါးခြံများအတွင်းဖြတ်သန်း၍ ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုမှာလည်း မကြာမီရက်များတွင် ပြီးစီးတော့မည်ဖြစ်သလို လှိုင်သာယာခွဲရုံနှင့် အဆိုပါဓာတ်အားလိုင်း ချိတ်ဆက်ဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် 230KV လှိုင်သာယာ-အလုံ ဓာတ်အားလိုင်းကို ၁၇-၆-၂၀၁၈ ရက်တွင်ခေတ္တပိတ်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ကြရာ ထိုနေ့ ညနေ ၅ နာရီခွဲခန့်တွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့သည်။



မြစ်ဖြတ်ကျော်ဓာတ်အားလိုင်း သွယ်တန်းရန် ဆောင်ရွက်နေသည့် ဝန်ထမ်းတစ်ဦး

အဆိုပါဓာတ်အားလိုင်း တည်ဆောက်ခဲ့ရာတွင် ဖောင်ဒေးရှင်းလုပ်ငန်းနှင့် တာဝါတိုင်ဆင်ခြင်း လုပ်ငန်းများကို ဌာနနှင့် ပြည်တွင်းကုမ္ပဏီအဖွဲ့ ရှစ်ဖွဲ့ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ကြိုးဆွဲလုပ်ငန်းများကိုတော့ ဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် နေ့စားလုပ်သား စုစုပေါင်းအင်အား ၃၀၀ ခန့်က ဓာတ်အားလိုင်းတစ်လျှောက် အပိုင်းခြောက်ပိုင်း၊ အဖွဲ့ခြောက်ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြပြီး ကြိုးဆွဲလုပ်ငန်းပြီးစီးသည့် အဖွဲ့သုံးဖွဲ့ဖြင့် မြစ်ကျော်ကြိုးဆွဲခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် 230/66/11KV, 100 MVA ကျိုက်လတ် ပင်မဓာတ်အားခွဲရုံ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းကို ဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများ၊ ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး ယနေ့အချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွား၍ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှပို့လွှတ်မည့် 230KV ဓာတ်အားကို လက်ခံပြီး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ခွဲရုံအတွင်း တပ်ဆင်ထားသော ထရန်စဖော်မာများ၊ ဗို့အားထိန်း ထရန်စဖော်မာနှင့် Capacitor Bank များ၊ လျှပ်စစ်စက်ပစ္စည်းများ၊ ခွဲရုံထိန်းသိမ်းမောင်းနှင်မှုဆိုင်ရာလုပ်ငန်း စသည်များကို စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်နေပြီဖြစ်သည်။

### ဗို့အားအပြည့်သုံးစွဲနိုင်ရေး

ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်းရှိ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းစသည့် မြို့နယ်များသည် ယခုလက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ 230KV ကနောင်(လှိုင်သာယာ) ပင်မဓာတ်အားခွဲရုံနှင့် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတို့မှ ဖြန့်ဖြူးထားသော 33KV တွံ့တေး- ကော့မှူး-ကွမ်းခြံကုန်း ဓာတ်အားလိုင်းနှင့် 33 KV ညောင်ကုန်း-မအူပင်လိုင်းတို့မှ ဓာတ်အားရယူ သုံးစွဲနေခြင်းဖြစ်ပါသည်။ 33 KV ကနောင်-တွံ့တေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ဘိုကလေးဓာတ်အားလိုင်းသည် လှိုင်သာယာမှ ဘိုကလေးအထိ မိုင် ၉၀ ခန့် ရှည်လျားစွာတည်ရှိသဖြင့် ဗို့အားကျဆင်းမှုများရှိနေရာ ဖျာပုံနှင့် ဘိုကလေးတွင် 11 KV ဗို့အားမှာ 7 KV ခန့်သာရှိ၍ ယင်းဒေသနေ ပြည်သူများမှာ လျှပ်စစ်မီးကို ဗို့အားပြည့်မီလုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိပေ။ အဆိုပါဒေသနေ ပြည်သူများ လျှပ်စစ်မီး ဗို့အားပြည့်ဝစွာဖြင့် ပိုမိုတိုးတက်သုံးစွဲနိုင်ရေးအတွက် ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယခု တည်ဆောက်ပြီးစီးတော့မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတွင် နိုင်ငံခြားမှဝယ်ယူသော ဓာတ်အားလိုင်းပစ္စည်းများ၊ ဓာတ်အားခွဲရုံပစ္စည်းများ၏ တန်ဖိုးများနှင့် တည်ဆောက်ရေးစရိတ်အပါအဝင် စုစုပေါင်း ကျပ်သန်းပေါင်း ၃၉၆၃၃ ခန့်ကို နိုင်ငံတော်က အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ယခုအခါ 230KV လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းများနှင့် 230KV ကျိုက်လတ်ပင်မဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသည့် 230/66/11 KV, 100MVA ထရန်စဖော်မာနှင့် 66/33 KV, 30MVA ထရန်စဖော်မာများ၊ 230KV, 25MVAR ရှိသည့် Shunt Reactor နှင့် Capacitor Bank တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**“လိုင်းအူကြောင်းသစ်အရ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲမြို့များရှိ ဝါးခြံ၊ ရော်ဘာခြံများကို ဖြတ်သန်းတည်ဆောက်ရန် စီစဉ်ခဲ့ကြရာ ဓာတ်အားလိုင်းအရှည် ၅၂ မိုင်သာရှိတော့သဖြင့် ဓာတ်အားလိုင်းတည်ဆောက်စရိတ်များလျော့နည်းသွားပြီး နိုင်ငံတော်ဘဏ္ဍာငွေများစွာ သက်သာခဲ့သည်။ သို့ရာတွင်ဒေသခံများ၏ ဝါးခြံ၊ ရော်ဘာခြံများကို ဖြတ်သန်းတည်ဆောက်ရသဖြင့် အကြိမ်ကြိမ်ညှိနှိုင်းပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရသောကြောင့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက်လေးလ ပိုမိုကြာမြင့်ခဲ့ပါသည်”**

# ရေစကြိုမြို့အတွက် အမှိုက်ကန်များနှင့် အမှိုက်ကန်သိမ်းယာဉ်ရောက်ရှိ

**ရေစကြို ဇူလိုင် ၃၁**

ပခုက္ကူခရိုင် ရေစကြိုမြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ နေ့စဉ် အမှိုက်သိမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ရေစကြိုမြို့ပေါ်အမှိုက်စွန့်ပစ်မှုများသောနေရာများတွင်ထားရှိမည့် အမှိုက်ကန်အသစ်များနှင့် ထိုအမှိုက်ကန်များကို လိုက်လံသိမ်းဆည်းမည့် ကရိန်းကားအသစ်တစ်စီး ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

"အမှိုက်ကန် ၁၀ခု နဲ့အမှိုက်ကန်သိမ်းတဲ့ကရိန်းကားကို မီနီဘတ်ဂျက်နဲ့ကုမ္ပဏီတစ်ခုကနေ ဝယ်ခဲ့တာပါ၊ အမှိုက်ကန်သိမ်းတဲ့ကားက ကရိန်းပါတော့ ကရိန်းနဲ့ပဲ တင်တာချတာလုပ်ရတာ၊ ခါတိုင်းလိုလူအင်အားနဲ့ အမှိုက်ကျုံးစရာ မလိုတော့ဘူးပေါ့၊ လူမလိုဘူး၊ သူ့ဟာသူပဲ အမှိုက်ကန်ကို ချတာဆွဲတင်တာ လုပ်တယ်၊ လူအင်အားမသုံးဘဲ စက်အားနဲ့ ဆောင်ရွက်သွားမှာ၊ အမှိုက်ကန်ထားဖို့ အောက်ကအုတ်ခုံလုပ်ဖို့ကို ဘတ်ဂျက်ခွင့်ပြုမိန့်တောင်းထားတယ်၊ အဲဒါရရင် မြို့ပေါ်က အမှိုက်စွန့်ပစ်မှုများတဲ့နေရာ ၁၀နေရာမှာ ထားသွားမှာပါ"ဟု ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

အမှိုက်ကန် ၁၀ ကန်ကို တန်ဖိုး ကျပ် ၁၅၆၃၇၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး အမှိုက်သိမ်းကရိန်းကားတစ်စီးကို ကျပ် ၂၃၅ သိန်းဖြင့် ဝယ်ယူခဲ့ကာ အမှိုက်ကန်ဝယ်ယူသည့် ကုမ္ပဏီက အမှိုက်ပုံးနှစ်ပုံးတွဲပါရှိသည့် အများသုံးအမှိုက်ပုံး ငါးခုနှင့် အမှိုက်ကန်ပါရှိသည့် သုံးဘီးအမှိုက်သိမ်းယာဉ်တစ်စီးကို လက်ဆောင်ပေးအပ်ခဲ့သည်ဟု သိရသည်။

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အမှိုက်သိမ်းယာဉ်စုစုပေါင်း ငါးစီးရှိပြီး အဆိုပါ အမှိုက်သိမ်းယာဉ်များဖြင့် ရေစကြိုမြို့ပေါ်ရပ်ကွက်များရှိ အမှိုက်များကို လိုက်လံသိမ်းဆည်းလျက်ရှိရာတွင် တစ်လလျှင် အမှိုက်တန်ချိန် ၂၆၀ ကျော်ကို လစဉ်သိမ်းဆည်းပေးလျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရေစကြိုမြို့နေပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်ကြစေရေးအတွက် အမှိုက်ကန်ထားရှိသည့်အုတ်ခုံများပြုလုပ်ပြီးပါက အမှိုက်ကန် ၁၀ ကန်ကို ရပ်ကွက်များအတွင်း ထားရှိပေးသွားတော့မည်ဖြစ်သည်။ ထို့အပြင် အစိုးရစာသင်ကျောင်းများတွင်လည်း စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် စာသင်ခန်းတစ်ခန်းလျှင် အမှိုက်ပုံးတစ်ပုံးနှုန်းဖြင့် အမှိုက်ပုံးပေါင်း ၁၂၂ ပုံးကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များနှင့် စာသင်ကျောင်းများတွင် စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် အသိပညာပေး ဟောပြောပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



ရေစကြိုမြို့ပေါ်ရပ်ကွက်များတွင်ထားရှိမည့် အမှိုက်ကန် ၁၀ကန်

# ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လှိုင်းဘွဲ့-ကမော့ကချျုးလမ်းအား ပြုပြင်ပြီးစီး



**လှိုင်းဘွဲ့ ဇူလိုင် ၃၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လှိုင်းဘွဲ့ ပိုင်ကျုံမြို့သို့သွားသော လှိုင်းဘွဲ့-ကမော့ကချျုး ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၀/၁.၆ကီလိုမီတာ) အတွင်းရှိ ကတ္တရာလမ်းသည် မိုးအဆက်မပြတ် ရွာသွန်း၍ တောင်ကျချောင်းရေများ ကျဆင်းလာကာ လှိုင်းဘွဲ့ချောင်းရေ မြင့်တက်လာမှုကြောင့် (အရှည်ပေ ၁၀၀ ၊ အကျယ် ၁၁ ပေ၊ လမ်းပခုံး ၆ ပေ၊ အနက် ၄ ပေ) ခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါပျက်စီးသွားသော ကတ္တရာလမ်းကို ဇူလိုင် ၂၉ ရက်မှစတင်၍ လှိုင်းဘွဲ့မြို့နယ် လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လမ်းအား ကျောက်ဖြည့်ခြင်း၊ လမ်းဘေးတုတ်စိုက်ခြင်း၊ ကျောက်ရော မြေအုပ်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်တွင် ပြီးစီးခဲ့ပြီး မော်တော်ယာဉ်များနှင့် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ်မှ လေဘေးနှင့် ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ကော့ကရိတ် ဇူလိုင် ၃၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒေါဖျာကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စုများနှင့် ရေဘေးသင့် အိမ်ထောင်စုများထံသို့ ကရင်ပြည်နယ်အစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ဒေါဖျာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သော ထောက်ပံ့ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၁ စုအတွက် တစ်အိမ်ထောင်လျှင် ကျပ် တစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ရေဘေးသင့်အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၁၈၇ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန် ၃၉ အိတ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ မြို့နယ်အုပ် ချုပ်ရေးမှူး ဦးရာဇာအေး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယခု ဇူလိုင်လနောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များအတွင်း ကျေးရွာနှင့်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ခဲ့ရာ ဇူလိုင် ၃၀ ရက်အထိ အဆိုပါ မြို့နယ်နှစ်ခုတွင် ရေဘေးရှောင်ပြည်သူ ၂၈၇၃ ဦးရှိပြီး ကျုံဒိုးမြို့တွင် ကယ်ဆယ်ရေးစခန်းလေးခု ဖွင့်လှစ်ထားရကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# ဖြူးမြို့နယ်တွင် မိုးများ၍ စစ်တောင်းမြစ်ဘေးရွာများမှ လူနေအိမ်နှင့် စပါးခင်းများ ရေနစ်မြုပ်

**ဖြူး ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် စစ်တောင်းမြစ်ဘေးကျေးရွာများတွင် လူနေအိမ်များနှင့် စပါးစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ရေကြီးနစ်မြုပ်လျက်ရှိသော ကျေးရွာအုပ်စုများဖြစ်သည့် ကမ်းနားဘန်းလောင်းကျေးရွာအုပ်စု၊ အုတ်ဖြတ်ကျေးရွာအုပ်စု၊ ကြာအင်းကြီးကျေးရွာအုပ်စုတို့တွင် နေထိုင်ကြသော ရေဘေးသင့်ပြည်သူများထံသို့ ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဇော်ဦးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စေတနာရှင် ပြည်သူများက ဇူလိုင် ၃၀ ရက်တွင် ကျေးရွာအရောက် ကွင်းဆင်းသွားရောက်ကြပြီး အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်နှင့် အဝတ်အထည်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၁**

စမ်းချောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စေတနာရှင် ပြည်သူများ ထပ်မံစုပေါင်းလှူဒါန်းထားသော ခေါက်ဆွဲခြောက်များ၊ ရေသန့်များ၊ ဆန်များ၊ အသင့်စားစရာမုန့်များနှင့် အဝတ်အထည်များကိုစုစည်း၍ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ရေဘေးသင့်နေရာများသို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရှိရသည်။

**စမ်းချောင်း (ပြန်/ဆက်)**

# ရော်ဘာပင်ကြားတွင် ကော်ဖီပင်များ စမ်းသပ်စိုက်ပျိုးခြင်း သံတောင်ကြီးမြို့နယ်၌ ဆောင်ရွက်

**သံတောင်ကြီး ဇူလိုင် ၃၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စီပင်ကြီးကျေးရွာအုပ်စုရှိ ဒေသခံတောင်သူတစ်ဦးပိုင် ရော်ဘာခြံ၌ ရော်ဘာပင်များကြား ကော်ဖီပင်စမ်းသပ်စိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ရော်ဘာပင်ကြား ကော်ဖီပင်စမ်းသပ်စိုက်ပျိုးခြင်းရည်ရွယ်ချက်မှာ ရော်ဘာစိုက်တောင်သူများအနေဖြင့် ရော်ဘာသီးနှံမှ ဝင်ငွေရရှိစေခြင်းအပြင် ရော်ဘာပင်ကြား ကော်ဖီပင်စိုက်ပျိုးခြင်းဖြင့် မိသားစုအတွက် ဝင်ငွေတိုးစေရန်ဖြစ်ကြောင်း၊ သံတောင်ကြီးမြို့နယ်တွင် သံတောင်မြို့အနီးပတ်ဝန်းကျင်ဒေသများနှင့် စီပင်ကလေးကျေးရွာအုပ်စု၊ စီပင်ကြီးကျေးရွာအုပ်စု၊ ရွာကြီးကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအုပ်စု၊ သံမိုးတောင်ကျေးရွာအုပ်စုများတွင် ရော်ဘာစိုက်ခင်းမြောက်မြားစွာ စိုက်ပျိုးထားသောကြောင့် ရော်ဘာပင်ကြား ကော်ဖီပင်စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက တောင်သူများအတွက် ဝင်ငွေတိုးစေမည့် နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းထိုက်မင်းက ပြောကြားသည်။ စမ်းသပ်စိုက်ပျိုးခြင်းအတွက် လိုအပ်သော ကော်ဖီမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**ကန့်ဘလူ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပေကုန်းတောင်ကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ လက်ဝယ်အရောက် ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသူရိန်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်၊ ဒုတိယဦးစီးမှူး ဦးစောပြည့်စုံနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထူးတို့က ပေကုန်းတောင်ကျေးရွာရှိ ကွင်းပေါင်းငါးကွင်း၊ ဦးပိုင် ၄၄ ခုမှ တောင်သူ ၃၉ ဦးတို့၏ လယ်ယာမြေ ၁၁၉ ဒသမ ၇၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

ပေကုန်းတောင်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက "အခုလို ကျွန်တော်တို့တောင်သူလယ်သမားတွေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ လယ်ယာမြေအတွက် ဒီပုံစံ(၇)ဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ပုံစံ(၇)ရှိမှသာ ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေများ ရရှိနိုင်မှာဖြစ်သလို အမွေဆက်ခံခြင်း၊ လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်းတို့ လုပ်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေ အမှန်တကယ်လိုအပ်နေတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)တွေ ရရှိအောင် ဆောင်ရွက်ပေးတဲ့ ခရိုင်၊ မြို့နယ်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သာယာဝတီမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**သာယာဝတီ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ အထက(၁)ကျောင်း၌ ကလေးစာပေပွဲတော်ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြော်ငြာဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူ၍ ပြည်သူများအား အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကြော်ငြာဆိုင်းဘုတ်များကို သုံးဆယ်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များအတွင်းရှိ လူစည်ကားရာနေရာများတွင် လိုက်လံစိုက်ထူခြင်း၊ မြေစိုက်ပိုစတာများစိုက်ထူခြင်း၊ လမ်းဖြတ်ဗီနိုင်းပိုစတာများ ချိတ်ဆွဲခြင်းနှင့် အသံချဲ့စက်ဖြင့် လှည့်လည်ကြော်ငြာ အသိပေးခြင်းများကို ဇူလိုင် ၃၀ ရက်က သာယာဝတီမြို့နှင့် ခရိုင်အတွင်းရှိမြို့နယ်များတွင် ဆောင်ရွက်ခဲ့ကြသည်။ ကလေးစာပေပွဲတော်တွင် ကလေးစာပေပြပွဲများ၊ စာပေတိုက်များမှ စာအုပ်အရောင်းပြခန်းများ၊ ပျော်ရွှင်စရာ ဂိမ်းကစားနည်းများနှင့် ကလေးများအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စသည့် ပြိုင်ပွဲအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**

# ဘားအံမြို့နယ်အတွင်း မြစ်ရေအနည်းငယ်ကျသော်လည်း စိုးရိမ်ရေမှတ်အထက် ကျော်နေဆဲဖြစ်

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် သံလွင်မြစ်နှင့် ဂျိုင်းမြစ်တို့ ရေအနည်းငယ်ကျသွားသော်လည်း စိုးရိမ်ရေအမှတ်ထက် ကျော်လွန်နေဆဲဖြစ်သည့်အပြင် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ကားလမ်းများ ရေကျော်ပိတ်ဆို့နေဆဲဖြစ်ပြီး ကုန်သွယ်မှုခက်ခဲလျက်ရှိကြောင်း သိရသည်။



မြစ်ရေနှင့် မိုးရေများကြောင့် ဘားအံ-သထုံ ကားလမ်းနှင့် ဘားအံ-ဇာသပြင် အဖြောင့်လမ်းရှိ အချို့နေရာများတွင် လမ်းပေါ်၌ ရေအနက် နှစ်ပေမှ ငါးပေခန့်အထိ ရေကျော်နေဆဲဖြစ်ပြီး ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းပေါ် တံတားအမှတ်(၁-၃၆)နှင့် ခရဲကမ်းနားကျေးရွာအုပ်စု ဥပုသ်တောင်မုခ်ဦးအနီးတွင်လည်း ကားလမ်းပေါ်၌ ရေအနက် သုံးပေခန့် ရေကျော်လျက်ရှိကြောင်း၊ ထို့အပြင် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဂျိုင်းပွန်းတွန်းတံတား၏ ချဉ်းကပ်လမ်းပေါ်တွင်လည်း ရေအနက် ခုနစ်ပေခန့်အထိ ရေကျော်နေသဖြင့် ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

"ဘားအံမှာ ကုန်သွယ်ရေးအခက်အခဲ တော်တော်လေးဖြစ်နေပြီ၊ မြဝတီဘက်ကလည်း စားကုန်ကမဝင်တော့ဘူး၊ မော်လမြိုင်နဲ့ သထုံဘက်ကလည်း စားကုန်မဝင်တော့ဘူး၊ တစ်မြို့နယ်လုံးကလည်း ရေမြုပ်နေတာ၊ ဘာစားပင်မှ မကျန်တော့ဘူး၊ ဈေးထဲမှာလည်း အချို့အသီးအရွက်က သုံးဆလောက် ဈေးတက်သွားတယ်၊ ဝယ်လို့ရနေတာပဲ ကျေးဇူးတင်ရမှာ၊ နောက်သုံးရက်လောက်ဆို ခုရောင်းနေတဲ့ လက်ကျန်ကုန်လည်း ရှိမှာမဟုတ်တော့ဘူး"ဟု ဘားအံမြို့မဈေးမှ ကုန်စုံဆိုင်ရှင်တစ်ဦးက ပြောသည်။

ဘားအံမြို့တွင် သံလွင်မြစ်ရေချိန်သည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခွဲအချိန် တိုင်းတာချက်အရ ယင်းမြို့၏စိုးရိမ်ရေအမှတ် ၇၅၀ စင်တီမီတာအထက် ၉၃၅ စင်တီမီတာတွင် ရှိနေပြီး ဂျိုင်းမြစ်ရေချိန်မှာလည်း ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီအချိန် တိုင်းတာချက်အရ ကျုံဒိုးမြို့၏ စိုးရိမ်ရေအမှတ် ၅၇၀ စင်တီမီတာအထက် ၆၁၄ စင်တီမီတာတွင် ဆက်လက်တည်ရှိနေသည်။ သံလွင်မြစ်နှင့် ဂျိုင်းမြစ်ရေမှာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးသော်လည်း ရေမှာ တဖြည်းဖြည်းကျဆင်းလျက်ရှိပြီး ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီခွဲမှ ၁၀ နာရီခွဲအတွင်း မိုးဇလ၏ တိုင်းတာချက်များအရ လေးစင်တီမီတာခန့်စီ ကျဆင်းခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# တီးတိန်၌ သဘာဝဘေးအန္တရာယ်လျော့ချရေး ဆွေးနွေး

**တီးတိန် ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းအရ ကျေးရွာအုပ်စုအဆင့် ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များကို မြို့နယ်ဌာနဆိုင်ရာများနှင့် ကျေးရွာများ ပေါင်းစပ်ရေးဆွဲခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တီးတိန်မြို့နယ်အတွင်း စီမံကိန်းကျေးရွာအုပ်စု ၂၀ ရှိ ကျေးရွာပေါင်း ၄၄ ရွာမှ ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်က ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်း အကြောင်း အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်း၏ချဉ်းကပ်မှုနှင့် လုပ်ငန်းအစီအစဉ်များကို NGO အဖွဲ့ခေါင်းဆောင် ဦးမျိုးမင်းထိုက်က ရှင်းလင်းတင်ပြပြီးနောက် ကျေးရွာအုပ်စုများတွင် ရေးဆွဲထားကြသော ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်ပါ အချက်များနှင့် ပတ်သက်၍ NAG မှ မြို့နယ်တာဝန်ခံ ဒေါ်ခင်အေးကြူက ရှင်းလင်းတင်ပြခဲ့သည်။

တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လယ်ယာသားငါး ကုန်ထုတ်လမ်းလုပ်ငန်း၊ ရေပေးရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ အဆောက်အအုံများဖြစ်သော ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အအုံနှင့် လမ်းမီးတိုင်များ ဆောက်လုပ်ခြင်းလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကိုလည်း ကျေးရွာပေါင်း ၂၉ ရွာ၌ ယူနစ် ၂၄ ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ADB ရန်ပုံငွေဖြင့် ခိုင်ကမ်း- ပိန်းပိကြား ၁၀ မိုင်အတွင်း ရေထုတ်ပြွန်ရှစ်စင်းနှင့် မြေထိန်းနံရံသုံးခုဆောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း ၁၀ ခုကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့၏စီစဉ်မှုဖြင့် ကျေးရွာပေါင်း ၄၄ ရွာ၌ ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များကိုလည်း ယခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအုပ်စုအလိုက် ရေးဆွဲထားသည့် သဘာဝဘေးလျော့ပါးရေး အစီအစဉ်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကသာမြို့၌ ကျောင်းသား ကျောင်းသူများအား အသက်ကယ်အင်္ကျီများ ထောက်ပံ့

**ကသာ ဇူလိုင် ၃၁**

ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ ကသာမြို့သို့ နေ့စဉ် စက်လှေဖြင့်ကျောင်းတက်လာကြသော ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းဝေးစေရန်အတွက် အသက်ကယ်အင်္ကျီ (Life Jacket) များကို ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ဇူလိုင် ၃၀ ရက်တွင် ပေးအပ်ခဲ့သည်။



ကသာမြို့ ရပ်ကွက် (၂) မြစေတီဓမ္မာရုံ၌ကျင်းပသည့် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးလှဝေ၊ ရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ တက်ရောက်ကာ ကျောင်းသား ကျောင်းသူများအား အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း 'ရေလွှမ်းမိုးမှုဖြစ်လာလျှင် ဘာလုပ်ရမလဲ' ခေါင်းစဉ်ဖြင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ကသာမြို့နယ် ပုလွေရွှေကျေးရွာအုပ်စုတွင် ကျေးရွာခုနစ်ရွာ ရှိသည့်အနက် ရေလည်ကျွန်းကျေးရွာတွင် နေထိုင်ပြီး ကသာမြို့ပေါ်ရှိ အမက(၃)၊ အမက(၁)၊ အထက(၁)ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၄၅ ဦးအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကာ ကျန်ရှိသောကျေးရွာများရှိ ကျောင်းသား ကျောင်းသူများအတွက်လည်း ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟန်မျိုးကျော်(ကသာ)**

# ရမည်းသင်း၌ သန်းခေါင်စာရင်းစစ်ဆေးခြင်းဆောင်ရွက်

**ရမည်းသင်း ဇူလိုင် ၃၁**

ရမည်းသင်းမြို့နယ် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ရမည်းသင်းမြို့ဝါတိုးအနောက်ရပ်ကွက်၌ ၂၀၁၈ ခုနှစ် အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းစစ်ဆေးခြင်းလုပ်ငန်းကို ဇူလိုင်လ စတုတ္ထပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်မှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဝင်းတို့က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြည်ပမှ ကျောင်းသား ကျောင်းသူ ၃၅၀ ကျော်အား မြန်မာဘာသာစကား သင်ကြားပေးနေ

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူ ၃၅၀ ကျော် မြန်မာစာကို သင်ယူလျက်ရှိပြီး ယမန်နှစ်ထက် ကျောင်းသား ၂၀ ကျော် တိုးလာကြောင်း သိရသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်တွင် နိုင်ငံခြားဘာသာကို သင်ကြားပေးလျက်ရှိရာ ယခုနှစ်တွင် ကျောင်းသား ၈၅၀ ကျော်ကို လက်ခံမည်ဖြစ်ကြောင်း၊ လျှောက်ထားသည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာမူ များပြားလျက်ရှိပြီး အထူးသဖြင့် ဂျပန်ဘာသာတွင် ၁၅၀၀ ကျော်၊ အင်္ဂလိပ်စာတွင် ၁၂၀၀ ခန့်နှင့် ကျန်သောဘာသာများတွင် ၅၀၀ ခန့်စီ လျှောက်ထားကြောင်း သိရသည်။

"ဆရာအင်အားနဲ့ ကျောင်းသားအင်အား မမျှဘူးလို့ ပြောလို့ရပါတယ်၊ ညနေသင်တန်း၊ စနေ၊ တနင်္ဂနွေသင်တန်းတွေ ဖွင့်ထားတယ်၊ နံနက်စောစောလည်း ပုံမှန် ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေ ရှိတယ်၊ ကျွန်တော်တို့တက္ကသိုလ်ကြီးက ရှေးရှေးကတည်းက ဒီပလိုမာသင်တန်းတွေနဲ့ စလာတာလေ၊ ဒါကြောင့် တန်ဖိုးလည်းထားတယ်၊ အရေးလည်းကြီးတယ်၊ မြို့ပေါ်က နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းအတော်များများက ကျောင်းမှာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ပြီးမှ ဘဝအဆင့်မြင့်ဖို့၊ လုပ်ငန်းခွင်အဆင့်မြင့်ဖို့ ကြိုးစားကြတာများတယ်၊ အဲဒီသင်တန်းမှာလည်း လူ ၇၀၀ နီးပါး ရှိနေတယ်၊ လေးနှစ်မှ ဒီပလိုမာရတယ်ဆိုတော့ ခေတ်ကာလနဲ့မဆီလျော်ပေမယ့် လိုချင်တဲ့သူတော့များတယ်။ ညနေ ၅ နာရီမှာလည်း အင်္ဂလိပ်စာအပါအဝင် ကိုးဘာသာကို သင်တန်းဖွင့်ပေးထားသေးတယ်၊ အဲဒီ သင်တန်းတွေကို တက်ချင်တဲ့သူ သုံးသောင်းနီးပါးရှိပေမယ် သင်ပေးနိုင်တာက သုံးထောင်နီးပါးပဲရှိတယ်၊ ရုံးပိတ်ရက်ဆိုရင် ၅၀၀ ကျော်သာ သင်ပေးနိုင်ပေမယ့် တက်ချင်တဲ့သူက သောင်းချီရှိနေတယ်၊ ဆရာ ဆရာမလည်း နည်းတယ်၊ နိုင်ငံခြားဘာသာစကား သင်ကြားပေးဖို့၊ခန့်ထားဖို့ မလွယ်ဘူးဖြစ်နေတယ်၊ ဝန်ထမ်းအင်အားအခက်အခဲတော့ ရှိနေတယ်"ဟု နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

အောက်တိုဘာလတွင် နိုင်ငံခြားဘာသာတက္ကသိုလ်၌ စာသင်ဆောင်များတိုးချဲ့တည်ဆောက်ရန် စီစဉ်လျက်ရှိပြီး စာသင်ခန်းပေါင်း ၄၀ တိုးလာမည်ဖြစ်ရာ ကျောင်းသားဦးရေတိုးချဲ့ရန် ရည်ရွယ်မထားသော်လည်း လက်ရှိစာသင်ခန်းများအတွင်းရှိ ကျောင်းသားဦးရေကို လျှော့ချကာ အရည်အသွေးတိုးမြှင့်ရန်၊ စာသင်ခန်းများများ ကျောင်းသားနည်းနည်းဖြင့် ထိရောက်စွာ သင်ကြားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဘာသာစကားသင်တန်းဖြစ်သောကြောင့် ထိရောက်သောသင်ကြားမှုဖြစ်စေရန် ဆရာနှင့် ကျောင်းသား အချိုးညီမျှမှုသည် အရေးကြီးကြောင်းလည်း သိရသည်။

"သင်ထောက်ကူပစ္စည်းအတွက် လိုအပ်ချက်မရှိဘူး၊ စာကြည့်တိုက်ကောင်းကောင်းတော့ လိုပါတယ်၊ ကျောင်းမှာ စာကြည့်တိုက်ကအရေးကြီးတယ်၊ စာကြည့်တိုက်မှာတာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းအတွက်လည်း လိုအပ်ချက်ကြီးမားနေတယ်၊ LRC အဆောက်ကို စာကြည့်တိုက်ပြုလုပ်ဖို့ရှိပါတယ်၊ အခုကက စာကြည့်တိုက်ဝန်ထမ်းခက်ခဲနေတာပါ၊ စာအုပ်နဲ့ စာကြည့်တိုက်ဝန်ထမ်းရှိမယ်ဆိုရင် ကျောင်းက တော်တော်ထိရောက်မှာပါ"ဟု ဒေါက်တာကြည်ရွှင်က ကျောင်း၏ စာကြည့်တိုက်နှင့် ဝန်ထမ်းလိုအပ်ချက် အခြေအနေကို ဆက်လက်ပြောကြားသည်။



ပြင်သစ်ဘာသာစကားကို သင်ကြားနေသော ဒုတိယနှစ်ကျောင်းသူ တစ်ဦးက "သမီးတို့ သင်တန်းက လူနည်းတော့ နှစ်ခန်းပဲရှိတယ်။ ဆရာ လုံလောက်တယ်၊ ဒါပေမယ့် တစ်ခန်းကို ကျောင်းသား ၅၀ ကျော်ရှိတယ်၊ ကျောင်းမှာဂျပန်ဘာသာစကား သင်ယူတာတော့ အများဆုံးပဲ၊ ပြီးတော့ အင်္ဂလိပ်စာနဲ့ကိုရီးယားဘာသာ သင်တာများတယ်၊ လူများတော့ သင်ရတာကျပ်တယ်၊ ပျော်ဖို့တော့ ကောင်းပါတယ်"ဟု လက်ရှိ သင်ကြားနေမှုအခြေအနေကို ပြောပြသည်။

လက်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဆရာအင်အား ၂၀၀ ကျော်ဖြင့် ကျောင်းသား ၃၅၀၀ ခန့်ကို သင်ကြားပေးလျက်ရှိပြီး အင်္ဂလိပ်၊ ဂျာမန်၊ ရုရှား၊ ပြင်သစ်၊ စပိန်၊ အီတာလျံ၊ တရုတ်၊ ကိုရီးယားနှင့် ထိုင်းဘာသာစကားတို့ကို သင်ကြားပေးလျက်ရှိကာ ပြည်ပမှလာရောက်သင်ကြားသော ကျောင်းသား ကျောင်းသူများအတွက် မြန်မာဘာသာစကားကိုလည်း သင်ကြားပေးလျက်ရှိသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့ဖြင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**တွေ့ဆုံမေးမြန်း-မင်းသစ် (MNA)၊ ကိုမင်း၊ ဓာတ်ပုံ-မင်းမင်း**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ ပါမောက္ခအထူးကု ဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ပြုလုပ်ပေးခဲ့သည်။**




ဒေါက်တာချမ်းသာ




ဒေါက်တာ ကြည်လွင်




ဒေါက်တာ မြင့်စိုးဝင်း

ထိုကဲ့သို့ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအပေါ် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ခွဲစိတ်ကုသပေးသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေး စောင့်ရှောက်မှု ခံယူမည့်သူများနှင့်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ပြုလုပ်ပေးမှုနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ**
**(ရခိုင်ပြည်နယ်အစိုးရအဖွဲ့)**

ဘူးသီးတောင်မြို့မှာ လာရောက်ဆေးကုသတဲ့ ဆရာဝန် ၅၀ ကျော် ပါဝင်ပါတယ်။ အဓိကကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အခုလိုပဲ ဘူးသီးတောင်မြို့မှာ UEHRD ရဲ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကလည်း အခါအားလျော်စွာ လာရောက်ဆေးကုသပြီး ဖြစ်ပါတယ်။ ထူးခြားတာတစ်ခုကတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ တွေ့ဆုံမှုလည်း ဖြစ်အောင်၊ ပြည်သူလူထု အတွက်လည်း အကျိုးဖြစ်အောင်ဆိုပြီး လာရောက်ဆေးကုသမှု ပြုလုပ်ရခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ မာန်အောင်မြို့မှာ စတင်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ဆရာဝန် ၃၀ နီးပါးပါတယ်။ သားဖွားမီးယပ်နဲ့ ခွဲစိတ်ကုသရမယ့် လူနာတွေကို ခွဲစိတ်ကုသပေးပါတယ်။ ဆက်လက်ပြီး ဂွမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ တောင်ကုတ်မြို့နယ်နဲ့ ကျောက်ဖြူမြို့နယ်တို့ကို သွားရောက်ဆေးကုသပေးခဲ့ပါတယ်။ အခု ဘူးသီးတောင်နဲ့ဆိုရင် ခုနစ်ကြိမ်မြောက်ဖြစ်ပါတယ်။

အခုလူနာတွေကတော့ လာစရိတ်လောက်ပဲ ကုန်ကျမှု ရှိပါတယ်။ စေတနာရှင်တွေရဲ့လှူဒါန်းမှုနဲ့ သူတို့ကို တတ်နိုင်သလောက် ထမင်းတစ်နပ်စီ ကျွေးပါတယ်။ ဆေးဝါးနဲ့ ကုသမှုတွေအားလုံးက အခမဲ့ပါ။

လူနာတွေကို ခွဲစိတ်ကုသမှုပေးပြီးရင် ဘူးသီးတောင် ဆေးရုံမှာပဲ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးမှူးနဲ့ သူ့ရဲ့ လက်အောက်မှာရှိတဲ့ လက်ထောက်ဆရာဝန်တွေနဲ့ ကျန်းမာရေး စောင့်ရှောက်မှု စစ်ပေးပါတယ်။ အနည်းဆုံး တစ်ပတ်လောက် ဆေးရုံမှာထားပြီးရင် လုံးဝစိတ်ချရမှ ဆေးရုံက ဆင်းခွင့်ပြုမှာ ဖြစ်ပါတယ်။ တကယ်လို့ အရေးပေါ်လိုအပ်ခဲ့ရင် စစ်တွေက သမားတော်ကြီးတွေနဲ့ ချိတ်ဆက်ပြီး ဆက်လက် ကုသပေးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အတွေ့အကြုံ အရပြောရမယ်ဆိုရင် ခွဲစိတ်ကုသပေးတဲ့လုပ်ငန်းတွေက ၁၀၀ ရာခိုင်နှုန်းနီးပါး အောင်မြင်မှုရှိပါတယ်။

**ဒေါက်တာကြည်လွင် (ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး)**

ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ ပြည်သူတွေ ကျန်းမာရေးအသိပညာအဆင့်အတန်းမြင့်တက်လာဖို့နဲ့ ရောဂါဝေဒနာ ခံစားနေရတဲ့ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဆေးကုသမှုတွေရရှိဖို့ အခုလို သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဆေးကုသမှုရရှိဖို့ ဆေးရုံတွေ၊ ဆေးခန်းတွေက ကျန်းမာရေးစောင့်ရှောက်မှုတွေရရှိဖို့ ဆောင်ရွက်ပေးရပါတယ်။ ဒါ့အပြင် ဝေးလံခက်ခဲတဲ့နေရာဒေသတွေက အထူးကုဆရာဝန်ကြီးတွေနဲ့ ကုသဖို့လိုအပ်တဲ့ ပြည်သူတွေ ဆေးကုသမှုရရှိဖို့ ဆောင်ရွက်ပေးရတာလည်း ရှိပါတယ်။

ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ပြည်သူတွေ ကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်ဖို့ လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဆရာဝန်ကြီးတွေကို ချိတ်ဆက်ပြီး ဒေသခံပြည်သူတွေကို ဆေးကုပေးနိုင်ဖို့ အရင်က ဆောင်ရွက်ခဲ့တာလည်း ရှိပါတယ်။

ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ပြည်သူတွေဆေးရုံကို လာနိုင်မယ့် အခြေအနေကိုလည်း လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက ကြိုတင်ညှိနှိုင်းခဲ့ပါတယ်။

အခုအဖွဲ့ရဲ့ တစ်နှစ်အတွင်းမှာ ဆေးကုသမှုခုနစ်ကြိမ်အပြင် အခြား UEHRD ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေ၊ Volenteer အဖွဲ့တွေရဲ့ ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ပေးခဲ့တာလည်း ရှိပါတယ်။ အခုလိုမျိုး ဆေးကုသမှုတွေကို ရခိုင်ပြည်နယ်ရဲ့ နေရာအနှံ့အပြားမှာ မြို့နယ်တိုင်းမှာ ဆောင်ရွက်နိုင်ဖို့ အစီအစဉ်တွေ ရှိပါတယ်။ နောင်လည်းပဲ လိုအပ်တဲ့နေရာဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ကုသမှုတွေ ပေးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ပါမောက္ခ/ဌာနမှူး ဒေါက်တာ မြင့်စိုးဝင်း**
**ရန်ကုန်ဆေးတက္ကသိုလ်(၂) နှလုံးရောဂါပညာဌာန**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ ဦးဆောင်မှုနဲ့အတူ လာရောက်ပြီးတော့ ဆေးကုသတာ အခု အကြိမ်နဲ့ဆို ခုနစ်ကြိမ်ရှိသွားပါပြီ။ ဒီတစ်ကြိမ်ကတော့ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ဒေသခံတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ နှလုံးရောဂါကု ဆရာဝန်နှစ်ယောက် ပါပါတယ်။ နှလုံးရောဂါနဲ့ ပတ်သက်ပြီးတော့ လူနာ ၃၀၀ ခန့်ကို စစ်ဆေးကုသဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီလူနာတွေကို လိုအပ်ရင် ECG ဆွဲပေးမယ်။ နောက်ပြီးတော့ နှလုံးကို delivation ရိုက်ပေးမယ်။ ပြီးရင် လိုအပ်တဲ့ဆေးတွေကို ပေးအပ်သွားမှာ ဖြစ်ပါတယ်။

အရေးကြီးတဲ့ လူနာတွေကို ရောဂါနဲ့ပတ်သက်ပြီး သေသေချာချာမှတ်တမ်းလုပ်ပြီးတော့ ကျန်ခဲ့တဲ့ သမားတော်ကို ဆက်လက်ကုသပေးဖို့ မှာထားခဲ့မှာ ဖြစ်ပါတယ်။ အခုလိုမျိုး ဒေသတွေမှာ နှလုံးရောဂါနဲ့ပတ်သက်တဲ့ အထူးကုဆရာဝန်ကြီး မရှိတဲ့အတွက် ကျွန်တော်တို့လို နှလုံးအထူးကုဆရာဝန်ကြီးတွေ လာရောက်ကုသပေးနိုင်တဲ့အတွက်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ နောင်ကိုလည်း ခုလိုမျိုး ဆက်လက်ကုသပေးဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

**ဒေါ်စန်းနွဲ့(အမှတ်(၄)ရပ်ကွက်၊ ဘူးသီးတောင်မြို့)**

ကျွန်မအမေက တော်တော်အသက်ကြီးပါပြီ။ အမေ့ မျက်လုံးမှာ အဖု၊ အကျိတ်လိုမျိုး ဖြစ်နေတာပါ။ ခွဲစိတ်ကုသရမှာမို့ အခုလိုမျိုး ဆေးရုံကို လာပြတာပါ။ အရင်တုန်းကတော့ စစ်တွေ ဆေးရုံမှာ ပြဖူးပါတယ်။ စရိတ်စကတွေ မတတ်နိုင်တဲ့အတွက် နောက်ထပ်မပြဖြစ်ပါဘူး။ အခုလိုမျိုး အထူးကုဆရာဝန်ကြီးတွေ အခမဲ့လာရောက်ကုသပေးတဲ့ အတွက် ဘူးသီးတောင်ဒေသမှာရှိတဲ့ ကျွန်မတို့လို ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်။ အထူးကုဆရာဝန်ကြီးတွေအနေနဲ့ တစ်နှစ်ကို တစ်ခါလောက် ဘူးသီးတောင်ကို လာပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ဖို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**မာမတ်အာယောစ် (အလီချောင်းကျေးရွာ၊ ဘူးသီးတောင်မြို့နယ်)**

ကလေးက အူကျရောဂါဖြစ်နေတဲ့အတွက် ဘူးသီးတောင် ဆေးရုံမှာ လာရောက်ဆေးကုသမှုခံယူတာ ဖြစ်ပါတယ်။ ကလေးကတော့ ခွဲစိတ်ကုသရမှာပါ။ ကျွန်တော်တို့ရွာနဲ့ ဘူးသီးတောင်ဆေးရုံနဲ့ ငါးမိုင်လောက် ဝေးပါတယ်။ ကျေးရွာက ကျန်းမာရေးလုပ်သားတွေကတစ်ဆင့် အထူးကုဆရာဝန်ကြီးတွေ ဘူးသီးတောင်ဆေးရုံမှာ လာရောက်ကုသမယ်ကြားလို့ ကလေးကို လာပြတာပါ။ အခုလိုမျိုး အထူးကုဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေ လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာပါတယ်။

**မူတာမတ်အစ္စလာမ် (စိမ်းညှင်းပြားကျေးရွာ၊ ဘူးသီးတောင်)**

ကျွန်တော်က အူကျရောဂါဖြစ်နေတာပါ။ အရင်က ဘူးသီးတောင်ဆေးရုံကို မိသားစုနဲ့အတူ လာရောက်ပြသတာ သုံးခါရှိပါပြီ။ ရွာနဲ့ ဆေးရုံက ခုနစ်မိုင်လောက် ဝေးပါတယ်။ ဒီဒေသမှာက ကျန်းမာရေးနဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်ရင် ဘူးသီးတောင် လာဖို့မလွယ်ဘူး။ အခုတော့ ခွဲစိတ်ဆရာဝန်ကြီးတွေ ရောက်ရှိလာတဲ့အတွက် ကျွန်တော် ခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ ခွဲစိတ်ကုသမှုနဲ့ ဆေးဝါးတွေကလည်း အခမဲ့ဆိုတော့ ကုန်ကျစရိတ်သက်သာသွားတယ်။

**အဒူဟာလေ့စ်အာမက် (အနောက်ရပ်ကွက် ၁ ဘူးသီးတောင်မြို့)**

ကျွန်တော်က ဘူးသီးတောင်ဆေးရုံက ဝန်ထမ်းတစ်ဦးပါ။ ကျွန်တော့် ယောက္ခမက အူကျရောဂါဝေဒနာခံစားနေရတာ တော်တော်ကြာပါပြီ။ အသက်ကတော့ ၆၅ နှစ် ရှိပါပြီ။ အခုလိုမျိုး ရန်ကုန်က အထူးကုဆရာဝန်ကြီးတွေ လာရောက်ကုသမယ် ကြားတော့ ကျွန်တော့်ယောက္ခမကြီး ဆေးကုသဖို့အတွက် စာအုပ်တွေလုပ်၊ စာရင်းတွေ သွင်းပေးထားပါတယ်။ ကျွန်တော့်ယောက္ခမကြီးရဲ့ ခွဲစိတ်ကုသမှုက အောင်မြင်ပါတယ်။ အခုလိုမျိုး အထူးကုဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေ အခမဲ့လာရောက်ခွဲစိတ်ကုသပေးတဲ့အတွက် မိသားစုကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။ ။

**“ရခိုင်ပြည်နယ် တစ်ခုလုံးမှာရှိတဲ့ ပြည်သူတွေ ကျန်းမာရေးအသိပညာ အဆင့်အတန်းမြင့်တက်လာဖို့နဲ့ ရောဂါဝေဒနာခံစားနေရတဲ့ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဆေးကုသမှုတွေရရှိဖို့ အခုလိုမျိုး သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်”**




ဒေါ်စန်းနွဲ့



မာမတ်အာယောစ်



မူတာမတ်အစ္စလာမ်



အဒူဟာလေ့စ်အာမက်

## စစ်တောင်းမြစ်ရေလျှံမှုနှင့် ချောင်းရေမြင့်တက်မှုတို့ကြောင့် ကျောက်ကြီးမြို့နေပြည်သူများ ရေဘေးဒဏ်ခံရ

**ကျောက်ကြီး ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေလျှံမှုနှင့် ချောင်းရေမြင့်တက်လာသောကြောင့် ဇူလိုင် ၂၃ ရက်မှ ၂၉ ရက် အထိ ကျောက်ကြီးမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ၃၅ ရွာတို့မှ အိမ်ထောင်စု ၈၂၇ စုမှ လူဦးရေ ၃၇၃၀ တို့ ရေဘေးသင့်လျက်ရှိပြီး အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းအား ခေတ္တပိတ်ထားရကြောင်း သိရသည်။ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း၊ နယ်လှည့်ဆေး တပ်စု (ကျောက်ကြီး) တို့က ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် နတ်သံကွင်းဒေသ ရေတွင်းကုန်းကြီးကျေးရွာရှိ စစ်တောင်းမြစ်ရေကာတာ၊ ကျောက်ကြီး - ပဲနွယ်ကုန်း ကားလမ်းဘေးတာပေါင်ရေကျော်၍ ကျေးရွာအတွင်း ရေဝင်မည်စိုးရိမ်ရသဖြင့် သဲအိတ်၊ ကျောက်အိတ်၊ ဂဝံအိတ်များဖြင့် တာဖို့ခြင်းလုပ်ငန်းကို နယ်မြေခံတပ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆောင်ရွက်နိုင်ခဲ့ပြီး ထူးခြားမှုဖြစ်ပွားပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်အနေအထားစုဖွဲ့မှု ထားရှိကြောင်း သိရသည်။

ရေဘေးဒဏ်ခံရသည့် ပြည်သူများအတွက် ဇူလိုင် ၂၉ ရက်အထိ ဆန် ၁၅၈ အိတ်၊ ရေသန့် ၅၅၀၈ ဘူး၊ ဆီဘူး ၁၀၀၊ မုန့်မျိုးစုံ ၁၇၂၈ ထုပ်၊ ထမင်းထုပ် ၉၀၀၊ အချိုရည်ဘူး ၁၆၈၀၊ ခေါက်ဆွဲခြောက် ၁၃၄၈ ထုပ်၊ ငါးသေတ္တာ ၄၅ ဘူး၊ တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၆၅၈၅၆၀၀၊ မိုးကုတ်ဓမ္မရိပ်သာ ကယ်ဆယ်ရေးစခန်းရှိ ခြောက်လအောက်ကလေးသုံးဦးအတွက် ငွေကျပ် ၉၀၀၀၀၊ ကိုယ်ဝန်ဆောင် ခုနစ်လအထက် ခုနစ်ဦးအတွက် ငွေကျပ် ၂၁၀၀၀၀၊ မသန်စွမ်း နှစ်ဦးအတွက် ငွေကျပ် ၆၀၀၀၀၊ ရေဘေးသင့် မူလွန်စည်ပင်သာ အလယ်တန်းကျောင်းသား ၁၀ ဦးအတွက် ငွေကျပ် ၁၅၀၀၀၀၊ မူလတန်းအဆင့် ၁၆ ဦး အတွက် ငွေကျပ် ၁၆၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(မြန်/ဆက်)**

## မြဝတီမြို့ မဲ့ထော်သလေးကျေးရွာ၌ ရေတိုက်စားမှုကြောင့် သောင်ရင်းမြစ်ကမ်းပါးများ ပြိုကျ

**မြဝတီ ဇူလိုင် ၃၁**

ကရင်ပြည်နယ် မြဝတီမြို့သည် မြန်မာ-ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်ပြီး သောင်ရင်းမြစ်ဖြင့် နယ်စည်းခြားထားကာ မြဝတီမြို့ မဲ့ထော်သလေးကျေးရွာတွင် သောင်ရင်းမြစ်ကမ်းပါးနေရာများ ရေတိုက်စားမှုကြောင့် ပြိုကျမှုများရှိနေကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုများကြောင့် အလျား ပေ ၁၅၀၊ အနံ ပေ ၂၀၊ ဒု ၂၅ ပေ၊ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀၊ ဒု ၂၅ ပေ၊ ဦးနံမာ၏ ခြံတွင် အလျား ပေ ၁၅၀၊ အနံ ပေ ၃၀၊ ဒု ပေ ၂၅ ပြိုကျပျက်စီးခဲ့ပြီး ကျန်တစ်အိမ်၏အဆောက်အအုံများကို ပြောင်းရွှေ့ခဲ့ရသည်။



အဆိုပါ မြစ်ကမ်းပါးပြိုကျရာနေရာများသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းမြင့်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဒေသ(၁၁) ဘားအံမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇင်ကိုကို၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ခရိုင်အုပ်ချုပ်ရေးမှူးက နေအိမ်တွင် နေသည့် ခြံရှင်များအနေဖြင့် ၎င်းတို့ နေအိမ်ကို အချိန်မီ ပြောင်းရွှေ့ထားစေလိုကြောင်း၊ ပြောင်းရွှေ့မည်ဆိုပါကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များနှင့် မြေပြိုမှုကို ကာကွယ်ရန် နည်းလမ်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီမြို့အနေဖြင့် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်နေရာများကို ဦးစားပေးနေရာအလိုက် ရှစ်နေရာတင်ပြခဲ့သော်လည်း တစ်ခုသာလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

## သတင်းအတိုအထွာ

### ဇာတ်မင်းသားဖိုးချစ်နှင့် CB Bank KMA Foundation မှ ပဲခူးမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**ပဲခူး ဇူလိုင် ၃၁**

ပဲခူးမြို့ရေဘေးရှောင်စခန်းများရှိ ပြည်သူများထံသို့ ဇူလိုင် ၃၀ ရက်က မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဇာတ်မင်းသားဖိုးချစ်နှင့် CB Bank KMA Foundation မှ လာရောက်တွေ့ဆုံအားပေးသည်။

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးအောက်ထပ် ရေဘေးကွပ်ကဲရေးရုံးတွင် ရေဘေးရှောင်ပြည်သူများအတွက် CB Bank KMA Foundation မှ ဥက္ကဋ္ဌ ဦးခင်မောင်အေးက အလှူငွေကျပ် သိန်း ၃၅၀၊ ထီးအချောင်း ၃၀၀၊ Wave Plus Co.,ltd. မှရေသန့်ဘူး ၅၀၀ ကတ်၊ KHG Holding Co.,ltd. မှ Hero Orange အချိုရည်ဘူး ဒါဇင် တစ်သောင်းနှင့် ပဲခူးတိုင်းဒေသကြီး သမဝါယမမိသားစုမှ (ပဲခူးတိုင်း ၂၈ မြို့နယ်ကိုယ်စားပြု) အလှူငွေကျပ် နှစ်သိန်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လှူဒါန်းခဲ့ရာ ဝန်ကြီးချုပ်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

### ခေတ်မီလက်နက်များ ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရေး သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၇/၂၀၁၈) ဖွင့်ပွဲကို ယမန်နေ့ကပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၊ ယာယီရဲမှူးကြီး မြင့်ထွေး၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး လှရီ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိ၊ အခြားအဆင့် သင်တန်းသား ၁၅၀ တို့အား ခေတ်မီလက်နက်များဖြစ်သည့် BA 63, BA 64, BA 72, BA 94, MA13 လက်နက်များကို လက်တွေ့ပစ်ခတ်စဉ်ပါသင်ခန်းစာများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ကလေးသူငယ်အခွင့်အရေးဖော်ဆောင်သူများ တွေ့ဆုံဆွေးနွေး

**မန္တလေး ဇူလိုင် ၃၁**

ကလေးသူငယ်များဖွံ့ဖြိုးရေးအသင်း(CFN) က ကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးဖော်ဆောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၉ရက်က မန္တလေးမြို့ HOTEL -78 ၌ ကျင်းပရာ ကလေးသူငယ်များ ဖွံ့ဖြိုးရေးအသင်း (CFN) မှ စီမံကိန်းလက်ထောက်မန်နေဂျာ ဦးဝေယံလင်းနိုင်က ကလေးသူငယ်အခွင့်အရေးဖော်ဆောင်သူများဖြစ်ကြသည့် အုပ်ချုပ်ရေးမှူးများ၊ KEY ACTOR များသည် ကလေးအဖွဲ့များအတွင်း ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေပြီး ကလေးများ၏ အခွင့်အရေးကို ပြည့်ပြည့်ဝဝရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရပ်ရွာအလိုက် ရှေ့လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ ပေါ်ထွက်လာစေရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ ကလေးသူငယ်ဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းမြို့နယ်များဖြစ်သည့် ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်၊ မတ္တရာမြို့နယ်များအတွင်းရှိ ကျေးရွာ ၁၂ ရွာမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်သည့်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအကြံပြုကြကြောင်း သိရသည်။ **အောင်စံမောင်**

## ပိုင်ကျုံမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကော့နွဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ သုံးရွာတွင် မိုးရွာသွန်းမှုများပြားသဖြင့် ရေကြီးနစ်မြုပ်လျက်ရှိသည်။

ဇူလိုင် ၂၉ ရက်က အမြင့်ပိုင်းဖြစ်သည့် ရွာဟောင်းကျေးရွာ မူကြိုကျောင်းနှင့် အလကကျောင်းတို့တွင် ရေဘေးရှောင်လာရောက်နေထိုင်သူများအား ဆရာတော်နှင့် စေတနာရှင်များက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ဓနုဖြူ ပုကွန်ကျေးရွာ၌ လေပြင်းတိုက်ခတ်၍ အိမ်နှစ်လုံးပျက်စီး

**ဓနုဖြူ ဇူလိုင် ၃၁**

ဓနုဖြူမြို့နယ် ပုကွန်ကျေးရွာအုပ်စု ပုကွန်ကျေးရွာတောင်ပိုင်းတွင် ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကူညီခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်သေကျေ ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း (မြန်/ဆက်)**

## ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအသစ် တိုးချဲ့တည်ဆောက်

**ပျော်ဘွယ် ဇူလိုင် ၃၁**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာတွင် ၃၃ /၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ ရွှေညောင်ဖူး ဓာတ်အားခွဲရုံအသစ်နှင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်အား တိုးချဲ့တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။



အဆိုပါ ရွှေညောင်ဖူးဓာတ်အားခွဲရုံကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရန်ပုံငွေကျပ် ၃၃၃ သန်းဖြင့် တိုးချဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီဓာတ်အား ပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရွှေညောင်ဖူးဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ယင်းခွဲရုံအနီးပတ်ဝန်းကျင်ရှိ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၄၄ ရွာ၊ ရမည်းသင်းမြို့နယ်အတွင်းရှိကျေးရွာ ရှစ်ရွာ၊ အိမ်ထောင်စုပေါင်း ၇၃၃၀ ခန့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်အောင်အေးထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းလှ

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေ (ဦးစောဦး-ဒေါ်တင့်)တို့၏ သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း(၂၀)၊ အမှတ် ၇၄၆ နေ (ဦးစိန်စိန်)၏ဇနီး၊ (ဦးသန်းညွန့်)-ဒေါ်တင်ရီတို့၏အစ်မ၊ ဦးရန်အောင် (အရာခံဗိုလ်-ငြိမ်း၊ ကကထူး)-(ဒေါ်မြသွယ်)၊ဦးမျိုးမြင့်(ဆလရ၊ငြိမ်း)၊ဦးဘုန်းမြင့်(ဆသရ၊ ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)-ဒေါ်မြမြ(အဆင့်မြင့်ပညာဦးစီးဌာန၊ငြိမ်း)၊ဒေါ်ခင်မျိုးဝင်း(အရိုးရောဂါအထူးကု ဆေးရုံကြီး၊ ငြိမ်း၊ ဗီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ ဦးနေဝင်း-ဒေါ်တင်လေးကြည်၊ (ဦးအောင်ခိုင်)-ဒေါ်မြတ်မာသန်းရီ(ဆလရ၊ ငြိမ်း)တို့၏မိခင်၊ ဒေါက်တာသန့်ဇင်(ဩစတြေးလျ)-ဒေါ်အေမီ၊ ဒေါ်မိုးမိုးတို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စုစု (Daisy Sein)

**St-Philomena's Convent ကျောင်းသူဟောင်း**

**လ/ထ စက်ရုံမှူး(ငြိမ်း)၊ B.P.I**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ ဦးစိန်-ဒေါ်မြတို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် ၃လမ်း၊ တိုက် ၁၂($D_1$)နေ (ဦးစံလှိုင်)၏ဇနီး၊ (ဗိုလ်ကြီးတင်မြ-ဒေါ်စန်းရီ)၊ ဦးချစ်ဆွေ-ဒေါ်ညိုညို၊ (ဦးလှကြည်-ဒေါ်ဝင်းဝင်းမေ)၊ ဦးစိုးရီထွန်း-ဒေါ်သန်းသန်းငွေတို့၏အစ်မ/ညီမ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၃၀-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈- ၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းကြည် (လက်ပံတန်း)

**အသက်(၇၈)နှစ်**

လက်ပံတန်းမြို့၊ လမ်းမတော်လမ်း၊ လက်ခုပ်ပင်နေ ဦးစိုးမြင့်၏ဇနီး၊ (ဦးမောင်ကျော့-ဒေါ်အေးမြင့်)တို့၏သမီး၊ လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ (၃) လမ်းနေ ဒေါ်ရင်အေး၊ ဒေါ်ထွေးထွေးမြင့်၊ ဦးဝင်းဖေ-ဒေါ်မြင့်မြင့်ခင်၊ ဦးမျိုးမင်း၊ ဒေါ်စန်းစန်းခိုင်တို့၏အစ်မ၊ လက်ပံတန်းမြို့နေ ဦးတင့်လွင်-ဒေါ်သန်းနု၊ (ဦးဇော်မြတ်)-ဒေါ်သူဇာအေး၊ ဦးမင်းမင်းစိုး-ဒေါ်တင်နွယ်ဝင်း (စားဖိုမှူး၊ ဆန်စက်၊ ဆီစက်၊ ငရုတ်သီးစက်)တို့၏မိခင်သည် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ငြိမ်းအေး (မြင်းခြံ)

**(ပါဝါပဲခွဲစက်)**

**အသက်(၇၈)နှစ်**

မြင်းခြံမြို့၊ (၈)ရပ်ကွက်၊ ဦးချစ်လမ်းနေ သခင်ညို-ဒေါ်စံလှမယ်တို့၏ သမီး၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်နေ ဦးတင့်-ဒေါ်အေးအေးတင်တို့၏သမီးချွေးမ၊ ဦးနေအောင်ကို၊ ဦးဇော်လင်းအေး-ဒေါ်သင်းသင်းမြတို့၏ မိခင်၊ ဦးအေးသန်း၏ဇနီးသည် ၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် မြင်းခြံမြို့ ဆူးဖြူကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကြည်(ခ)ဒေါ်နွယ်နီလှိုင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၉၈-A)နေ ဦးစိုးမြင့်ရှိန်၏ဇနီး၊ ကိုကျော်ကျော်-မဆွေဇင်၊ ကိုရဲမင်းစိုး-မလှလှဝင်း၊ ကိုစိုးမင်းထိုက်-မမေဝါလင်း၊ မမေမြတ်သူတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝေလွင်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ က·ည·န**

**အသက်(၆၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ(ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးစိုးညွန့်-(ဒေါ်အုန်းရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ် ၉၈၄နေ မောင်ကျော်စွာဟိန်း-မချိုသွေးအောင်၊ မနှင်းဝေလွင်၊ မနှင်းမူလွင် (ဌာနစုမှူး-၁၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ဖခင်၊ ဒေါ်ခင်အေးမူ၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၇-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝေလွင်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကညန**

**အသက်(၆၅)နှစ်**

သူငယ်ချင်း ဒေါ်နှင်းမူလွင် (ဌာနစုမှူး-၁၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ဂျပန်နိုင်ငံ)၏ဖခင် ဦးဝေလွင်သည် ၃၁-၇-၂၀၁၈ရက် နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန 2013 Batch
(ဌာနစုမှူး-၁)မှ သူငယ်ချင်းများ

မော်လမြိုင်မြို့၊ ခေမာရာမသီလရှင်စာသင်တိုက်
ပဓာနနာယကဆရာကြီး

## ဒေါ်ကုသလစာရီ

**သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၇၅)ဝါ**

သင်္ခါရဓမ္မတရားကို လွန်ဆန်ခြင်းငှာ မရပါသောကြောင့် (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်) ၁-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွဲ့နွဲ့(မိုးညို) အသက်(၉၀)

မိုးညိုမြို့၊ ရွှေပြည်သာရပ်ကွက်နေ(ဦးဖိုးလွင်-ဒေါ်အေး)တို့၏သမီး၊ [ဦးစိုးနိုင်(ခ)ဦးထွန်းရှိန်]တို့၏ဇနီး၊ ရန်ကုန်မြို့၊ ကသစ်မြိုင်လမ်း၊ သုဝဏ္ဏ၊ တိုက် ၂၉၄၊ အခန်း ၅နေ ဦးဝင်းစိန်(စခန်းမှူး၊ ငြိမ်း)-ဒေါ်တင်အေးကြည်၊ ဦးတင်မောင်ကို-ဒေါ်ခင်စိန်ရီ(လ/ထညွှန်မှူး၊ ငြိမ်း၊ ကညန)၊ ဦးထွန်းလွင်-(ဒေါ်ခင်ညွန့်ဝေ)၊ ဦးစောလွင်(CE,Bismark Maritine Co.,Ltd.)-ဒေါ်ခင်မာသွယ်၊ ဦးသိန်းဇော်(လ/ထ အင်ဂျင်နီယာ၊ ငြိမ်း၊ မမ)-ဒေါ်ခင်စပယ်(ညွှန်မှူး၊ စီမံ၊ ကညန)၊ ဦးရန်လင်းသိန်း(MD Myanmar Andaman Pearl Co.,Ltd.)-ဒေါ်ခင်လဲ့လဲ့နိုင်၊ဦးသိန်းမင်းဇော်-ဒေါ်သန်းသန်းနိုင်၊ဦးကိုကိုမောင်-ဒေါ်တင်တင်ဝေတို့၏မိခင်၊ မချောရူပါဝင်း၊ မောင်အောင်မင်းမင်းကို၊ မောင်မျိုးမင်းမင်းကို(ဒု-တိုင်းတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့)၊ မောင်ဖြိုးမင်းဇံ ($2^{nd}$ mate)-မနေနိုင်သူ(မန်နေဂျာ-Hilton Hotel)၊ မောင်ထက်ဝေလင်း(မန်နေဂျာ-Hilton Hotel၊ ဘန်ကောက်)၊ မောင်ပြည့်ဖြိုးကျော်($2^{nd}$ Mate)-မပိုးနန္ဒာအောင်၊ [မောင်ပြည့်စုံ(ခ)အဲဒို]၊ (အဲဒူ)၊ မောင်အောင်ခိုင်-မဝိုင်းမို့ဖြူ၊ မောင်ပြည်လင်းသိန်း၊ မောင်နေလင်းသိန်း၊ မဇီဇဝါလင်းသိန်း၊ ဒေါက်တာဇော်ပြည့်ပိုင်(တိုက်နယ်ဆရာဝန်၊ဆင်မတောင်တိုက်နယ်ဆေးရုံ)၊ဒေါက်တာရာပြည့်ပိုင်(မန္တလေး)၊ မောင်ရဲဖုန်းအောင်၊ မစင်သီအောင်၊ မအိန္ဒြေမောင်၊ မြေး ၁၇ယောက်တို့၏အဘွား၊ မခင်နှင်းအောင်ခိုင်၊ မနှင်းဝတ်မှုံခိုင်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၇-၂၀၁၈ရက် နံနက် ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်ကြည် အသက်(၈၆)နှစ်

**(အလယ်တန်းပြဆရာမကြီး-ငြိမ်း၊ ဟသ်ာတ)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၂၅၀နေ(ဦးရှိန်-ဒေါ်အုန်း)တို့၏သမီး၊ (ဦးကြာ-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ဦးစောမောင်(စက်မှုအင်ဂျင်နီယာ-ငြိမ်း၊ အမှတ်-၃၊ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး၊ဦးအောင်မြင့်ဦး၊(ဦးဘဏ်ထွန်း)-ဒေါ်မူမူမြင့်၊ဦးသူရ-ဒေါ်စောမြတ်နှင်း၊ ဦးစိန်ဝင်းမောင်-ဒေါ်ရီရီမြင့်၊ ဒေါ်သူဇာစောတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယကာကြီး

## ဦးတင်ဦး (ပဲနွယ်ကုန်းမြို့)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၁၈ (ပထမထပ်နေ) (ဦးရောင်စိန်-ဒေါ်ရှုခင်)တို့၏သား၊(ဦးဘွန်ဟော-ဒေါ်ကီး)တို့၏သားသမက်၊ ဒေါ်ကြူကြူဝင်း(ခ)ဒေါ်ငွေမိ၏ခင်ပွန်း၊ ဒေါ်သန်းဦး၊ ဦးစိန်မြင့်၊ ဒေါ်သန်းသန်းအေး၊ ဦးမြင့်သန်း-ဒေါ်တင်တင်လတ်တို့၏အစ်ကို၊ ဦးဝင်းသိန်း-(ဒေါ်ခင်စန်း)တို့၏ ယောက်ဖ၊ မောင်ဟိန်းသီဟထွန်း-မတင်မီမီထွန်း၊ မောင်ကျော်ဖြိုးထွန်း-မအေးမြခိုင်ဖြူ၊ မောင်ဇင်မင်းဖြိုး-မပန်းအိခိုင်ဖြူတို့၏ ဖခင်သည် ၃၁-၇-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်းလှိုင် (မကွေးမြို့)

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် ၂၂၊ ခုနစ်လွှာနေ (ဦးဘလှိုင်-ဒေါ်မြခင်) (မကွေးမြို့)တို့၏ သား၊ (ဦးတင်အေး-ဒေါ်ထွေးရီ)တို့၏ သားသမက်၊ ကိုဘိုဘိုဇော်-မရည်မွန်ကျော်၊ ကိုကျော်သီဟဇော်-မခင်သန့်စင်တို့၏ ဖခင်၊ ဒေါ်စန်းတင့်ရီ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်မင်းဘိုခန့်၊ မောင်ဖြိုးဘိုသန့်၊ မောင်ကောင်းဘိုခန့်တို့၏ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးကြည်

**အထက်တန်းပြ(ငြိမ်း)**

**အလက(၁၁)တာမွေ**

**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၁၊ အခန်း ၁၀/က၊ ငါးလွှာနေ (ဦးအုံ့ဘွယ်-ဒေါ်စိမ်းလှ)တို့၏သမီး၊ (ဦးလှထွန်း)၊ (ဦးအောင်မြင့်-ဒေါ်တင်ရွှေ)၊ (ဦးလှထွန်း-ဒေါ်သန်းမြ)၊ (ဦးအုံ့ဘွယ်)-ဒေါက်တာဒေါ်ကြည်ကြည်အေးတို့၏ညီမ၊ ဦးငွေတိုး(စက်မှု-၁၊ ငြိမ်း)-ဒေါ်စိန်စိန်အေး (Linn Enterprise)၊ ဦးလှငွေး-ဒေါ်အေးအေးခင်တို့၏အစ်မ၊ဦးဘိုဘိုထွန်း-(ဒေါ်စန္ဒာကို)၊ ဦးငွေအောင်-ဒေါ်သူဇာကို(ရေကြောင်းဦးစီး)၊(ဦးကျော်စွာကို)-ဒေါ်ကြည်နုတို့၏မိခင်၊ တူ၊ တူမ ၁၉ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်စန်းစန်းဝင်း(ခ)

## မမီးငယ် (မြိတ်)

**အသင်းဝင်အမှတ်(၁၈၇၂)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၀၂၊ တိုက်(ဘီ)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီးနေ ဦးတင်မောင်ညီ၏ဇနီးသည် ၃၀-၇-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်လွမ်းဟုန် (မြိတ်)

**အသင်းဝင်အမှတ်(၂၄၃)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀ လမ်း၊ အမှတ် ၄၉နေ (ဦးစိန်ချည်)၏ဇနီးသည် ၂၉-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးခင်မောင်ကြီး

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် ၇၊ ပါရမီရိပ်သာနေ (ဦးဘမောင်၊ ဦးဘသန်း - ဒေါ်ကြည်ကြည်)တို့၏ သား၊ (ဦးဘ-ဒေါ်သန်းခင်)တို့၏သားသမက်၊ သုံးခွရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ပဏ္ဍိတာရာမကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဦးခေမာစာရ၏ ရဟန်းဒါယကာကြီး၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊(ဦးကိုကိုကြီး)-ဒေါ်တင်တင်ငွေ၊ ဒေါ်မိမိကလျာခင်-ဦးဝင်းမောင်၊ ဦးဝင်းမင်း-ဒေါ်စာယုနွယ်၊(ဦးမျိုးမင်း)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှအေး

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၃) လမ်း၊ အမှတ် ၅၃နေ (ဦးဘချစ်-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးသာအေး)၏ ဇနီး၊ (ဦးမြတ်ကျော်)-ဒေါ်အေးသန်း၊ ဦးအောင်ကျော်ဇော-ဒေါ်ယဉ်မေသိန်း၊ ဦးကျော်ထွန်း-ဒေါ်အေးအေးရီ၊ (ဒေါ်နုနုချို)၊ ဦးရွှေထွန်း၊ ဦးဝင်းဇော်-ဒေါ်နီလာအေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၃၀-၇-၂၀၁၈ရက် ညနေ ၆နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဘွန်ဟုတ်(ခ)ဦးကျော်မြင့်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊ အမှတ် ၈၉နေ (ဦးကံကစ်လှ-ဒေါ်လေးမ)တို့၏သား၊ ဒေါ်ကျင်စန်း၏ခင်ပွန်း၊ ဦးမြတ်အောင်-ဒေါ်ဖြူဖြူဝင်း၊ဦးလင်းအောင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမျိုးအောင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်တင့်ရွှေ

**(ဦးစီးအရာရှိ၊ ငြိမ်း)**

**သ/မဦးစီးဌာန၊ သင်္ဃန်းကျွန်းမြို့နယ်**

**အသက်(၇၀)**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၄၈နေ(ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးစိန်ဝင်း-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊(ဦးသန်းအေး)-ဒေါ်သီသီအောင်၊ ဦးထွန်းဝင်း-(ဒေါ်အေးသက်ရွှေ)၊ (ဦးကံဝင်း)-ဒေါ်ချိုချိုဝင်းတို့၏အစ်မ၊ (ဦးအေးမောင်)၏ဇနီး၊ မောင်လွင်ထူးဆွေ၊ မောင်ငြိမ်းချမ်းအေးတို့၏ချစ်လှစွာသောမိခင်၊တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၃၀-၇-၂၀၁၈ရက်(တနင်္လာနေ့) ည ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ဓမ္မာစရိယတက္ကသိုလ်စာသင်တိုက်၏ ဦးစီးပဓာနမဟာနာယက

## ဆရာတော် ဘဒ္ဒန္တခန္တီသာရ

**သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၃)ရပ်ကွက်၊ ဘုရားလမ်း၊ ဓမ္မာစရိယတက္ကသိုလ်စာသင်တိုက်၏ ဦးစီးပဓာနမဟာနာယက တောင်ငူခရိုင် သုဓမ္မာစာပြန်ပွဲကြီး၏ဥက္ကဋ္ဌ၊တောင်ငူမြို့ပေါ်ရှိ ရွှေဆံတော်ဘုရားစသော ဘုရားဂေါပကတို့၏ဩဝါဒါစရိယဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တခန္တီသာရ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်သည် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃၀-၇-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်) ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပန သာခုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနဖြစ်မြောက်ရေးကော်မတီ

ဓမ္မာစရိယတက္ကသိုလ်စာသင်တိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတေဇောဘာသ (ဓမ္မာစရိယ)

**မဟာစည်နယ်လှည့်ဓမ္မကထိက**

**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အနောက်အာဇာနည်လမ်း၊ သီရိဇေယျာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (ဓမ္မာစရိယ) မဟာစည်နယ်လှည့်ဓမ္မကထိကသည် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃၀-၇-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်ကို ၁-၈-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပန ကျင်းပမည်ဖြစ်ပါကြောင်း။ (ကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)[ဆရာတော်အားရည်စူး၍ ၃-၈-၂၀၁၈ရက် နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

တပည့်များ၊ ဈာပနဖြစ်မြောက်ရေး(ဗဟန်း)

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ရွှေ

**အသက်(၈၁)နှစ်**

ကျိုက်ထိုမြို့နေ (ဦးဖိုးဘဏ်-ဒေါ်နှင်းမြ)တို့၏သား၊ ဘီးလင်းမြို့နယ်၊ ရွှေလှကျေးရွာနေ(ဦးအုန်းမောင်-ဒေါ်နှင်းပွင့်)တို့၏သားသမက်၊ (ဒေါ်ခင်သန်း)၊ ဒေါ်သင်းမာဦး၏ခင်ပွန်း၊ ဦးဝင်းသူ၊ (ဦးဝင်းကြူ)၊ ဒေါ်မာဝေလွင်၊ ဦးခင်မောင်ချို၊ (ဦးကျော်ကျော်မိုး)၊ ဒေါ်သန္တာ၊ ဦးကျော်ကျော်မျိုး၊ ဦးကျော်ဇေယျတို့၏ ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၈ ရက် (တနင်္လာနေ့) ည ၇နာရီတွင် တာမွေမြို့နယ်၊ အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ်(၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါ တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုခမိန်လမ်း၊ အရာရှိရိပ်သာ၊ (၈) ခန်းတွဲ၊ အခန်း(၄)နေ (ဦးသန်းဖေ-ဒေါ်ရီ)တို့၏သား၊ ဒေါ်ရီရီနိုင်၏ခင်ပွန်း၊ ဒေါက်တာမိုးမိုးသိန်း၊ ဒေါက်တာစိုးစိုးသိန်း [ကထိက၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ရန်ကုန်]၊ ဦးခိုင်ရှိန်ဝင်း-ဒေါ်ဆုမြတ်ခင်တို့၏ဖခင်၊ မောင်လင်းဘုန်းပြည့်၏အဘိုးသည် ၃၁-၇-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၃း၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးသန့်ဇင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ် ၄၁ (ပထမထပ်-A)နေ(ဦးတင်ထူး-ဒေါ်မြင့်မြင့်စော)တို့၏သား၊(ဦးမျိုးညွန့်-ဒေါ်မြသန်း)တို့၏သားသမက်၊ (ဦးတင့်လွင်)၏အစ်ကို၊ ဒေါ်ခင်မျိုးသန့်၏ချစ်လှစွာသော ခင်ပွန်း၊ ကိုဇေယျာမျိုးသန့်၊ မကေခိုင်မျိုးသန့်-ကိုကျော်သူရ၊ ကိုအာကာမျိုးသန့်-မမိုးသန္တာငွေတို့၏ဖခင်၊ ကြည်စင်လင်းလဲ့၊ အားမာန်၊ အောင်ဖုန်းသန့်၊ အောင်ဖုန်းပြည့်တို့၏အဘိုးသည် ၃၁-၇-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

## ဦးညွန့်ရွှေ

**(ရပကရ-မြစ်ဝကျွန်းပေါ်)**

**ကျောက်တန်းမြို့**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ် ၂၇နေ (ဦးကုလား-ဒေါ်စောမေ)တို့၏သား၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဦးထွန်းအောင် - (ဒေါ်တိုးတိုးသန်း)၊ ဦးအောင်ကြီး - ဒေါ်မြင့်သီတာအေး၊ ဦးလှမြင့်ဦး - ဒေါ်ခင်လေးဆွေတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မျိုးမြင့်(ခ)မတူး

**အသက်(၆၅)နှစ်**

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ဖက်တန်းလမ်း၊ အမှတ် ၁၇နေ(ဦးထွေးမောင် - ဒေါ်သန်းနွဲ့)တို့၏ သမီး၊ (ဦးအောင်ဝင်း-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊ ဦးငွေးလွင်(ရွက်စိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်အိသွယ် (Techno Mobile Co.,Ltd.)၊ ဦးချမ်းမြေ့ကိုကို-ဒေါ်ဇာနွယ် [Myanmar Lighting (IPP) Co.,Ltd.]၊ ဒေါ်မေဆယ်(AGD Bank)တို့၏မိခင်၊ မောင်လျှမ်းထက်အောင်၊ မောင်ဝန်းရံခတို့၏အဘွားသည် ၃၁-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၈ရက်(စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရေကြီးနစ်မြုပ်လယ်ယာမြေများအတွက် စပါးပြန်လည်စိုက်ပျိုးနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကူညီမည်

**နေပြည်တော် ဇူလိုင် ၃၁**

ရေကြီးနစ်မြုပ်သွားသည့် လယ်ယာမြေများအတွက် မိုးစပါး ပြန်လည်စိုက်ပျိုးနိုင်ရန် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က အကူအညီပေးမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ယနေ့ ဇူလိုင် ၃၁ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်းကြောင့် စပါးစိုက်ပျိုးသည့်လယ်ယာမြေများ ထိခိုက်ပျက်စီးခြင်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် များစွာဝမ်းနည်းရပြီး အခက်အခဲဖြစ်ပေါ်နေသော တောင်သူများ၊ ၎င်းတို့၏ မိသားစုများနှင့်ထပ်တူ စိုးရိမ်ပူပန်ပါကြောင်း၊ ဆန်စပါးစိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးအတွက် အရေးကြီးသော ထုတ်လုပ်မှုကဏ္ဍဖြစ်သဖြင့် ထိခိုက်ဆုံးရှုံးရသည့် တောင်သူများအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေများနှင့်အညီ ရေဘေးဒဏ်ခံစားရသော တောင်သူလယ်သမားများအား စနစ်တကျစိစစ်လျက် ထိထိရောက်ရောက် ပံ့ပိုးကူညီပေးနိုင်ရန်အတွက်လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသို့ အကြံပြုတင်ပြထားကြောင်း။

ထိုသို့ ထိခိုက်ပျက်စီးသည့် လယ်ယာမြေများတွင် စပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လည်းကောင်း၊ စပါးအထွက်နှုန်းများ မထိခိုက်စေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပညာပေးဆွေးနွေးမှုများပြုလုပ်ခြင်း၊ မျိုးနှင့် သွင်းအားစုခာတ်မြေဩဇာများရရှိရေး ပေါင်းစပ်ကူညီပေးခြင်း၊ ထွန်ယက်ရေးအစီအစဉ်များ ဝန်ဆောင်မှုပေးခြင်း စသည့်လုပ်ငန်းများကို အသင်းချုပ်၏ စွမ်းအားရှိသမျှ ပူးပေါင်းကူညီပေးသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ရေကြီးနစ်မြုပ်၍ စပါးစိုက်ကေများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် တောင်သူလယ်သမားများအနေဖြင့် အကူအညီဆက်သွယ်ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရုံးဖုန်းအမှတ် - ၀၁-၂၁၈၂၆၆ - ၆၈၊ ၀၁-၂၃၀၁၁၂၈ - ၂၉ သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးကြေညာထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**



**ကော့ကရိတ်မြို့နယ်အတွင်း ရေနစ်မြုပ်သွားသည့် လယ်ယာမြေများအား စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။** ဓာတ်ပုံ- သီဟစည်သူ

# Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

ရန်ကုန် ဇူလိုင် ၃၁

**မန္တလေးမြို့၌ ကျင်းပမည့် Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက ဟိုတယ်ရွှေပြည်သာ၌ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြချုပ်များနှင့် နည်းပြများတက်ရောက်ကြသည်။**

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီဟေးက "ဒီပြိုင်ပွဲမှာ လာရောက် ယှဉ်ပြိုင်တဲ့ အသင်းတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲက လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်လေးသင်းမှာ သုံးသင်းက အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်တာဖြစ်ပြီး တောင်ကိုရီးယားအသင်းကတော့ အာရှ ယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်တာ ဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းတွေက အသင်းကောင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ကိုပိုပြီး တိုးတက်စေမှာ သေချာပါတယ်။




ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲအပြီး နည်းပြများအား တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

အခုရွေးချယ်ထားတဲ့ကစားသမားတွေကိုလည်း ပြည်တွင်းလိဂ်ပွဲတွေ သေချာကြည့်ပြီး ရွေးချယ်ထားတာပါ။ အသက်ကျော်တဲ့ကစားသမားတွေကို ရွေးချယ်တဲ့အခါမှာ အသင်းရဲ့ အလယ်ကျောရိုးကို အဓိကရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ တောင်ပံမှာ ကစားသမားကောင်းတွေရှိပေမယ့် အလယ်ကျောရိုးကိုပဲ အဓိကစဉ်းစားခဲ့တာပါ။ ဒါကြောင့် ဂိုးသမား၊ ခံစစ်အတွင်းလူ၊ ကွင်းလယ်ကစားသမားနဲ့ တိုက်စစ်မှူးတွေကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ အောင်သူက အသင်းနဲ့ နောက်ကျပြီးမှ ပူးပေါင်းပေမယ့် မြန်မာနိုင်ငံရဲ့အကောင်းဆုံးကစားသမားဖြစ်တာကြောင့် အသင်းနဲ့အံဝင်ဖို့ အချိန်အများကြီးစောင့်ရမှာ မဟုတ်ပါဘူး။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်မှာပါ" ဟု ပြောကြားသည်။ ထိုင်း ယူ-၂၃အသင်းလက်ထောက်နည်းပြ နာရာပွန်က "ဒီပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အာရှအားကစားပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှုဖြစ်ပြီး ဖိတ်ကြားတဲ့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ●

## ဘားအံ-သထုံ ခရီးဆက်မည့်သူများ မော်လမြိုင်မှပတ်၍ အိန္ဒု-ဇာသပြင်လမ်းအတိုင်းသွားမှ အဆင်ပြေမည်

**ဘားအံ ဇူလိုင် ၃၁**

သံလွင်(ဘားအံ)တံတား ချဉ်းကပ်လမ်းနှစ်ဖက်စလုံးတွင် ရေအနက် လေးပေခန့်မြင့်တက်နေပါသဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရသဖြင့် ယာဉ်များဖြတ်သန်းခြင်း ခေတ္တပိတ်ထားကြောင်း သိရသည်။

ဘားအံ-သထုံ-ဘားအံသို့ ခရီးဆက်မည့်သူများ မော်လမြိုင်ဘက်မှပတ်၍ အိန္ဒု- ဇာသပြင်လမ်းအတိုင်းသွားမှသာ အဆင်ပြေမည်ဖြစ်ပါကြောင်း ကရင်ပြည်နယ်လမ်းဦးစီးဌာနက ဇူလိုင် ၃၁ ရက်တွင် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စစ်တောင်းနှင့် သံလွင်မြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင်ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း နှစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း နှစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ဘားအံမြို့တွင် အမြင့်ဆုံး စံချိန်တင်ရေမှတ်မှ ပေဝက်ခန့် ပြန်လည်ကျဆင်းခဲ့သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်

၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့

# မြင်ကွင်းသစ်၊ ပုံရိပ်သစ်တွေနဲ့အတူ ထွက်ပေါ်လာတဲ့

# အနာဂတ်ရန်ကုန်ဘူတာကြီးရပ်ဝန်း

● ဝေယံဦး

**ရန်ကုန်မြို့ကို** နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးတစ်မြို့အဖြစ် ရောက်ရှိစေနိုင်ဖို့အတွက် လက်ရှိမြို့ပြ ပုံရိပ်ပြောင်းလဲမှုတွေက တွန်းအားအဖြစ်တွေ့မြင်နေရသလိုပါပဲ။ လာမယ့် ၁၀ စုနှစ် နှစ်ခုအတွင်းမှာ လူဦးရေ ၁၀ သန်းကျော်နဲ့ Mage City အဆင့် ရောက်ရှိလာမယ့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးပင်မစီမံကိန်းပုံစံ (Greater Yangon 2040 Master Plan) နဲ့အညီ တိုးတက် ပြောင်းလဲလာမယ့် ရန်ကုန်မြို့တွင်းပုံရိပ်တွေထဲမှာ ရန်ကုန်ဘူတာကြီးဝန်းကျင် ဧရိယာလည်း ပါဝင်နေပါတယ်။

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ ဆူးလေဘုရားလမ်းထောင့်မှာရှိတဲ့ မြန်မာ့မီးရထားရုံးချုပ်ဟောင်းကို ရှေးမူလလက်ရာမပျက် ပြင်ဆင်နေပါတယ်။ မကြာမီကာလအတွင်းမှာ တောက်ပဆန်းသစ်တဲ့ အရောင်အသွေးတွေနဲ့ မြန်မာ့မီးရထားရုံးချုပ်ဟောင်းကို မြင်တွေ့ကြရတော့မှာ ဖြစ်ပါတယ်။ ယခင်ရှေးဟောင်းဗိသုကာလက်ရာတွေကို မထိခိုက်စေဘဲ ပြင်ဆင်မှု ပြုလုပ်နေတာမို့ နိုင်ငံတကာခရီးသွားဧည့်သည်တွေအတွက်ရော ပြည်တွင်းက ပြည်သူတွေအတွက်ပါ စိတ်ဝင်စားဖွယ်ရာ အဆောက်အအုံတစ်ခုအဖြစ် ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

အဲဒီ မြန်မာ့မီးရထား ရုံးချုပ်ဟောင်း အနီးမှာပဲ

အချပ်ပို (ခ) သို့









နည်းပညာသစ်အသုံးပြုမည့် ရန်ကုန်အဝါရောင်ကျောင်းကားများ

အချပ်ပို (ခ)



သာသနာ့အမွေနှင့် အနုပညာသည်များ အခြေချအောင်မြင်ရာ ရွှေတိုင်မြေ

အချပ်ပို (ဂ)



ဓာတ်ပုံ - ထိန်လင်း

# နည်းပညာသစ်အသုံးပြုမည့်ရန်ကုန်အဝါရောင်ကျောင်းကားများ

**ရန်ကုန်** မြို့၏ လမ်းမများထက်တွင် ရွှေအိုရောင် (School Bus) ကားတို့ စတင်ပြေးဆွဲခဲ့သည်မှာ အချိန်ကာလအားဖြင့် နှစ်လတာကာလအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ ဝယ်ယူ ပြီးချိန်မှ အချိန်ကာလတစ်ခုကို စောင့်ဆိုင်းခဲ့ရသော အဝါရောင် (School Bus) ကျောင်းကြို/ပို့ယာဉ်များသည် ၂၀၁၈ ပညာသင်နှစ်မှစ၍ ပြေးဆွဲခွင့်ရခဲ့ပြီ ဖြစ်သည်။ မြို့တော် ရန်ကုန်၏ အဓိကလမ်းမကြီးများထက်ဝယ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များမှအပ အဝါရောင်ကျောင်းကြို - ပို့ယာဉ် (School Bus) တို့ကို မြင်တွေ့ကြရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ ကြီးကြပ်မှုဖြင့် ရန်ကင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များရှိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)နှစ်ကျောင်းကို ပထမဦးစားပေးအဖြစ် အဝါရောင်ကျောင်းကြို/ပို့ယာဉ်များ ပြေးဆွဲနေခြင်းဖြစ်သည်။ မြို့တော်ရန်ကုန်၏ အဓိကလမ်းမကြီးများနှင့် ယာဉ်ကြောကျပ်တည်းမှုရှိသော နေရာများရှိ ကျောင်းပေါင်း ၂၂ ကျောင်းကို ကျောင်းကားစနစ်သစ်ဖြင့် ပြေးဆွဲနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဝါရောင်ကျောင်းကြို- ပို့ယာဉ် (School Bus)များ စတင်ပြေးဆွဲမည်ဟူသော သတင်းစကားနောက်ဝယ် ဝေဖန်မှုအမျိုးမျိုးတို့ကို ကြုံတွေ့ခဲ့ရသည်။ ယင်းစိန်ခေါ်မှုများစွာထဲမှ အဝါရောင်ကျောင်းကြို/ပို့ယာဉ်တိုက ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ကိုယ်ပိုင်ကျောင်းကားပြေးဆွဲသူများက အစပိုင်းတွင် စိုးရိမ်စိတ်ရှိခဲ့သော်လည်း အဓိကလမ်းမကြီးများပေါ်၌သာ ပြေးဆွဲသော အဝါရောင်ကျောင်းကြို/ပို့ယာဉ် (School Bus) တို့ကြောင့် စိုးရိမ်စိတ်ပြေလျော့ခဲ့သည်။ ရပ်ကွက်အတွင်း လမ်းများသို့ဝင်၍အိမ်တိုင်ရာရောက် ကြို/ပို့သော ပုဂ္ဂလိက ကျောင်းကားများ၏ ကျောင်းသားရရှိမှုတို့က အဝါရောင် ကျောင်းကြို/ပို့ယာဉ်တို့ကြောင့် ထိခိုက်မှုမရှိပေ။

အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းသားများ လမ်းထိပ်ထွက်၍ ကျောင်းကားစီးနိုင်သည်ဆိုသော်လည်း မူလတန်းအဆင့် ကျောင်းသားငယ်လေးများကိုမူ မိဘများက တစ်ဦးတည်းလွှတ်ရန် စိတ်မချကြပေ။ ထို့ကြောင့်ပင် အိမ်တိုင်ရာရောက်လာခေါ်သော ကျောင်းကားများကို ဆက်လက်အားကိုးကြရသည်။ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်း ကြို- ပို့ယာဉ်များထက် ငါးထောင်- တစ်သောင်းနီးပါး ဈေးနှုန်း ပိုများနေခြင်းက အဝါရောင် ကျောင်းကြို/ပို့ ယာဉ်တို့၏ အားနည်းချက်တစ်ခုလို ဖြစ်နေသည်။ ယာဉ်မောင်းစရိတ်၊ ယာဉ်ကြီးကြပ်စရိတ်နှင့် နေ့စဉ်စက်သုံးဆီဈေးတို့က ကျောင်းသားရရှိမှုနှင့်အချိုးညီရန် အဝါရောင်ကျောင်းကြို-ပို့ ယာဉ်များအတွက် အရေးကြီးပေသည်။

ယခုရက်ပိုင်းအတွင်း ပြေးဆွဲချိန်ကာလ နှစ်လတာအတွင်း ရောက်ရှိလာသည့် အဝါရောင်ကျောင်းကြို/ပို့ယာဉ်တို့ကို နည်းပညာသစ်တစ်မျိုးဖြင့် စမ်းသပ်မှုများ ပြုလုပ်နေသည်ဟူသော သတင်းစကားကို ကြားရသည်။ ကျောင်းသားမိဘများ အနေဖြင့် မိမိသားသမီး ကျောင်းကားပေါ်အတက် အဆင်းပြုလုပ်နေသည့် ပုံရိပ်များ၊ ကျောင်းကားရောက်ရှိနေသည့်နေရာ တည်နေရာတို့ကို လက်ကိုင်ဖုန်းမှတစ်ဆင့် နည်းပညာအသုံးပြုကာ ကြည့်ရှုနိုင်မည့် အခွင့်အရေးတစ်ရပ်ကို အဝါရောင်ကျောင်း ကြို/ပို့ယာဉ်တို့တွင် စမ်းသပ်လျက်ရှိကြောင်း သိရသည်။

အတက်အဆင်းပြုလုပ်သည့်ကတ်ပြားကို ကျောင်းကား အပေါက်ဝရှိ စက်တွင် ကပ်လိုက်သည်နှင့် ယာဉ်ပေါ်တွင် တပ်ဆင်ထားသော ကင်မရာများမှတစ်ဆင့် ကျောင်းသားများ၏ ပုံရိပ်ကို ချက်ချင်းသိရှိနိုင်မည်ဟု သိရသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မိမိသားသမီးကျောင်းကားပေါ်မည်သည့်အချိန်တွင် အတက်အဆင်းပြုလုပ်သည်ကို မိဘများအနေဖြင့် အိုးမကွာအိမ်မကွာ အလုပ်အကိုင်မပျက်ဘဲ စောင့်ကြည့်နိုင်ပေမည်။ အိမ်အပြန်ကျောင်းကားပေါ်တွင် မိမိသားသမီးပြန်ပါလာ- မလာကိုလည်း သိရှိနိုင်ပေမည်။ ထို့ပြင် ယင်းနည်းပညာအရ ကျောင်းကား မည်သည့်နေရာတွင်ရောက်ရှိနေသည်ကိုလည်း တည်နေရာပြစနစ်မှတစ်ဆင့် လက်ကိုင်ဖုန်းဖြင့် သိရှိနိုင်ပေတော့မည်။ မီးပွိုင့်မိနေခြင်း၊ ယာဉ်ပျက်ခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် ကျောင်းကားနောက်ကျမည်ကိုလည်း မမြင်မစမ်းနှင့် စိုးရိမ်စရာမလိုတော့ပေ။ ကိုယ်ကိုယ်တိုင်ဖုန်းမှတစ်ဆင့် ကြည့်ရှုနိုင်ပေတော့မည်။ ကျောင်းသားမိဘများအတွက် ကျောင်းကားကိစ္စနှင့်ပတ်သက်၍ တစ်ဖက်တစ်လမ်းမှ စိတ်အေးကြရတော့မည်ဖြစ်သည်။

သို့သော် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ထို့ထက်ပိုမို လုပ်ဆောင်ရန် ကိစ္စရပ်များကားများစွာ ကျန်ရှိနေပါသေးသည်။ ကိုယ်ပိုင်ကား၊ ကျောင်းကား၊ ခရီးသည်တင်ဘတ်စ်ကားစသော ယာဉ်များအနေဖြင့် သတ်မှတ်ထားသော လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေခြင်း၊ မော်တော်ယာဉ်ရပ်နားဇုန်များ ဖော်ထုတ်ပေးခြင်း၊ ယာဉ်မရပ်ရနေရာများတွင် မော်တော်ယာဉ်များ အလျဉ်းမရပ်စေခြင်း၊ မော်တော်ယာဉ်များအား သတ်မှတ်ယာဉ်လမ်းကြောင်းများအတိုင်း မောင်းနှင်စေခြင်း၊ စည်းကမ်းဖောက်ယာဉ်များအား ထိရောက်စွာအရေးယူစေခြင်းများကို ယခုထက်ပိုမိုလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။ ကျောင်းသားငယ်လေးများ စီးနင်းလိုက်ပါမည့်ယာဉ်သည် မိမိယာဉ်၏ အမှားကြောင့်မဟုတ်ဘဲ အခြားယာဉ်တစ်စီးစီး၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်း အန္တရာယ်ဖြစ်နိုင်သည်ကို သတိမူသင့်ပေသည်။ ထို့ကြောင့် လမ်းများကိုအသုံးပြုသူတိုင်း စည်းကမ်းလိုက်နာရေးကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။

အချုပ်အားဖြင့် တင်ပြရသော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအားလုံး၌ ကျောင်းသား ကျောင်းသူများ သွားလာရေးအတွက် လုံခြုံစိတ်ချမှုကို ပေးစွမ်းနိုင်သော အဝါရောင် ကျောင်းကြို - ပို့ယာဉ် (School Bus) ပိုမို ပေါ်ထွက်လာပြီး ကျောင်းသား ကျောင်းသူလေးများ သာမက မိဘများပါ စိတ်ပူပန်ခြင်းကင်းဝေးစေရန် ဖော်ဆောင်နိုင်သည့် စနစ်သစ်တစ်ရပ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

**ထင်ပေါ်ဝင်း**

**ကျောင်းသား မိဘများ အနေဖြင့် မိမိသားသမီး ကျောင်းကားပေါ်အတက် အဆင်းပြုလုပ်နေသည့် ပုံရိပ်များ၊ ကျောင်းကားရောက်ရှိနေသည့်နေရာ တည်နေရာတို့ကို လက်ကိုင်ဖုန်းမှတစ်ဆင့် နည်းပညာ အသုံးပြုကာ ကြည့်ရှုနိုင်မည့် အခွင့်အရေတစ်ရပ်ကို အဝါရောင်ကျောင်း ကြို/ပို့ ယာဉ်တို့တွင် စမ်းသပ်လျက်ရှိ**

**မြင်ကွင်းသစ်၊ ပုံရိပ်သစ်တွေနဲ့အတူ ထွက်ပေါ်လာတဲ့ အနာဂတ်ရန်ကုန်ဘူတာကြီး ရပ်ဝန်း...မှ**

အထပ်ပေါင်း ၂၄ ထပ်မြင့်တဲ့ Office Towers နှစ်လုံး၊ ကွန်ဒိုခန်းတွေ၊ Serviced apartment နဲ့ ဟိုတယ်အပြင် ရိုးမစင်ထရယ် Commercial Complex တွေကိုလည်း တည်ဆောက်နေပါတယ်။

အဲဒီအဆောက်အအုံတွေ တည်ဆောက်တာဟာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ Marunouchi business district ကို ပုံစံတူ ပြုလုပ်ထားတာဖြစ်လို့ အဆောက်အအုံတွေ တည်ဆောက်ပြီးစီးသွားရင် ဂျပန်နိုင်ငံ တိုကျိုမြို့ရဲ့အစိတ်အပိုင်းတစ်ခုပုံရိပ်အသွင် ပေါ်ထွက်လာဖို့ရှိနေတာ အမှန်ပါပဲ။ ဒီဇိုင်းရော တည်ဆောက်မှုတွေကိုပါ စနစ်တကျအသေးစိတ်ဆောင်ရွက် အကောင်အထည်ဖော်နေတာမို့ ဂျပန်စတိုင်အဆောက်အအုံတွေအဖြစ် ရန်ကုန်မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ကျူးဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။

## ခေတ်မီတိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်တွေက ပေါ်ထွန်းနေပြီ

အဲဒီနေရာ ဝန်းကျင်မှာ လက်ရှိနေအထားမှာတော့ ဆူးလေ ရှန်ဂရီလာဟိုတယ်၊ စင်ထရယ်ဟိုတယ်၊ ဆာကူရာတာဝါတွေအပြင် ဗိုလ်ချုပ်အောင်ဆန်းဈေးနဲ့ အထပ်မြင့် ဈေးရောင်းစင်တာကြီးတွေ ရှိနေတာမို့ ရန်ကုန်မြို့ပြရဲ့ခေတ်မီတိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်တွေက ပေါ်ထွန်းနေပြီ ဖြစ်ပါတယ်။ ဒီပုံရိပ်တွေဟာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကျော်ကာလအတွင်းမှာ ဖြစ်ပေါ်လာတာဖြစ်လို့ လာမယ့်ဆယ်စုနှစ်နှစ်ခုကျော်ကာလမှာတော့ ဒီနေရာဝန်းကျင်ဟာ ပိုမိုပြည့်စုံထူးခြား သစ်လွင်တဲ့ အထပ်မြင့်အဆောက်အအုံတွေ ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။

## ကုမ္ပဏီတွေကို ရွေးချယ်

ဒါ့အပြင် ရန်ကုန်ဘူတာကြီး နယ်မြေကို အဆင့်မြှင့်တင်ဖို့အတွက်လည်း ၂၀၁၇ ခုနှစ်က ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်နေခဲ့တာ ဖြစ်ပါတယ်။ တင်ဒါခေါ်ယူမှု၊ အဆိုပြုလွှာ တင်သွင်းမှု၊ စိစစ်ရွေးချယ်မှုစတဲ့ အဆင့်ဆင့်ဆောင်ရွက်မှုတွေ ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာ စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်မယ့် ကုမ္ပဏီတွေကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းဟာ ကြီးမားတဲ့အတွက် နည်းပညာ၊ ငွေကြေး၊ အတွေ့အကြုံ၊ ကျွမ်းကျင်ပညာရှင်တွေ၊ ပြည့်စုံတဲ့ကုမ္ပဏီကြီးတွေသာ ဆောင်ရွက်နိုင်မယ့် အနေအထားဖြစ်တာမို့ စနစ်တကျရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ရန်ကုန်ဘူတာကြီးနယ်မြေဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားတဲ့ဧရိယာက စုစုပေါင်း ၆၃ ဒသမ ၅ ဧကခန့် ဖြစ်ပါတယ်။ ဆူးလေဘုရား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်မင်းရောင်လမ်းအရှေ့ဘက်မှာရှိပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ထဲမှာ ပါဝင်နေပါတယ်။ အဲဒီစီမံကိန်းကို စင်ကာပူရဲ့ Oxley Holdings၊ မြန်မာမှ Min Dhama နဲ့ တရုတ်မှ Sino Greet Wall ကုမ္ပဏီတွေက အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။

**အချပ်ပို (ဂ) သို့**

**ရန်ကုန်မြို့ရဲ့ ဗဟိုနေရာလောက်မှာ တည်ရှိနေတဲ့ ရန်ကုန်ဘူတာကြီးဟာ မြန်မာနိုင်ငံ တစ်ဝန်းစုစုပေါင်း ၃၁၂၆ မိုင်ခန့် ရှည်လျားတဲ့ ရထားလမ်းကွန်ရက်နဲ့ အဓိကကျပြီး အရေးပါတဲ့အခန်းကဏ္ဍမှာတည်ရှိနေ**



# သာသနာ့အမွေနှင့် အနုပညာသည်များ အခြေချအောင်မြင်ရာ ရွှေတိုင်မြေ

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး**

**ရန်ကုန်**တိုင်းဒေသကြီးအတွင်းရှိ ကြည့်မြင်တိုင်မြို့နယ်(ခ) ရွှေတိုင်မြေသည် သာသနာ့အမွေ ဘုရားကျောင်းကန်စေတီများ အလွန်ပေါများရာ သာသနာ့အမွေခံနယ်မြေကြီးတစ်ခုဖြစ်သကဲ့သို့ သာသနာတော်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် သာသနိကအနုလက်ရာရှင်ကောင်းများ ပေါ်ထွန်းရာ၊ ရောင်းဝယ်ဖောက်ကားစည်ကားရာ အဝန်းအဝိုင်းကြီးလည်း ဖြစ်လေသည်။

နေထိုင်ရာအရပ်ဖြစ်သည်။

"အုန်း၊ အင်၊ ရုန်း၊ သံ-ကုလား-မြန်-ဝေရန်- ပထမ"ဟု စာအလင်္ကာနှင့်အညီ ကောဇာသက္ကရာဇ် ၁၁၈၆ ခုနှစ်၊ ခရစ်နှစ် ၁၈၂၄ ခုနှစ် ဘကြီးတော်မင်းတရားလက်ထက်ပထမမြန်မာ အင်္ဂလိပ်စစ်ပွဲတွင် အင်္ဂလိပ်တို့ သိမ်းပိုက်သောကြည့်မြင်တိုင်တပ်ကို စစ်သူကြီးမဟာဗန္ဓုလတပ်များက ဝင်ရောက်တိုက်ခိုက်ရာတွင် လှိုင်မြစ်အတွင်း မီးဖောင်များဖြင့် မျှော၍ တိုက်ခဲ့သည့် အလွန်ကျယ်ဝန်းသော တိုက်နယ်ကြီးတစ်ခုဖြစ်ခဲ့သည်။ ယခုစမ်းချောင်းမြို့နယ်သည် ယခင်က အရှေ့ကြည့်မြင်တိုင်တိုက်နယ်အတွင်း ပါဝင်ခဲ့သည်ကို ရှေးဟောင်းလက်ရာ အဆောက်အအုံစာရင်းဝင် " မဟာနာဂဝံသ" ကျွန်းတောကျောင်းတိုက်တည်ကမ္ပည်းကျောက်စာအရ သိရသည်။



ကျောင်းကြီးတိုက်သိမ်အတွင်းမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ

### သာသနာ့နယ်မြေ

ကြည့်မြင်တိုင်တိုက်နယ်သည် အထက်ကဆိုသကဲ့သို့ သာသနာ့အမွေခံ ကျောင်းတိုက်ကြီးများ အလွန်ပေါများရာ ရပ်ဝန်းတစ်ခုဖြစ်သည်။ ရှေးဟောင်းသမိုင်းတင် သမိုင်းဝင် ဗားကရာကျောင်းတိုက်၊ ကျွန်းတောကျောင်းတိုက်၊ ဥယျာဉ်တိုက်တို့ဖြစ်ပြီး ယခုလက်ရှိ ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ကျယ်ဝန်းသည့် စာသင်သား၊ သံဃာများပြားသော ကျောင်းတိုက်ကြီးလေးတိုက်ရှိပြီး ဘုန်းတော်ကြီးကျောင်းပေါင်း ၂၁ ကျောင်း၊ ဝါဆိုသံဃာအပါး ၆၀၀ ကျော် နှစ်စဉ်သီတင်းသုံးရာ သာသနာ့နယ်မြေလည်း ဖြစ်ပေသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း နှစ်ပေါင်း ၁၀၀ ကျော် တည်ရှိနေသော ဘုန်းကြီးကျောင်းများအနက် သက်တမ်းအရှည်အကြာဆုံးသောကျောင်းမှာ အိုးဘိုရပ်ကွက်ရှိ"ကျောင်းကြီးတိုက်" ဖြစ်သည်။

အချပ်ပို (ဃ)သို့



အလှူရှင် သီရိသုဓမ္မဇောတိကဓဇ ဦးအောင်သန်းစိန်က သီလရှင်များအား ဝတ္ထုငွေစတင်လောင်းလှူရန် အချက်ပြစဉ်။

ကြည့်မြင်တိုင်၏ သမိုင်းကို ပြန်ပြောင်းစေ့ငုကြည့်ပါက ရန်ကုန် မြို့၏ သမိုင်းမှတ်တမ်းကို အစဉ်လေ့လာပြုစုနေသော ဆရာမောင်မြတ်မွန် (ဆူးလေ)နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးခင်လှိုင်(ဇောတိက)တို့၏ ပြုစုထားမှုအရ ဂန္ဓလရာဇ်တိုင်းပြည့်ရှင် ဘုရင်ဥတိမင်းက သမက်တော်မွန်အမျိုးသားလူစွမ်းကောင်း မောင်ကန်အား ရွှေတိဂုံစေတီတော်၌ ဌာပနာထားသော ဗုဒ္ဓဆံတော်အား ကိုးကွယ်လို၍ ဆောင်ယူခိုင်းရာမှ မောင်ကန်သည် ဝိဇ္ဇာအတတ်ပညာဖြင့် မြေလျှိုး၍ ရွှေတိဂုံသို့ လာခဲ့သည်ဟု ဆိုထားသည်။

### ကြည့်မြင်တိုင်ဟု အမည်တွင်

မြေလျှိုးလာရာမှ မည်သည့်နေရာသို့ ရောက်နေသည်ကို သိလို၍ မြေပေါ်သို့ ပြန်တက်ကြည့်ရာ ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်တွေ့မြင်လိုက်ရသည်ဟု ဆိုသည်။ ယင်းနေရာမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည့်၍မြင်နိုင်သော အရပ်ဖြစ်၍ "ကြည့်မြင်တိုင်"ဟု အမည်တွင်စေခဲ့သည်ဟု မှတ်တမ်းတစ်စောင်ကို ဖတ်ခဲ့ရဖူးသည်။

ကြည့်မြင်တိုင်သည် မွန်ဘာသာဖြင့်" ကွာချင်ဒိန်ဒိန်" အသံထွက်အားဖြင့် "ကွာချင်"ဟု ကြားသိအဓိပ္ပာယ်ရပေသည်။ ကြည့်မြင်တိုင်သည် မြစ်နှင့် နီးသည့်အခါ မြစ်ရေများ အစဉ်မြင့်တက်လာမှုကြောင့် ရွှံ့နွံထူထပ်သောနေရာဖြစ်သည်။ အလောင်းမင်းတရားကြီးလက်ထက်က ဘုရင့်လေ့လှော်သားများစုစည်း သမိုင်းမှတ်တမ်းလည်းရှိခဲ့သည်။

သာယာဝတီမင်းလက်ထက်တွင် ကြည့်မြင်တိုင်မှာ မြို့အသွင်အဖြစ် ပြောင်းလဲလာခဲ့သည်။ မြစ်ကမ်းခြေတစ်လျှောက် ရွာတန်းရှည်ကြီး ဖြစ်ခဲ့သည်။ အရေးပါသော ဆိပ်ကမ်းနယ်မြေဖြစ်ခဲ့သည်။ ဦးမှိုင်းက မြို့သူကြီးအဖြစ် အုပ်ချုပ်ခွင့်ရခဲ့သည်။ ကမ်းနားအနီးတွင် တစ်ဖြောင့်တည်းသော လမ်းရှည်ကြီးတစ်ခုရှိခဲ့သည်။ ထိုလမ်းမှာ "ဦးကွယ်ဟိုးလမ်း"ဟု မှတ်တမ်းတွင် ဖော်ပြထားသည်။ ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အင်္ဂလိပ်တို့က ကြည့်မြင်တိုင်တစ်မြို့လုံးကို အရယူသိမ်းပိုက်ခဲ့သည်။

### ရွှေတိုင်မြေ၏ အောင်မြေ

" အောက်၊ က၊ ငြိမ်း၊ ဆင်၊ တိဂုံသျှင်ထီးတော်တင်သည့်နှစ် "ဆိုသည့် အချိုးအတိုင်း ကောဇာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မင်းတုန်းမင်းကြီးက ထီးတော်တင်လှူခဲ့သည်။ ထီးတော်တင်လှူရာတွင်လည်း သံတမန်ပရိယာယ်ဖြင့် ပန်းပဲဝန်ကြီးကို တင်လှူစေခဲ့သည်။ ထီးတော်ဘုံအဆင့်ဆင့်တင်လှူရာတွင် "ကြည့်မြင်တိုင်သူကြီး မောင်ဘို"က တတိယဘုံအဆင့်ကို နယ်သူနယ်သားများဖြင့် သယ်ဆောင်တင်လှူခွင့်ရခဲ့သည်မှာ ရွှေတိုင်မြေ၏ အောင်မြေတစ်ရပ်အဖြစ် မော်ကွန်းတင်ထားမှုကို လေ့လာခွင့်ရခဲ့သည်။

ကြည့်မြင်တိုင်နယ်မြေသည် အင်္ဂလိပ်တို့ အုပ်စိုးစဉ်က



သာစုကျောင်းတိုက် မုခ်ဦး။

---

**အချပ်ပို (ခ) မှ**


ဒီစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ ဟိုတယ်တွေ၊ အထပ်မြင့်အိမ်ရာတိုက်ခန်းတွေ၊ အဆင့်မြင့်ဈေးရောင်းစင်တာကြီးတွေနဲ့ Office Tower တွေ ပါဝင်မှာဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကို စုစုပေါင်းရှစ်နှစ်ခန့် ကြာမြင့်နိုင်မယ်လို့ ခန့်မှန်းထားပြီး ငွေကြေးကုန်ကျမှုက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်ရှိမယ်လို့လည်း မျှော်မှန်းတွက်ချက်ထားပါတယ်။ ဒီလိုအကောင်အထည်ဖော်တည်ဆောက်မယ့် ကြမ်းခင်းဧရိယာစုစုပေါင်းက ၁ ဒသမ ၀၉ သန်း စတုရန်းမီတာရှိမှာဖြစ်ပြီး ဒီစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတစ်သိန်းခန့် ထွက်ပေါ်လာနိုင်မယ်လို့လည်း ခန့်မှန်းတွက်ချက်ထားပါတယ်။

တကယ်တော့ ရန်ကုန်မြို့ရဲ့ဗဟိုနေရာလောက်မှာတည်ရှိနေတဲ့ ရန်ကုန်ဘူတာကြီးဟာ မြန်မာနိုင်ငံတစ်ဝန်းစုစုပေါင်း ၃၁၂၆ မိုင်ခန့် ရှည်လျားတဲ့ ရထားလမ်းကွန်ရက်နဲ့ အဓိကကျပြီး အရေးပါတဲ့အခန်းကဏ္ဍမှာ တည်ရှိနေပါတယ်။ အဓိကအဝေးပြေးရထားလမ်းတွေဖြစ်တဲ့ ရန်ကုန်-မန္တလေး-မြစ်ကြီးနားလမ်းနဲ့ လားရှိုးလမ်းအထိ ခရီးပေါက်ရောက်ပြီး ရန်ကုန်-မော်လမြိုင်-ထားဝယ်အထိလည်း ရထားလမ်းကွန်ရက်ရှိနေပါတယ်။ ဒါ့အပြင် ရန်ကုန်-ပြည်လမ်းမှ ပုဂံအထိ ရထားလမ်းချိတ်ဆက်ထားတာမို့ နိုင်ငံတစ်ဝန်းရထားလမ်းကွန်ရက်ရဲ့ အဓိကနေရာမှာရန်ကုန်ဘူတာကြီးတည်ရှိအရေးပါနေတာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ရဲ့၄၆ ကီလိုမီတာရှည်တဲ့ မြို့ပတ်ရထားလမ်းပြေးဆွဲမှုမှာလည်း ရန်ကုန်ဘူတာကြီးက အဓိကနေရာမှာတည်ရှိနေပါတယ်။ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာတဲ့ ရန်ကုန်မြို့ ဆင်ခြေဖုံးဧရိယာတွေအထိ မြို့ပတ်ရထားလမ်းကွန်ရက်ချိတ်ဆက်ထားတဲ့ ရန်ကုန်ဘူတာကြီးရပ်ဝန်းဟာ တစ်နိုင်ငံလုံး ရထားစီးခရီးသည်တွေအတွက်ရော၊ ရန်ကုန်မြို့ကြီးအတွက်ပါ အရေးပါတဲ့တည်ရှိမှုအဖြစ် ရပ်တည်နေပါတယ်။

ဒါကြောင့် ဒီနေရာ၊ ဒီနယ်မြေဟာ နိုင်ငံတကာအဆင့်မီအဆောက်အအုံတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်နေတာတော့ အမှန်ပါပဲ။ အခုဆိုရင် ဒီနယ်မြေကို ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနိုင်ဖို့အတွက် ဆန်းသစ်တဲ့ဒီဇိုင်းတွေနဲ့ ခေတ်မီအထပ်မြင့် အဆောက်အအုံတွေ ထွက်ပေါ်လာတော့မှာဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်းရဲ့ အဓိကနယ်မြေတစ်ခုဖြစ်တဲ့ ရန်ကုန်ဘူတာကြီးရပ်ဝန်းမှာတော့ လာမယ့်ဆယ်စုနှစ်ခုခန့်မှာ တိုးတက်လာမယ့်လူဦးရေ ပြောင်းလဲလာမယ့် မြို့ပြအသွင်အပြင်တွေနဲ့အတူ သစ်လွင်ဆန်းသစ်တဲ့ တိုးတက်မှုပုံရိပ်တွေနဲ့ ဝေဆာနေမှာတော့ အမှန်ပါပဲ။



# ရန်ကုန်မိုးနှင့်မြို့ပြလမ်းများ ...

ယနေ့ရန်ကုန်မြို့၏ ကားလမ်းမများသည် နံနက်မိုးသောက်အလင်းရောက်သည်နှင့် ယာဉ်များစီစီရီရီဖြင့်ပိတ်ဆို့လျက် ပြည်သူများသွားလာနေရသည်ကိုတွေ့မြင်ရမည်ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ပြလမ်း ကတ္တရာလမ်းများ ဆိုးရွားစွာပေါက်ပြဲမှုကြောင့် မိုးရွာချိန်တွင် ပွင့်လင်းရာသီထက် ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို ပို၍ကြုံတွေ့လာရလျက်ရှိသည်။

ရန်ကုန်မြို့တွင် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုမှာ ယနေ့တိုင်မပြောင်းလဲသောမြို့ပြ၏ ပြယုဂ်တစ်ခုအဖြစ် တွေ့မြင်ရလျက်ရှိသည်။ ရန်ကုန်မြို့သို့ အဓိကဆက်သွယ်ထားသည့် လမ်းမကြီးသုံးခုမှာ ယာဉ်ကြောများ ပိတ်ဆို့လျက်ရှိရာ ယနေ့တိုင် ဖြေရှင်းနိုင်သောနည်းလမ်းကို ရှာဖွေနေဆဲပင်။ မြို့ပြလမ်းများနှင့်မကိုက်ညီသော ယာဉ်များတိုးပွားလာသည်ဆိုလျှင် ထိုယာဉ်များကို ထိန်းချုပ်နိုင်ပါက လက်ရှိရင်ဆိုင်နေရသော ယာဉ်ကြောပိတ်ဆို့မှုကို အနည်းငယ်ပြေလျော့စေမည် ဖြစ်သည်။ ယာဉ်အစီးရေများပြားမှုကြောင့် မိုးရာသီတွင်လမ်းများပေါက်ပြဲသည်ဆိုပါက တစ်ပေါက်တွေ့လျှင် တစ်ပေါက်ဖာထေးနိုင်ပါက ပိုမိုဆိုးရွားလာမည့်အခြေအနေကိုတားဆီးနိုင်မည် ဖြစ်သည်။ ရန်ကုန်-ပုသိမ်ကား လမ်းဖြစ်သော ဘုရင့်နောင် အမှတ် -၁ နှင့် အမှတ်- ၂ တံတားအဆင်းမှစ၍ အပိုင်းလိုက်အဖြစ် ၁၁ ပေအကျယ် ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးကို ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ စက်မှုဇုန်ယာဉ်များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားအင်ဂျင်နီယာဌာနမှရရှိသောဘတ်ဂျက်နှင့်အညီ ခင်းကျင်းလျက်ရှိရာ တံတားအဆင်းတပ်ထိပ်မှတ်တိုင်ရှေ့ရှိ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးမှာ လုပခံ့ညားစွာဖြင့် ပေါ်ထွန်းလာပြီဖြစ်သည်။ ရန်ကုန်မြို့အဝင် ထိုလမ်းမကြီးလေးလမ်းမှာ ယာဉ်ကြောနေ့စဉ်ပိတ်ဆို့မှုကြုံတွေ့နေရသော ကားလမ်းမများလည်း ဖြစ်သည်။ ထိုလမ်းမကြီးများမှ အမှတ် -၂ ဘုရင့်နောင်တံတားအဆင်း တပ်ထိပ်မှတ်တိုင်ရှေ့တွင်



ရန်ကုန်-ပုသိမ်ကားလမ်းမကြီး ရှစ်လမ်းသွားခင်းကျင်းနေစဉ်။

ခင်းကျင်းနေသော ရှစ်လမ်းသွားနေရာမှာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးမှုကြောင့် ဖြောင့်ဖြူးနေသောကွန်ကရစ်လမ်းမကြီးပေါ်တွင် ယာဉ်များပိတ်ဆို့မှု ကင်းလျက် သွားလာနေကြသည်မှာ ရန်ကုန်မြို့၏အလှကို ပေါ်လွင်စေလျက်ရှိသည်။

အထူးသဖြင့် ခရီးသွားပြည်သူနှင့် ဝန်ထမ်းများ နံနက်ညနေရုံးတက်၊ ရုံးဆင်းချိန်တွင်၏ တံတားပေါ်ထိယာဉ်တန်းကြီး ပိတ်ဆို့မှုကင်းဝေးသွားပြီ ဖြစ်သည်။ အမှတ်-၂ဘုရင့်နောင်တံတားအဆင်းမှ ပေ ၅၀၅၀ ထိ တစ်ဖက် လေးလမ်းသွားဖြင့် ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးပြီးစီးသွားပါက လှိုင်သာယာ ရန်ကုန်-ပုသိမ်နှင့် ရန်ကုန်-ညောင်တုန်း ကားလမ်းမကြီးသည် (ကွန်ကရစ်ခင်းကျင်းသောအပိုင်းများ) ဖြောင့်ဖြူးလှပလျက် မြို့ပြအင်္ဂါနှင့်အညီ တင့်တယ်နေမည်မှာ အမှန်ပင် ဖြစ်သည်။ အထူးသဖြင့် ထိုလမ်းပေါ်မှ ကျူးကျော်ဈေးဆိုင်များနှင့် အမြင်မတင့်တယ်သောအရာများကို ရှင်းလင်းဖယ်ရှားနိုင်၍သာ ထိုသို့မမျှော်လင့်ခဲ့သော ကွန်ကရစ်လမ်းမကြီးကို ခင်းကျင်းနိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့၏ အဝင်လမ်းတစ်ခုဖြစ်သော အောင်ဇေယျကြိုးတံတားအဆင်း ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးကိုလည်း ကွန်ကရစ်လမ်းခင်းကျင်းလျက်ရှိရာ ရန်ကုန်-ပုသိမ်ကားလမ်းရှိ တပ်ထိပ်မှတ်တိုင်ရှေ့ရှိ ကားလမ်းမကြီးကဲ့သို့ ပြီးစီးမှုမရှိသေးသောကြောင့် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့နေရဆဲဖြစ်သည်။ အောင်ဇေယျကြိုးတံတားအဆင်း တံတားချဉ်းကပ်လမ်းမှ ကတ္တရာလမ်းမှာဆိုးရွားစွာပျက်စီးလာမှုကြောင့် မိုးရာသီတွင် တံတားအတက်၊ အဆင်း ယာဉ်များသွားလာရေး ခက်ခဲနေဆဲဖြစ်သည်။ မြစ်ကူးတံတားလေးစင်းတွင် အောင်ဇေယျကြိုးတံတားအဆင်းမှာ လေးဖက်လေးတန်သို့ ယာဉ်များသွားလာနိုင်ရန် မီးပွိုင့်ထားရှိသော်လည်း တံတား၏ ချဉ်းကပ်လမ်းအတက်၊ အဆင်းတွင် လမ်းများပေါက်ပြဲနေမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို နံနက်၊ ညနေပိုင်းတို့တွင် ပို၍ကြုံတွေ့နေရခြင်း ဖြစ်သည်။ ထိုတံတားအဆင်းတွင် ရွှေလင်ပန်းစက်မှုဇုန်သို့ သွားသောလမ်းနှင့် တပင်ရွှေထီးလမ်းမကြီးကို တစ်ဖက်တစ်ချက်စီတွင် ဆက်သွယ်ထားရှိသည့်အတွက် ကွန်ကရစ်လမ်းခင်းကျင်းပြီးသည့်တိုင် ယာဉ်ကြောပိတ်ဆို့မှုကို ဆင်လက်ကြုံတွေ့နေရမည်သာ ဖြစ်သည်။ လျှပ်စစ်မီး မကြာခဏပြတ်တောက်မှုကြောင့် မီးပွိုင့်ပျက်ခြင်း၊ ယာဉ်များကို အချက်ပြမည့်သူ အချိန်ပြည့်မရှိခြင်း၊ လမ်းဆုံတွင် စည်းကမ်းမဲ့ဆိုင်ကယ်၊ ဆိုက်ကားနှင့်ယဉ်များ ရပ်တန့်ခြင်းနှင့် တံတားအဆင်းတွင်ကွေ့ကြောလမ်းထားရှိခြင်းတို့ကြောင့်အောင်ဇေယျကြိုးတံတားအဆင်း မီးပွိုင့်သည်အမှတ် - ၁၊ ၂ဘုရင့်နောင်တံတားတို့ထက်တံတားပေါ်တွင် ယာဉ်များယာဉ်ကြောပိတ်ဆို့မှုကို ကွန်ကရစ်လမ်းခင်းကျင်းပြီး နောက်ပိုင်းတွင်လည်း ဆက်လက်ကြုံတွေ့ရဖွယ်ရှိသည်။

ရန်ကုန်မြစ်ကူးတံတားတစ်စင်းဖြစ်သော ရွှေပြည်သာတံတားဖြစ်သည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သွား အနော်ရထာလမ်းမကြီးတွင်လည်း ကွန်ကရစ်လမ်းခင်းကျင်းလျက်ရှိရာ ကျန်သောလမ်းမကြီးနှစ်ခုထက်စောစီးစွာခင်းကျင်းခဲ့၍ ယာဉ်ကြောပိတ်ဆို့မှုနေ့စဉ်ဖြစ်ပေါ်သော လမ်းမကြီးမှာ ကွန်ကရစ်လမ်းခင်းကျင်းမှုပြီးသွားပါက စက်မှုဇုန်အတွက် အထူးအားကိုးအားထားပြုရာလမ်းမကြီးအဖြစ် ရွှေလင်ပန်းစက်မှုဇုန်မှကုန်စည်များ စီးဆင်းမှုမြန်ဆန်ခြင်းအကျိုးရလဒ် ရရှိစေမည် ဖြစ်သည်။

ယခုမိုးရာသီတွင် မြစ်ကူးတံတားများပေါ်မှ ကတ္တရာလမ်းအချို့ပေါက်ပြဲနေပြီး ဘုရင့်နောင်ခုံးကျော်တံတား (အင်းစိန်လမ်း) ပေါ်တွင်လည်း လမ်းအချို့ပေါက်ပြဲလျက်ရှိသည်။ အထူးသဖြင့် ဘုရင့်နောင်ပွဲရုံဘက်ခြမ်းရှိ အမှတ်(၁)၊(၂)ဘုရင့်နောင်တံတားအဆင်းနေရာတို့တွင် မိုးရာသီချိုင့်ခွက်များ ပို၍ကြီးမားလာသည့်အတွက် ညပိုင်းတွင်တံတားပေါ်မှ ဆင်းသောယာဉ်များ ချိုင့်ခွက်များကြောင့် သွားလာရေးအခက်အခဲကြုံတွေ့နေလျက်ရှိသည်။ အင်းစိန်လမ်း၊ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းရှိကတ္တရာလမ်းအချို့ပေါက်ပြဲလာမှုကြောင့် မိုးရာသီယာဉ်ကြောကျပ်မှုကို တွန်းအားပေးသကဲ့သို့ ဖြစ်ပေါ်လျက်ရှိသည်။

ရန်ကုန်မြို့ပြ၏ ဝေဇယန္တာလမ်းမကြီး၊ ကမ္ဘာအေးလမ်းမကြီး၊ ပြည်လမ်းနှင့် ကမ်းနားလမ်းတို့တွင် မိုးရာသီကတ္တရာလမ်းများပေါက်ပြဲစပြုလျက်ရှိသည့်အပြင် ယာဉ်များဖြတ်သန်းသော ခုံးကျော်တံတားအချို့မှာလည်း လမ်းများပေါက်ပြဲနေသောကြောင့် ယာဉ်မောင်းသူများ တစ်ဦးနှင့်တစ်ဦး နားလည်သည်းခံ၍ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရန်လိုအပ်ပြီးအချိန်မီပြုပြင်ဖာထေးနိုင်ပါက မိုးများသောရာသီတွင် လမ်းပိုင်းများ ပို၍ပျက်စီးလာမှုကိုအချိန်မီတားဆီးနိုင်မည် ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း ဖြတ်သန်းသွားလာရာတွင် သတိပြုမောင်းနှင်ကြကာ လမ်းများပို၍ ပျက်စီးမှုနည်းပါးစေရန်၊ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရန် နိုင်ငံတော်နှင့်ပြည်သူလက်တွဲညီညီဟန်ချက်ညီဖြင့် ရန်ကုန်မြို့ပြအင်္ဂါနှင့်အညီ ယာဉ်အန္တရာယ် ကင်းရှင်းစေပြီး ယာဉ်ကြောပိတ်ဆို့မှု လျော့ကျပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

**သော်တာနမ့်စန်**

---

**အချပ်ပို (ဂ) မှ**

သာယာဝတီ၊ ကုန်းဘောင်ဆက်ရွှေဘိုမင်းလက်ထက် ၁၂၀၁ ခုနှစ်တွင် လေ့သူကြီး ဦးပေါ်လက တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ကျောင်းတိုက်၏ ပထမဆုံးဆရာတော်မှာ ဦးကေတု ဖြစ်သည်။ ကျောင်းတိုက်သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၇၉ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

သက်တမ်းအားဖြင့် ဒုတိယအရှည်ကြာဆုံးသော



စလင်းကျောင်းတိုက်မှ ရှေးဟောင်းခေါင်းလောင်းငယ်

ကျောင်းတိုက်မှာ ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ "သာခုပရိယတ္တိစာသင်တိုက်"ကြီး ဖြစ်သည်။ သက်တမ်းအားဖြင့် နှစ် ၁၆၀ ရှိခဲ့ပြီ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်တွင် ကျောင်းတိုက်ကြီး၏ ပထမဦးစီးပဓာန နာယကဆရာတော်ဖြစ်သော ဦးစက္ကိန္ဒာအား အလှူရှင် ဦးသာအေး- ဒေါ်မိန်းကလေးတို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## စလင်းကျောင်းတိုက်

တတိယ တည်ထောင်သောကျောင်းတိုက်မှာ ပန်းပင်ကြီးလမ်းနှင့် ဉယျာဉ်လမ်းအကြားတွင် တည်ရှိသော "စလင်းကျောင်းတိုက်" ဖြစ်သည်။ စလင်းကျောင်းတိုက်ကို "အေး၊ ငြိမ်း၊ ခန့်၊ တည်-စလင်းတည်" ဟု စာချိုးအရ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ် ခရစ်နှစ် ၁၈၆၅ ခုနှစ်တွင် ဦးမောင်ပု၊ ဦးသာဦး ညီအစ်ကို နှစ်ဦးက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကျောင်းထိုင်ဆရာတော်ကြီးအား အစွဲပြု၍ စလင်းကျောင်းတိုက် အဖြစ် ထင်ရှားခဲ့သည်။

ထို့အပြင် ကျောင်းတိုက်ဝင်းတစ်နေရာ၌ ရှေးဟောင်းသံခေါင်းလောင်းကြီးတစ်ခု လှူဒါန်းထားမှုကိုလည်း မှတ်တမ်းယူခဲ့သည်။ ထိုသံခေါင်းလောင်းအပေါ်နား၌ "၁၂၅၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် သွန်းလုပ်သည်" ဟု ရှေးသတ်ပုံရေးနည်းအတိုင်း ထွင်းထုထားသည်ကို တွေ့ခဲ့ရသည်။ ကျောင်းတိုက်ကြီးဘေးရှိ ဘောလုံးကွင်းကိုပါ "စလင်းကွင်း" ဟု အမည်တပ်ခဲ့ကြသည်။

ကြည့်မြင်တိုင်သည် သာသနာ့အမွေခံကျောင်းတိုက်ကြီးများပေါ်ထွန်းရာ ရပ်ဝန်းဖြစ်သည်နှင့်အညီ သံဃာတော်များ အသုံးအဆောင်ဖြစ်သည့် သင်္ကန်းပရိက္ခရာဆိုင်ကြီးများလည်း ပေါများလှပေသည်။ အထက်ကြည့်မြင်တိုင် လမ်းမတစ်လျှောက် ထိုဆိုင်များကို တွေ့မြင်ရမည်ဖြစ်သည်။

ရန်ကုန်မြို့၌ သင်္ကန်းပရိက္ခရာဆိုင်များ၏ မူလအစသည် ကြည့်မြင်တိုင် ဦးကြွယ်ဟိုးလမ်း၌ ရှိခဲ့သည်။ ကိုလိုနီခေတ်တွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် "ဦးကြွယ်ဟိုး" က ဖွင့်လှစ်ခဲ့သော ဆိုင်ဖြစ်သည်။

## အစဉ်အလာကြီးခဲ့သော ဦးကြွယ်ဟိုးလမ်း

သမိုင်းအစဉ်အလာကြီးမားခဲ့သော ဦးကြွယ်ဟိုးလမ်းမှာ ယခုတိုင်သာသနာ့အမွေကို ဆက်ခံနေမြဲ၊ ပေးလှူမြဲဖြစ်သည်ကို တွေ့မြင်နိုင်ကြမည်ဖြစ်သည်။ ကမ်းနားလမ်းမှသည် အထက်ကြည့်မြင်တိုင်အကြားတည်ရှိပြီး ပေအားဖြင့် ၁၂၀၀ ကျော် ရှည်လျားသော ဖြောင့်တန်းနေသည့်လမ်းဖြစ်သည်။

ထိုမှရှည်လျားသောလမ်းတွင် လပြည့်၊ လကွယ်၊ အဖိတ်နေ့ နံနက်တိုင်း သာသနာ့နွယ်ဝင်သီလရှင်များဖြင့် ခြေတစ်ဖွား ချစရာနေရာမလပ် အပြည့်ရှိနေသည်။ လမ်းဘေးဘယ်ညာ တစ်ဖက်တစ်ချက်စီတွင် အလှူခံစောင့်ဆိုင်းနေသော ဆရာကြီး ဆရာလေးများအား အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်၊ ဇနီးဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း မိသားစုနှင့်အတူ စေတနာရှင်လမ်းသူလမ်းသားအပေါင်းက ဝတ္ထုငွေများ လောင်းလှူနေခြင်းပင် ဖြစ်သည်။

လောင်းလှူရာတွင် ရန်ကုန်တစ်မြို့လုံးရှိ သီလရှင်ကျောင်းတိုက်မှ ကြွလာသော သီလရှင်များအား သက်တော် ၆၀ နှင့် အထက်တစ်ပါးလျှင်ငွေကျပ် ၁၀၀၀ စီ၊ ထို့နောက်ငွေကျပ် ၁၀၀၀ အုပ်အကြားတွင် ငါးရွက်စီခြား၍ ငွေကျပ် ၅၀၀၀ တန် တစ်ရွက်စီ ညှပ်ကာ သီလရှင်အားလုံးအား လောင်းလှူသွားခြင်းပင်ဖြစ်သည်။ ကံထူးသော သီလရှင်ဆရာကြီးများအနေဖြင့် ကျပ် ၆၀၀၀၊ အလှူခံရှိနိုင်သော ဒါနပန်းခင်းနေသော လမ်းဖြစ်ပေသည်။ ဤသို့လှူဒါန်းမှုမှာလည်း အလှူရှင်၏ ပြောပြမှုအရ ၁၉၉၁ ခုနှစ်က စတင်ခဲ့သည်ဟု သိရသည်။

ကြည့်မြင်တိုင်သည် သာသနာဝင်မှတ်တိုင်များ ခိုင်ခိုင်မာမာရှိသည့်အပြင် အနုပညာရှင်ကြီးများအခြေချအောင်မြင်ခဲ့ရာ "ရွှေတိုင်မြေ" လည်းဖြစ်သည်။ အမျိုးသားရေးလှုံ့ဆော်တေးများရေးသားခဲ့သော "ရွှေတိုင်ညွန့်" အပါအဝင် ဇာတ်၊ ရုပ်ရှင်၊ ဂီတပညာရှင်ကြီးများ အခြေချရာ မြေကောင်းဖြစ်ခဲ့သည်။

## နာမည်ကျော်အနုပညာရှင်များ

ဝစန ဆိုင်(ခ) ဦးအုံးဆိုင်(ခ)ဂီတစာဆိုကြီး ရွှေတိုင်ညွန့်ကို ဇာတ်လူရွှင်တော်ကြီး ဦးကြင်ခဲ၊ ဒေါ်အေးမျှင်တို့မှ မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ အနုပညာ မျိုးရိုးအစဉ်အဆက်ရှည်လျားလှသည်။ အဘိုးနန်းတွင်းသဘင်ပညာရှင်ကြီးဆရာလင်းမှသည် သားစဉ်မြေးဆက် နာမည်ကျော်အနုပညာရှင်များ ဖြစ်ကြသည်။

ထို့အတူ ရုပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်အေး၊ မင်းသားကြီး ဦးတင်ညွန့်၊ မင်းသမီးကြီးဒေါ်အေးအေးသင်း၊ ဆိုင်းဆရာကြီးများအဖြစ် ဦးစိန်လှမြိုင်၊ ဦးစိန်ဗိုလ်တင့်၊ ဇာတ်မင်းသားကြီးအဖြစ် ဦးအောင်မောင်း၊ မွန်ကျော်မြင့်၊ အငြိမ့်မင်းသမီးကြီးများအဖြစ် ရွှေလိပ်ပြာ ဒေါ်အေးကြည်၊ လွတ်လပ်ရေးအောင်သန်းတင်၊ အဆိုတော်ကြီးများအဖြစ် ဦးမျိုးမြင့်လေး၊ မြန်မာပြည်ဦးသိန်းတန်တို့မှာ ရွှေတိုင်ဖွားများ မဟုတ်သော်လည်း ရေခံမြေခံကောင်းသော ရွှေတိုင်မြေမှ အခြေချထင်ရှားကျော်ကြားသော အနုပညာရှင်ကြီးများဖြစ်ပေသည်။ ။